# Enjoy Your Bible

# (Burmese)

By William MacDonald

Copyright 2010 by William MacDonald

www.william-macdonald.org

# သင်၏သမ္မာကျမ်းစာနှင့်မွေ့လျော်ခြင်းရှိပါ

# Enjoy Your Bible

ဤစာအုပ်တွင် အသုံးပြုထားသော ကျမ်းပိုဒ်များအားလုံးသည် New King James version မှ ကိုးကားထားခြင်းဖြစ်သည်။

**တွဲဖက်စာရေးသူ၏ အမှာစာ (စကားချီး)**

ဤစာအုပ်၏ မျက်နှာဖုံးခေါင်းစဉ်ဖြစ်သည့်ပျော်မွေ့ခြင်း (မွေ့လျော်ခြင်း) နှင့်ဖတ်ရှုလေ့လာခြင်းဟူသည့် စကားလုံးသည် လူအများ၏သဘောကိုဆန့်ကျင်ဘက်ပြုသောဝေါဟာရဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ပါဝင်သော သင်ခန်းစာများနှင့်အတူတသမတ်တည်းသဘောတူညီမှုရှိအောင် ဖြစ်နိုင်ချေအလားလာရှိသည့် ခေါင်းစဉ်များကိုလည်း ကျွန်ုပ်တို့ဆက်လက်ဖေါ်ပြနေမည်မဟုတ်တော့ပါ။ သို့ဖြစ်စေကာမူ ခရစ်ယန်တစ်ဦးတစ်ယောက်အနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာသောအခါ အနည်းဆုံးတော့ မွေ့လျော်စရာ၊ ပျော်ရွှင်ကြည်နူးစရာ၊ ဝမ်းမြောက်စရာအဖြစ် ခံစားတတ်သင့်ပေသည်။ ယောဘနှင့်ဆာလံစပ်ဆိုသူတို့သည် အထက်ပါကဲ့သို့ ထပ်တူထပ်မျှခံစားခဲ့ကြပေသည်။

"ထားတော်မူသောပညတ်တို့ကို ငါမပယ်။ နှုတ်တော်ထွက်စကားတို့ကို ငါရင်ခွင်၌သိုထားပါ၏" (ယောဘဝတ္ထု ၂၃း၁၂)။ "ထာဝရဘုရား၏ စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍၊ ကာလအစဉ်အမြဲတည်၏။ ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက် ချိုကြ၏" (ဆာလံကျမ်း ၁၉း၉ - ၁၀)။

"နှုတ်တော်ထွက်တရားတော်သည် ရွှေငွေအထောင်အသောင်းထက်မက၊ အကျွန်ုပ်၌သာ၍ကောင်းပါ၏။ ကိုယ်တော်၏တရားကို အကျွန်ုပ်သည်အလွန်နှစ်သက်ပါ၏။ တစ်နေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏။ မိန့်တော်မူချက်တို့သည် အကျွန်ုပ်၏အာခေါင်၌အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်သာ၍ချိုကြပါ၏။ သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်နှလုံးရွှင်လန်းရာဖြစ်၍၊ ကိုယ်အမွေဥစ္စာဘို့အစဉ်အမြဲခံယူပါ၏။" (ဆာလံ ၁၁၉း၇၂ - ၉၇ - ၁၀၃ - ၁၁၁)

The Believers Bible Commentary ဆိုသည့်အနက်ဖွင့်ကျမ်းထဲတွင် အယ်ဒီတာတစ်ဦးအနေဖြင့် ကျွန်တော်ဤသို့ရေးသားခဲ့ပါသည်။ သမ္မာကျမ်းစာလေ့လာခြင်းသည် အစပိုင်းတွင် ဖုတ်ထားသောဂျုံမုန့်အမျှင်စကလေးများအနေအထားကဲ့သို့ အဟာရဖြစ်စေသော်လည်း ခြောက်သွေ့ခြောက်ကပ်ကပ်ဖြစ်တတ်ပါသည်။ သို့သော်ဂင်းကိုဆက်လက်လုပ်ဆောင်မည်ဆိုပါက ဂျုံမုန့်ညက်ဖြင့် ပြုလုပ်ထားသောချောကလက် (Pie) ဖြစ်သွားပါလိမ့်မည်။

အထက်ပါအနက်ဖွင့်ကျမ်းစာအုပ်ထူကြီးထဲတွင် မိမိလေ့လာလိုသောအကြောင်းအရာများကို အလွယ်တကူမြင်သာအောင်လေ့လာနိုင်ရန် ကျမ်းပိုဒ်များကို လေ့လာရာတွင် ဂင်းကျမ်းပိုဒ်၌မိမိ၏ စိတ်နှလုံးများနှစ်မြုပ်နေနိုင်ရန် အဆင်သင့်လုပ်ဆောင်ပေးထားပါသည်။

ဤသေးငယ်သောစာအုပ်သည် အကန့်အသတ်မရှိကျယ်ပြန့်သော ဘုရားသခင်၏နှုတ်ကပတ်တော်ပင်လယ်ပြင်ကြီးထဲတွင် စွန့်စား၊ စူးစမ်းလေ့လာရေးခရီးများပြုလုပ်နိုင်ရန် အတွက်လမ်းညွှန်သောလမ်းပြမြေပုံဖြစ်ဖို့ရန် ရည်ရွယ်၍ရေးသားပြုစုထားခြင်းဖြစ်သည်။

သမ္မာကျမ်းစာကိုပျော်မွေ့စွာ လေ့လာနိုင်ကြပါစေ။

Art Farstad

# နိဒါန်း

"သမ္မာကျမ်းစာကိုလွယ်ကူစွာလေ့လာခြင်း" ဟူ၍ ခေါင်းစဉ်တပ်ထားသောစာအုပ်တစ်အုပ်ကို သင့်အနေဖြင့်တွေ့ရှိပါက ၎င်းစာအုပ်အားမဝယ်ပါနှင့်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လွယ်လျင်စလို သင်ယူလေ့လာနိုင်သောနည်းလမ်းဟူ၍ မရှိပါ။ နှုတ်ကပတ်တော်သည် စနစ်ကျကျ၊ ဇွဲလုံ့လဝီရိယဖြင့် သင်ယူလေ့လာဖို့ရန်လိုအပ်ပေသည်။

သမ္မာကျမ်းစာလေ့လာခြင်းကိုဖြစ်ပေါ်စေသော အရင်းခံအကြောင်းတရားမှာ စိတ်ပါဝင်စားမှုပင် ဖြစ်သည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့၏အသက်တာများ၌ အမှန်တကယ် မိမိဆောင်ရွက်လိုသောအရာများကို ဆောင်ရွက်ရန် အချိန်များရရှိနေတတ်ကြသလို၊ နှုတ်ကပတ်တော်၏ တန်ဖိုးကိုသိရှိနားလည်မည်ဆိုလျှင် အမှန်တကယ်ပင်နှုတ်ကပတ်တော်ကိုလေ့လာချင်သောစိတ်ရှိကြပေလိမ့်မည်။ သို့သော် ယုံကြည်ခြင်းမျက်စိများအားဖြင့် ကြည့်တတ်မြင်တတ်မှသာလျှင် သမ္မာတရား၏တန်ဖိုးကို တွေ့မြင်နိုင်ပေမည်။ ထိုကဲ့သို့မဟုတ်လျှင် TV Show များ(သို့) ဘော်လုံးပွဲများကသာလျှင် ပိုမိုဆွဲဆောင်စရာ၊ စိတ်ဝင်စားစရာ ဖြစ်သွားပါလိမ့်မည်။ ယုံကြည်ခြင်းသည်သာလျှင်၊ ၎င်းမတည်မြဲသော၊ ယာယီခေတ္တခဏအတွက်သာဖြစ်သော တန်ဖိုးများကို ဆန့်ကျင်ဘက်ပြုလုပ်ကာသမ္မာတရား၏ ထာဝရတည်တဲ့သောတန်ဖိုးများကို တွေ့မြင်စေသောအရာ ဖြစ်ပါသည်။

သမ္မာကျမ်းစာလေ့လာခြင်းကိုဖြစ်ပေါ်စေသောအခြားအကြောင့်အရင်းခံတစ်ရပ်မှာ ပုံမှန်စုဝေးကျမ်းစာလေ့လာခြင်း (သို့) တနင်္ဂနွေဥပုဒ်စာဖြေအစည်းအဝေးများကို တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြစ် တစ်စုံတစ်ဦးအား သမ္မာကျမ်းစာကိုမဖြစ်မနေကြိုးစားသင်ယူလေ့လာတတ်လာစေရန် ဖိအားဖြစ်စေပါလိမ့်မည်။

သမ္မာကျမ်းစာကိုလေ့လာရာတွင် အကောင်းဆုံးသောနည်းလမ်းဟူ၍မရှိပါ။ ယုံကြည်သူတစ်ဦးအတွက် အကောင်းဆုံးသောနည်းလမ်းသည် အခြားယုံကြည်သူတစ်ဦးအတွက် ကောင်းမွန်သောနည်းလမ်းဖြစ်ချင်မှဖြစ်မည်။ သို့ပြင် ကျွန်တော့်အနေဖြင့် နည်းစနစ်တစ်ခုကိုအကြံပြုတင်ပြသွားပါမည်။ ဤနည်းစနစ်တွင် ကျွန်တော်ကျမ်းစာလေ့လာရာတွင်အထောက်အကူဖြစ်စေသော ခြေလှမ်းနည်းစနစ်များပါဝင်ပါသည်။

၁။ သခင်ကိုယ်တော်ထံသူ၏ သန့်ရှင်းသော ဝိညာဉ်အားဖြင့်သင်ပြပေးနိုင်သောပုဂ္ဂိုလ်အဖြစ်ပုံသွင်းပေးရန်ဆုတောင်းဆက်ကပ်ပါသည်။ မိမိတို့သည်မသိနားမလည်သောသူများဖြစ်ကြောင်းဝန်ခံခြင်းသည် ကောင်းကြီးမင်္ဂလာ၏လမ်းကြောင်းသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

၂။ မိမိသင်ယူလေ့လာမည့်ကျမ်းစာထဲရှိစာအုပ် (သို့) ကျမ်းပိုဒ်များကိုဆုတောင်းခြင်းနှင့်အတူ ရွေးချယ်ရပါမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ရွေးချယ်မှုအများဆုံးဖြစ်လိမ့်မည်ထင်ပါသည်။ ရှင်ပေါလု၏ ရောမဩဝါဒစာသည်လည်း ရှင်ယောဟန်စာအုပ်နီးပါးလောက် ရွေးချယ်မှုများသောစာအုပ်ဖြစ်သည်။

၃။ လေ့လာရာတွင် ကဏ္ဍတို့ (အပိုဒ်ကို) တစ်ခုဖြစ်အစပြုပါ။ သို့သော်သင်၏ နောက်ဆုံးပန်းတိုင်သည် သမ္မာကျမ်းစာတစ်အုပ်လုံးကိုသင်ယူလေ့လာရန်ဖြစ်သည်။ သင်စိတ်ထဲတွင် ဤမျှလောက်ကြီးမားသောအလုပ်မလွယ်တဲ့ကိစ္စပါပဲဟူ၍ တွေးတောမိပါလိမ့်မည်။ သို့သော်ကြီးမားသောအလုပ်ဟူသည် သေးငယ်သောအလုပ်ကလေးများစုပေါင်းထားခြင်းအားဖြင့် ဖြစ်မြောက်သည်ကိုသင်သတိရပါ။ ကျမ်းစာအုပ်တစ်ခုလုံးကို မဆိုထားဘိ၊ ကျမ်းစာထဲကစာအုပ်တစ်အုပ်ကိုပင်လျှင် တစ်ထိုင်တည်းဖြင့်လေ့လာ၍မရသော်ငြားလည်း ကျမ်းပိုဒ်အနည်းငယ်ကိုသင့်အနေဖြင့် လေ့လာနိုင်ပါသည်။ ထို့ကြောင့် ကဏ္ဍတိုလေးဖြင့်အစပြုပါ။

အထက်ပါသဘောထားအတိုင်း F.B.Meyer ဤကျသို့ရေးသားခဲ့သည်။ ခရစ်ယာန်များအနေဖြင့် တစ်နေ့တွင် သမ္မာကျမ်းစာကိုအခန်းများများပြီးမြောက်အောင်လေ့လာဖတ်ရှုရန်ကြိုးပမ်းခြင်းထက်၊ ကျမ်းစာကို ဂရုတစ်စိုက်ထပ်ခါထပ်ခါဖတ်ရှုခြင်း၊ ဘေးမျဉ်းတွင်ရေးသားထားသောကျမ်းညွှန်းများကို သုံးသပ်လေ့လာခြင်း၊

လေ့လာနေသောကျမ်းပိုဒ်၏ အဆက်အစပ်ရှိမှုတို့ကိုလေ့လာခြင်း၊ ကျမ်းစာတစ်ခုနှင့်တစ်ခု ခိုင်းနှိုင်းလေ့လာခြင်း၊ ဘုရားသခင်၏စိတ်တော်၊ သဘောများကိုတစ်ခု (သို့) တို့ထက်မက၊ ကြိုးပမ်းထုတ်ဖော်ခြင်းတို့ကို ပြုလုပ်မည်ဆိုလျှင်၊ ပို၍ကြီးမားများပြားသောအတွေ့အကြုံများ၊ နှုတ်ကပတ်တော်စိတ်ဝင်စားမှု၌ ပိုမိုလန်းဆန်းခြင်း မိမိကိုယ်ကိုယ်အချုပ်အချယ်ကင်းပြီး အမှီအခိုကင်းစွာ ဆိုလိုရင်းကိုသဘောပေါက်နိုင်ခြင်း၊ အသက်ရှင်သောနှုတ်ကပတ်တော်၌စစ်မှန်သော ပျော်မွေ့ခြင်းကိုပို၍မြည်းစမ်းတတ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလိမ့်မည်ဟု ကျွန်ုပ်အနေဖြင့်ခိုင်မာစွာ ထင်မြင်ယူဆထားပါသည်။ လက်တွေ့ကျင့်သုံးခြင်းနှင့်ပတ်သက်၍ သခင်ယေရှု၏ "ငါပေးသောရေသည် ထိုသူ၏အထဲ၌တာဝရ အသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေတွင်းဖြစ်လိမ့်မည်" ဟူသောမိန့်တော်မူချက်၏ အဓိပ္ပါယ်ဆိုလိုရင်းကိုသဘောပေါက်တတ်ကြပါစို့။

၄။ ၎င်းကျမ်းပိုဒ်တစ်ခု၌ အရှင်းလင်းနားမလည်သောအရာ မှန်သမျှကိုမေးခွန်းပုံစံထုတ်၍ သင်၏မှတ်စုစာအုပ်တွင်ရေးသားပါ။ လူတွေက "ခင်ဗျားအနေနဲ့သမ္မာကျမ်းစာကိုလေ့လာရင် ဘယ်လိုပုံစံနဲ့လေ့လာပါသလဲ" ဟူ၍ မေးတဲ့အခါ၊ ကျွန်တော်က "ဦးနှောက်ခြောက်စေဖို့မေးခွန်းများထုတ်၍လေ့လာပါတယ်" ဟူ၍ အမြဲတမ်းဖြေလေ့ရှိတယ်။ သမ္မာကျမ်းစာ၏ မှုတ်သွင်းခြင်း၊ အမှားအယွင်းမရှိခြင်းတို့ကို မေးခွန်းထုတ်နေတယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ ကျွန်တော်အနေဖြင့် ကျမ်းစာလေ့လာရာတွင် လူနားမလည်သောအခက်အခဲများကို "ဒါဟာဘာကိုဆိုလိုသလဲ" ဟူ၍မေးခွန်းထုတ်ပြီး ရိုးရိုးသားသားရင်ဆိုင်လိုက်ပါသည်။

ကျွန်တော်သာဓကတစ်ခုပြ၍ရှင်းပြပါရစေ။ ရှင်ယောဟန်၁၃း၃၁-၃၂ တွင် ယေရှုက ဤသို့ပြောခဲ့သည်။ "ယခုတွင်လူသားသည်ဘုန်းထင်ရှားခြင်းရှိသည်ဖြစ်၍၊ ဘုရားသခင်သည်လည်း လူသားအားဖြင့်၊ ဘုန်းတော်ထင်ရှင်းခြင်းရှိ၏။ ဘုရားသခင်သည် လူသားအားဖြင့် ဘုန်းတော်ထင်ရှားခြင်းရှိလျှင်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်အားဖြင့် သူ၏ဘုန်းကိုထင်ရှားစေတော်မူလိမ့်မည်။ ကာလမကြာမမြင့်မီ သူ၏ဘုန်းကိုထင်ရှားစေတော်မူလိမ့်မည်။" သင့်အနေဖြင့် ကျမ်းပိုဒ်ကို စတင်လေ့လာသည့်အခါ သန့်ရှင်းသောစကားလုံးများ ရှုပ်ထွေးစွာရောနှောသည့်ကျမ်းပိုဒ်အဖြစ် ရှုမြင်ကောင်းမြင်ပါလိမ့်မည်။ သို့ဖြစ်၊ ကျမ်းပိုဒ်သည်ခက်ခဲလွန်းပါသည်ဆိုပြီး ခုန်ကျော်၍ချန်လုပ်ထားပါက ၎င်း၏ဆိုလိုရင်းအဓိပ္ပါယ်ကို ဘယ်သောအခါမှ နားလည်သဘောပေါက်နိုင်မည်မဟုတ်ပါ။ သို့သော် သင်သည်၎င်းခက်ခဲသောကျမ်းပိုဒ်ကိုရင်ဆိုင်ပြီး အဓိပ္ပါယ်ဆိုလိုရင်းများကို မေးခွန်းထုတ်၍အဖြေရှာကြည့်မည်ဆိုလျှင်၊ နောက်ဆုံး၌၎င်းကျမ်းပိုဒ်ကိုနားလည်သဘောပေါက်လာပါလိမ့်မည်။ ၎င်းကျမ်းပိုဒ်တွင် ယေရှုသည် ကရာနီတောင်ကုန်းကို ရည်စူးမျှော်မှန်းပြီး ပြောဆိုနေခြင်းဖြစ်သည်။ သူသည်မိမိ၏လုပ်ငန်းများအားလုံးကို ပြီးစီးခဲ့သောထိုကရာနီကုန်းပေါ်၌ ဘုန်းတော်ထင်ရှားသည်။ ထိုနည်းအတူ ၎င်းအားဖြင့်ဖခမည်းတော်သည်လည်း ဘုန်းတော်ထင်ရှားသည်။ ဘုရားသခင်သည် ကယ်တင်ရှင်၏သသက်စတည်းခြင်းအားဖြင့် ဘုန်းတော်ထင်ရှားခဲ့လျှင်၊ ဘုရားသခင်ကိုယ်တော်တိုင်အားဖြင့် သခင်ယေရှု၏ဘုန်းတော်ကိုသူ၏ မျက်မှောက်တွင်ထင်ရှားစေမည်။ သို့ပြင်၊ ဘုရားသခင်သည် အချိန်နှောင့်နှေးခြင်းမရှိပဲ ကယ်တင်ရှင်အား သေခြင်းမှရှင်ပြန်ထမြောက်စေပြီး၊ ကောင်းကင်ဘုံရှိသူ၏ လက်ယာတော်၌စိုးစံခြင်းအားဖြင့် သူ၏ဘုန်းကို ထင်ရှားစေသည်။

၅။ လေ့လာနေသည့်ကျမ်းပိုဒ်ကိုမကြာခဏဖတ်ပါ။ ဖြစ်နိုင်လျှင်သင်၏ စိတ်ကိုသမ္မာကျမ်းစာ၏ စကားလုံးများလုံးလုံးလျားလျားပြည့်ဝသွားသည်အထိ အလွတ်ကျက်ပါ။ ကျမ်းပိုဒ်ကိုမကြာခဏဆင်ခြင်အောက်မေ့ခြင်းအားဖြင့် စိတ်ဝိညာဉ်အလင်းများလင်းလက်လာပါလိမ့်မည်။ ထိုနောက်၎င်းကျမ်းပိုဒ်အားထပ်မံရှင်းလင်းရန် (သို့) ပြည့်စွက်ရန်အတွက် အခြားကျမ်းပိုဒ်များကိုလည်း စဉ်းစားတွေးတော လာပါလိမ့်မည်။

၆။ ဖြစ်နိုင်လျှင်အခြားသောနာမည်ရကျမ်းစာ version အမျိုးမျိုးတို့ကိုလည်း ဖတ်ရှုလေ့လာပါ။ စကားပြောပုံစံဖြင့်ဘာသာပြန်ထားသော version သည်လည်းကျမ်းပိုဒ်တစ်ခု၏ အဓိပ္ပါယ်ကိုသဘောပေါက်

နားလည်စေရန်အထောက်အကူဖြစ်စေပါသည်။ အောက်ပါကျမ်းပိုဒ်များသည် King James version နှင့် J.B. Phillips ၏စကားပြေ (Paraphrases) တို့ကိုခိုင်းနှိုင်း၍ဖော်ပြထားပါသည်။

## ကောလောသဲ ၁း ၂၈-၂၉ (KJV);

"ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကိုဆက်သအံ့သောငှာ၊ ငါတို့သည် လူခပ်သိမ်းတို့ကို သတိပေး၍ပညာအမျိုးမျိုးနှင့် ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကိုဟောပြောကြ၏။ ထိုသို့အလိုငှါ ငါသည်အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏။

## ကောလောသဲ ၁း ၂၈-၂၉ (Phillips's New Testament in Modern English);

"ထိုကြောင့်၊ ပင်ကိုအားဖြင့်ကျွန်ုပ်တို့သည် ခရစ်တော်၏အကြောင်းကိုဟောပြောကြ၏။ လူတစ်ဦးတစ်ယောက်စီတိုင်းအား ခရစ်တော်၌ပြည့်စုံသောကြီးထွားရင့်ကျက်ခြင်းသို့ ပို့ဆောင်ပေးခြင်းအလို့ငှါ၊ ခရစ်တော်အကြောင်းသိသမျှသောအရာအားလုံး (အကြောင်းစုံ) ကိုမိမိတို့နှင့်ဆုံတွေ့သောသူတိုင်းအား သတိပေး၍၊ သင်ပေးနိုင်သမျှသောသူတိုင်းကို သင်ကြားပေးပါသည်။ ဘုရားသခင်က ကျွန်ုပ်အထံ၌သိုထားပေးသော ခွန်အားများနှင့်အတူ၊ ဤအရာများအတွက်ကျွန်တော်ရုန်းကန်လှုပ်ရှား၍လုပ်ဆောင်နေပါသည်။

## ကောလောသဲ ၂ း ၈ (KJV);

"ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသောနည်းဥပဒေသနှင့် လောကီတရားကိုလိုက်၍ လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကိုအဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုလော့"။

## ကောလောသဲ ၂ း ၈ (Phillips's New Testament in Modern English);

"ခရစ်တော်ကိုလျစ်လျူရှုပြီး၊ လောက၏သဘာဝတရားနှင့်ပတ်သက်၍ လူတိုင်း၏ အတွေးအခေါ်ပေါ်တွင် အခြေခံထားသော လောကီအတွေးအခေါ် (သို့) ဟုတ်သယောင်ယောင်နှင့် အဓိပ္ပါယ်မရှိသောစကားများအားဖြင့် သင်တို့ကိုအဘယ်သူမျှ မဖျက်ဆီးစေခြင်းငှါသတိပြုကြလော့"။

၇။ မိမိတွေ့နိုင်သမျှသောကောင်းမွန်သည့်ကျမ်းစာအုပ်အနက်ဖွင့်ကျမ်းများကိုဖတ်ရှုလေ့လာပါ။ ၎င်းအနက်ဖွင့်ကျမ်းများမှ အကူအညီကိုယူနိုင်သမျှယူပါ။ သို့သော် သမ္မာကျမ်းစာ၏နေရာတွင် အနက်ဖွင့်ကျမ်းများကနေရာယူအစားထိုးသွားခြင်းမျိုးမဖြစ်ရအောင် မိမိကိုယ်မိမိသတိပြုစောင့်ထိန်းပါ။ ထို့ပြင် ကျမ်းစာကိုချင့်ချိန်တတ်ပြီးအမြော်အမြင်ရှိရှိလေ့လာတတ်ရမည်။ သွန်သင်သောအရာမှန်သမျှကို ကျမ်းစာအားဖြင့်သာ စုံစမ်းစစ်ဆေးရပါမည်။ "အသီးကိုစားပြီးအစေ့ကိုထားခဲ့ပါ (သို့) အဥ (ကြက်ဥ) ကိုစားပြီး အကာ (အခွံ) ကိုထားခဲ့ပါ"ဟူသောဆိုရိုးစကားအတိုင်းကောင်းမွန်သောသွန်သင်ချက်များကို မြဲမြဲစွာဆုပ်ကိုင်ထားရမည်။ ဘာသာတရားကိုင်းရှိုင်းသော (ဆက်ကပ်သော) အချို့ခရစ်ယန်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသာလျှင် ဖတ်ရှုလေ့လာရမည်ဟူ၍ပြင်းပြင်းထန်ထန် (အခိုင်အမာ) ပြောဆိုခဲ့ကြသည်ကို ကျွန်တော်သတိထားမိပါသည်။ ထိုသူတို့သည် ကျမ်းစာလေ့လာရာတွင်အခြားသောအကူအညီများ၌ မှီခိုနေစရာမလိုပဲ လေ့လာနေနိုင်ခြင်းအပေါ် ဂုဏ်ယူဝင့်ကြွားနေတတ်ကြပြီး၊ သူတို့၏သွန်သင်ချက် (doctrince) များသည်လည်း စစ်မှန်ကြောင်းအာမခံခဲ့ကြသည်။ ကျွန်ုပ်အနေဖြင့် ထိုကဲ့သို့သောစိတ်ထားရှိ

သူများအပေါ်၌ကြောက်ရွံ့ပူပန်မိပါသည်။ ထိုကဲ့သို့စိတ်ထားရှိသူများသည် အသင်းတော်၌ဘုရားသခင်ခန့်ထားသော ဓမ္မဆရာများကိုအမြင်သေး (အောက်ချ) ရာရောက်ပေသည်။ ဓမ္မဆရာများသည် အသင်းတော်အတွက်ဘုရားသခင်ကပေးထားသော ဆုကျေးဇူးများဖြစ်ပေရာ ထိုကဲ့သို့အထင်သေးဖို့ရန်မသင့်လျော်ပေ။ ဓမ္မဆရာတို့၏သာသနာသည် ဟောပြောခြင်းအားဖြင့်ဖြစ်စေ၊ စာအရေးအသားအားဖြင့်ဖြစ်စေ၊ အကျိုးသက်ရောက်မှုတွင် အတူတူပင်ဖြစ်သည်။

အခြားသောနှုတ်ကပတ်တော်လေ့လာသူများနှင့် မိတ်သဟာယဖွဲ့ခြင်း၊ မိမိ၏အနက်ဖွင့်ချက်များကို အခြားသူများ၏အနက်ဖွင့်ချက်များနှင့် နှိုင်းယှဉ်ခိုင်းနှိုင်းခြင်းတို့အားဖြင့်လည်း ကြီးမားသောအကျိုးအမြတ် (တန်ဖိုး) ကိုဖြစ်ပေါ်ရရှိစေသည်။ ဤသို့လုပ်ဆောင်ခြင်းသည် သင့်အားတယူသန်ဖြစ်ခြင်း၊ အစွန်းရောက်ခြင်း တို့မှစောင့်ထိန်းနိုင်ရန်အထောက်အကူပေးပါလိမ့်မည်။ ထို့ပြင်သာမန်ထက်ရှေ့တိုး၍ ထူးခြားဆန်းကြယ်သော အမြင် (အယူအဆ) နှင့်လွဲမှားသော အယူအဆ (မိစ္ဆာဒိဋ္ဌိအယူဝါဒ) တို့မှလည်း ၎င်းကသင့်ကိုကယ်တင် ပေးပါလိမ့်မည်။

ယုံကြည်သူလူငယ်များအနေဖြင့် (ကျမ်းစာလေ့လာရာတွင်) ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်အားဖြင့် ပြည့်ဝသောပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြသူအဖြစ်ထားရှိသင့်သည်။ ထိုသို့သောပုဂ္ဂိုလ်ထံသို့ မေးခွန်းများ၊ အခက်အခဲပြဿနာများကိုယူဆောင်လာခြင်းသည် ကျေးဇူးတော်တရားနှင့် နှုတ်ကပတ်တော်အသိတရား၌ ကြီးထွားဖို့ရန် ကြီးမားသောအထောက်အကူဖြစ်စေပါသည်။

အထောက်အကူဖြစ်စေသော ရှင်းပြချက်များ၊ သဓကအားဖြင့်ဖော်ပြခြင်းများ၊ အနက်အဓိပ္ပါယ်ထုတ်ဖော်ချက်များကို သင်၏မှတ်စုစာအုပ်တွင်ရေးမှတ်ထားပါ။ မှတ်မိထားပါတယ် (ရေးမှတ်ရန်မလို) ဟူ၍ မထင်ပါနှင့်။ မေ့ပျောက်ဖို့ရန် အခွင့်အရေးကပိုများပါသည်။

၈။ မေးခွန်းများကို အခြားသောခရစ်ယန်များနှင့် အတူတကွဆွေးနွေးပြီး အဖြေမှန်များကိုရရှိအောင် ကြိုးစားဆောင်ရွက်ပါ။ နှစ်အတော်ကြာလုံးလဝီရိယစိုက်၍ ကြိုးပမ်းလေ့လာခြင်း၏ အကျိုးရလဒ်အနေဖြင့် ဘုရားသခင်သည် ကျေနပ်အားရလောက်သောအဖြေမှန်များကို ပြင်ဆင်ပေးတတ်သည်မှာ အံ့သြဖွယ်ကောင်းလှပါသည်။

၉။ ကျမ်းပိုဒ်တစ်ခုကို ကျစ်လစ်ပြည့်စုံစွာရိုးရိုးရှင်းရှင်းဖြစ် တစ်စုံတစ်ဦးအား ပြန်လည်ပြောပြနိုင်သည် အထိဆက်လက်လေ့လာပါ။ သင့်အနေဖြင့် ရှင်းလင်းစွာရိုးရိုးလေးဖြင့် မရှင်းပြနိုင်သေးသရွေ့ ထိုကျမ်းပိုဒ်အားအမှန်တကယ် ကျွမ်းကျင်ခြင်းမရှိသေးပါ။ တစ်ခါတစ်ရံနက်နဲပြီးအကျုံးဝင်လွန်းသောရှင်းပြချက်များသည် နှုတ်ကပတ်တော်၏ အမှန်တစ်ကယ်ပြောပြနေသော အရာများကိုနားလည်သဘောမပေါက်နိုင်အောင်ဖုံးကွယ်စေတတ်ပါသည်။

၁၀။ မိမိသင်ယူလေ့လာခဲ့သောအရာများကို အခြားသူများအားမျှဝေပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်၏စိတ်ထဲတွင်မှတ်မိနေစေရန် အထောက်အကူဖြစ်စေပြီး၊ ခံယူသောသူများအတွက်လည်း အကူအညီပေးခြင်း၊ အားပေးတိုက်တွန်းခြင်းဖြစ်စေပါသည်။

၁၁။ ဖတ်ရှုခဲ့သောအရာများကို နာခံလိုက်နာရန်ရည်ရွယ်ချက်ထားပြီး လေ့လာဖတ်ရှုပါ။ ရိုးရှင်းသော နှုတ်ကပတ်၏သွန်သင်ခြင်းကို မရှောင်လွဲပါနှင့်။ နာခံလိုက်ခြင်းသည် ဝိညာဉ်ပညာ၏ ဇစ်မြစ်ဖြစ်သည်။

သွန်သင်ခြင်း (doctrince) ကိုဝတ္တရား တာဝန်နှင့်သီးခြားစီမဖြစ်စေရပါ။ သမ္မာကျမ်းစာသည် doctrince များအထီးကျန်စွာသီးသန့်ဖယ်ထားခြင်းခံသည့် Systametic Theology မဟုတ်ပါ။

ဖိလိပ္ပိ ၂ း ၆-၈ သည်သခင်ယေရှု၏ ပုဂ္ဂိုလ်ဖြစ်ခြင်းအကြောင်းကိုဖော်ပြထားသည့် ကြီးမြတ်သော ကျမ်းပိုဒ်တစ်စုဖြစ်သည်။ သို့သော်၎င်းကျမ်းပိုဒ်သည် ခရစ်ယန်များအနေဖြင့် မိမိ၏ကိုယ်ကျိုးအတွက်သာ

မစဉ်းစားပဲ အခြားသောသူများအတွက်စဉ်းစားတတ်ရန် တိုက်တွန်းခြင်းနှင့်ဆက်စပ်၍ ဖော်ပြထားသည်ကို တွေ့ရသည်။ ရည်ညွှန်းခြင်းကိုပြသောကြိယာ (Verb) တစ်ခုတို့၏ နောက်တွင်အမိန့်ပေးခြင်းတစ်ခုခု လိုက်ပါလာပါသည်။ ထို့ကြောင့်အချက်အလက်ကို ထုတ်ဖော်ပြောကြားခြင်းတစ်ခုစီတိုင်းသည် လုပ်ဆောင်စရာတစ်စုံတစ်ခုနှင့် ဆက်စပ်လျက်ရှိသည်။ နာခံလိုက်လျှောက်ခြင်းမရှိလျှင် သွန်သင်ခြင်း (doctrince) သည်အေးစက်နေပြီး အသက်သေလျက်ရှိပါသည်။ အပ်ချောင်းတစ်ခု၏ထိပ်ခေါင်းတွင် ကောင်းကင်တမန် ဘယ်နှစ်ပါးဝင်ဆံ့လိမ့်မလဲဟူသော မေးခွန်းမျိုးဖြင့်ရေလည်ခေါင်းစားတတ်သော သူများအကြားတွင် သင်မပါဝင်ပါနှင့်။

## သမ္မာကျမ်းစာလေ့လာခြင်းအခြေခံသုံးခု

အခြေခံပညာရေးကျောင်းများတွင် ဖတ်ရှုတ်ခြင်း၊ ရေးသားခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း ဟူသော အရာသုံးခုကိုအခြေခံထား၍ ဆောင်ရွက်လေ့ရှိသည်။ သမ္မာကျမ်းစာလေ့လာရာတွင်လည်း ဤအခြေခံသုံးခုကို အမြဲတမ်းစောင့်ထိန်းထားရပါမည်။

## ဖတ်ရှုခြင်း

များစွာသောခရစ်ယန်များသည် သမ္မာကျမ်းစာနှင့်ဆိုင်သောအနက်ဖွင့်ကျမ်းများ၊ သမ္မာကျမ်းစာနှင့် ဆိုင်သောစကားလုံးများ၊ ပထဝီအနေအထားများ၊ အဘိဓါန်များနှင့်တရားဟောချက်ကိုသာ ဖတ်ရှုလေ့လာခဲ့ကြပြီး၊ သမ္မာကျမ်းစာဖတ်ရှုခြင်းကိုမူအချိန်အနည်းငယ်သာ ပေးတတ်ကြသည်မှာအံ့သြစရာ ဖြစ်ပါသည်။ ၎င်းစာအုပ်များနှင့် အခြားအထောက်အကူဖြစ်စေသော စာအုပ်ကောင်းမျာကို ဖတ်ရှုလေ့လာသင့်သည်မှန်သော်လည်း၊ ၎င်းတို့သည် အကူအညီစာအုပ်များဖြစ်ကြောင်းကိုသတိရပါ။

ဤကျယ်ပြန့်သောကျမ်းစာအုပ်ကို လေ့လာရန်အချိန်အနည်းငယ်သာရရှိကြသည့် အလုပ်ကြိုးစားသော တောင်သူလယ်သမားများနှင့် အခြားအလုပ်သမားများသည် သူတို့လေ့လာထားသော ကျမ်းစာကိုကောင်းမွန်စွာ နားလည်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျမ်းစာကိုထပ်ခါထပ်ခါ အကြိမ်ကြိမ်ဖတ်ရှုလေ့လာကြသောကြောင့် ဖြစ်သည်။

အချိန်ဘယ်လောက်ပဲကြာကြာ သမ္မာကျမ်းစာတစ်ခုလုံးကိုလွှမ်းခြုံသော (ကောမိသော) ဖတ်ရှုလေ့လာခြင်းမျိုး ဖြစ်သင့်သည်။ ထိုကဲ့သို့ပုံမှန်ဖတ်ရှုရာတွင် အချို့သောဖတ်ရှုလေ့လာခြင်းသည် သင်၏ ဝိညာဉ်ရေးရာလိုအပ်ချက်များကိုဖြည့်စွက်ပေးရန် သီးသန့် devotion အချိန်ယူ၍လေ့လာရပါသည်။ တစ်ချိန်လုံး လေ့လာမှတ်သားခြင်းလုပ်ငန်းကိုသာလျှင် မပြုလုပ်ပါနှင့်။ အကယ်၍လေ့လာမှတ်သားခြင်း မဟုတ်ဘဲရိုးရိုးဖတ်ရှုခြင်းဖြစ်သည့်တိုင်အောင် သင်၏အသိညဏ်ကိုတိုးပွားစေ၍ သင်၏ဦးခေါင်းထဲတွင် အနဲနှင့်အများ ကျန်ရစ်သွားပါလိမ့်မည်။ Quiet time (ဘုရားသခင်နှင့်သီးသန့်အချိန်ယူသည့်) အချိန်တွင် စစ်မှန်သောသမ္မာကျမ်းစာ၏ သွန်သင်ခြင်းနှင့်မကိုက်ညီသည့် ထူးခြားဆန်းကြယ်သော သွန်သင်ခြင်းများ (doctrines) မရောက်လာစေရန်သင်၏ ဦးနှောက်တံခါးကိုလုံခြုံစွာစစ်ဆေးပါ။

## ရေးသားခြင်း

ကျမ်းစာကိုဖတ်ရှုလေ့လာသည့်အခါ သင်၏လက်ထဲတွင် ဘောပင်(သို့)ခဲတံတစ်ခုခုအမြဲတမ်း ဆောင်ထားပါ။ မိမိ၏ Quick Time အချိန်၊ ဖတ်ရှုလေ့လာသည့်ရက်စွဲများ၊ အောက်တွင်မျဉ်းသားခြင်းများ၊ မိမိ၏တွေးခေါ်မှု (အမြင်) များကိုလည်းရေးသား (မှတ်သား) ထားရမည်။

တစ်ချို့ကျမ်းစာများ၏ စာမျက်နှာဘေး (သို့) အောက်တွင်မှတ်စုအတွက် ဘေးမျဉ်းများပေးထားပြီးသား ဖြစ်သည်။ တစ်ချို့သောသူတို့သည် အတွေးအခေါ်များ၊ မေးခွန်းများ၊ အခက်အခဲပြဿနာများ၊ ဖြေရှင်းချက်များ နှင့်ကျမ်းပိုဒ်ဆက်စပ်မှု (သို့) ကျမ်းညွှန်များကိုမှတ်သားထားနိုင်ရန် ကျမ်းစာလေ့လာသည့်မှတ်စုစာအုပ် သီးသန့်ထားခဲ့ကြသည်။ လေ့လာသင်ယူခဲ့သော အဖိုးတန်ပညာများကို ရေးသားထားခြင်းမရှိလျှင် သင်ခန်းစာများကိုမေ့ပျော်သွားပါလိမ့်မည်။ နေ့အချိန်များတွင်သင်ယူခဲ့သော သင်ခန်းစာများကို သူတပါးအားဝေငှပါ။ ဤသို့ဆောင်ရွက်ခြင်းသည် သင်၏စိတ်ထဲတွင်မှတ်မိနေစေရန် အထောက်အကူဖြစ်စေပါ လိမ့်မည်။ မိမိ၏တွေးခေါ်ချက်များကို နှုတ်ပါးစပ်မှပြောထွက်ခြင်း (သို့) စကားလုံးများကိုအသံထွက် စေခြင်းသည် မှတ်မိဖို့ရန်ပိုမိုလွယ်ကူစေသည်။

## ရောင်ပြန်ဟပ်ခြင်း (သို့) ပြန်လည်သုံးသပ်ခြင်း

အရေးပါသောတတိယမြောက်သမ္မာကျမ်းစာလေ့လာနည်းမှာ မိမိဖတ်ရှုလေ့လာထားသော၊ ရေးသား ထားသောအရာများအပေါ်တွင် ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းဖြစ်ပါသည်။ ၎င်းကိုဆင်ခြင်အောက်မေ့ခြင်း ဟူ၍လည်းခေါ်ဆိုပါသည်။ ဆင်ခြင်အောက်မေ့သည် (meditate) ဟူသောစကားလုံးသည် ဓမ္မဟောင်းမူရင်း ဘာသာတွင် စားမြုံ့ပြန်များကိုနှာက ပြန်လည်ဝါးစားသည့်အတိုင်း အကြောင်းအရာများကို အချိန်ယူစဉ်းစား ရာတွင် အသုံးပြုသောစကားလုံးဖြစ်သည်။ ခရစ်ယန်များအနေဖြင့် ဖတ်ရှုလေ့လာခြင်း၊ ထပ်ခါတလဲလဲ ဖတ်ရှုခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ စကားလုံး (စာသား) များနှင့်ထင်မြင်ချက် (idea) များဆင်ခြင်ခြင်းစသည် တို့ကို လမ်းလျှောက်ရင်းကားမောင်းရင်း၊ အိမ်ထဲတွင်ငြိမ်သက်စွာထိုင်ရင်း၊ အိမ်ခြံဝင်း (သို့) အိမ်ပြင်သို့ထွက်ခွာ သွားရင်း အစရှိသည့်အချိန်များ၌ နှုတ်ကပတ်တော်အပေါ်တွင် ဆင်ခြင်အောက်မေ့ခြင်းများ မပြုလုပ်သောကြောင့်၊ (ယနေ့) အနောက်တိုင်းနိုင်ငံများတွင်၊ ခရစ်ယန်များ၏ဆင်ခြင်အောက်မေ့ခြင်း (တရားကျင့်ခြင်း) နည်းလမ်းမဟုတ်သည့်၊ မှားယွင်းသောအရှေ့တိုင်း၏ တရားကျင့်ခြင်းအမျိုးအစားများ အောင်မြင်စွာအစားထိုးဝင်ရောက်လာပါသည်။

ရှင်လုကာ ၂၁း၁၄ တွင်သခင်ယေရှုက သူ၏နောက်လိုက်ဖြစ်ခြင်းကြောင့် အမှုအခင်းနှင့်ကြုံသောအခါ အဘယ်သို့ပြန်ပြောရမည်ကို ကြိုတင်မဆင်ခြင်ဖို့ရန်ပြောခဲ့သည်။

သို့သော်ရှင်ပေါလုက တိမောသေကို ဆင်ခြင်ဖို့ရန်ပြောခဲ့သည်။ တစ်စုံတစ်ခုကိုလက်တွေ့လုပ်ဆောင်ရန် ဂရုတစ်စိုက်သုံးသပ်ရမည်ဟုဆိုလိုခြင်းဖြစ်သည်။

သမ္မာကျမ်းစာကိုလေ့လာနေသော ယုံကြည်သူအားလုံး (သို့) ယုံကြည်သူအများစုက ဤအခြေခံ (၃) ခုဖြစ်သောဖတ်ရှုခြင်း၊ ရေးသားခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းတို့ကို လိုက်နာကျင့်သုံးမည်ဆိုလျှင်၊ သမ္မာကျမ်းစာ တတ်ကျွမ်းနားလည်ခြင်း နည်းပါးသည့်များစွာသော ကျွန်ုပ်တို့၏အသင်းတော်များတွင် ကြီးမားသော ပြောင်းလဲမှုများဖြစ်ပေါ်လာမည်မဟုတ်လော။

## အခြားနောက်ထပ်အခြေခံများ
## စာသားအတိုင်းအနက်ဖွင့်နည်း (သို့) တိုက်ရိုက်အနက်ဖွင့်နည်း

သမ္မာကျမ်းစာကိုလေ့လာရာတွင် အရေးကြီးဆုံးသောနည်းလမ်းတစ်ခုမှာ ကျမ်းပိုဒ်တစ်ခုကို စာသားအတိုင်း တိုက်ရိုက်အနက်ဖွင့်နိုင်လျှင်၊ ၎င်းဖြစ်သည့်အတိုင်းသာ ဘာသာပြန် (အနက်ဖွင့်) ပါ။ တစ်နည်းအားဖြင့် ဖတ်ရှုလေ့လာသည့်အခါ မိမိ၏အသိတရားမှနားလည်သဘောပေါက်သည့်အတိုင်း (အာရုံခံ) သည့်အတိုင်း (အခြားအနက်အဓိပ္ပါယ်ကိုရှာဖွေတွေးတောမနေတော့ပဲ) အနက်အဓိပ္ပါယ်ဖွင့်ရမည်။ ဥပမာ- သမ္မာကျမ်းစာက ခရစ်တော်သည်ဤကမ္ဘာပေါ်တွင် နှစ်ပေါင်းတစ်ထောင်အုပ်စိုးလိမ့်မည်ဟူ၍ စာသားအတိုင်း

အနက်အဓိပ္ပါယ်ဖွင့်ခြင်းဖြစ်သည်။ ဤစာသားအတိုင်းဘာသာပြန်ခြင်းသည် ပို၍နှစ်သက်သင့်သော ဘာသာပြန်နည်းဖြစ်သည်။ အခြားအနက်ဖွင့်နည်းလမ်းများမှာ ကျမ်းစာများကို ဝိညာဉ်ဘက်ဆိုင်ရာ၌ ဦးတည်စေခြင်း (spiritnalize) (သို့) ရူပကအလင်္ကာ။

ဂုဏ်ရည်တူ ခိုင်းနှိုင်းခြင်းဘက်၌ဦးတည်စေခြင်း (allegorize) ဖြစ်ပါသည်။ သို့သော်ထိုကဲ့သို့သော ဘာသာပြန်နည်းလမ်းသည် အဘယ်သူ၏ဝိညာဉ်ဘက်ပိုင်ဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းသည် ပို၍ မှန်ကန်ကြောင်းမည်သူကမှမသိပါ။

## တည်နေရာ (အဆင့်) နှင့်လက်တွေ့လုပ်ဆောင်မှု

၎င်းကိုရပ်တည်မှုနှင့် အခြေအနေဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။ ဤအရာနှစ်ခုကိုခွဲခြမ်း သိမြင်တတ်ရန်လိုအပ်ပါသည်။ တည်နေရာ၊ ရပ်တည်မှုသည် ခရစ်တော်၏အထဲ၌ကျွန်ုပ်တို့၏ရှိခြင်းဖြစ်ခြင်း ကိုဆိုလိုသည်။ လက်တွေ့လုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ လုပ်သင့်လုပ်ထိုက်သော အရာဖြစ်သည်။ ကောလောသဲ ၃ း ၁ တွင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်ဟူ၍ ဖော်ပြခြင်းသည် ကျွန်ုပ်တို့၏တည်နေရာ ရပ်တည်မှု ကိုဆိုလိုပါသည်။ ကျွန်ုပ်တို့အနေဖြင့်အထက်က အရာများကို လိုက်ရှာသင့်ကြောင်းဖော်ပြချက်သည် လက်တွေ့လုပ်ဆောင်မှုကို ဆိုလိုပါသည်။ ကျွန်ုပ်တို့၏ တည်နေရာ (ရပ်တည်မှု) သည် ပြည့်စုံပါသည်။ သို့သော်ကျွန်တော်တို့၏လုပ်ဆောင်မှုသည် ကယ်တင်ရှင်၏ မျက်နှာကိုမြင်တွေ့ခြင်းမရှိ မခြင်း ဘယ်တော့မှပြည့်စုံမည်မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏ မျက်နှာကိုတွေ့မြင်သည့်တိုင်အောင် (အထိ) ခရစ်တော်၌ ပုံတူဖြစ်အောင်အစဉ်အမြဲကြိုးထွားသင့်ပါသည်။

## အမှုဆောင်ကဏ္ဍ (ရာထူး) နှင့် ပင်ကိုစာရိတ္တ

ရာထူးနှင့်ပင်ကိုစာရိတ္တကိုလည်းခွဲခြမ်းသိမြင်တတ်ရန် လိုအပ်ပါသည်။ ဗတ္တိဇံယောဟန်သည်၊ သူမတိုင်မီ ပေါ်ထွန်းသောဖရောဖက်အားလုံးထက်သာ၍ ကြီးမြတ်ပါသည်။ ဆိုလိုသည်မှာ သူသည်မေရှယ (Messiah) ၏ရှေးပြေးပုဂ္ဂိုလ်ဖြစ်သောကြောင့် သူ၏။ အခန်းကဏ္ဍသည်ပေါ်ထွန်းပြီးအခြားသောဖရောဖက် များထက်ကြီးမြတ်ပေသည်။ (ရှင်လုကာ ၇း၂၈) သို့သော်ပင်ကိုစာရိတ္တပိုင်း၌ သူသည်အခြားဖရောဖက် များတို့ထက်ပို၍ ကြီးမြတ်သည်ဟူ၍မဆိုလိုပေ။ မာရိသည်ကျွန်ုပ်တို့သခင်ယေရှု၏ မွေးမိခင်အရိပ်အရာ (အခန်းကဏ္ဍ) ကိုခံယူသဖြင့် မိန်းမတကာတို့ထက်မြတ်စွာသော မင်္ဂလာရှိသည့် မိန်းမဖြစ်သည်။ (ရှင်လုကာ ၁း၂၈)။ သို့သော်သူမသည် ဧဝှောင်း၏ အမျိုးသမီးများအားလုံးထက် ပင်ကိုစာရိတ္တ ပိုမိုကောင်းမွန်သည်ဟူ၍ မဆိုလိုပေ။ သခင်ယေရှု ဤလောက၌ရှိနေစဉ်အတွင်း အဖခမည်းတော်၏ ကဏ္ဍသည် သားတော်၏ ကဏ္ဍထက်ပိုမိုကြီးမြတ်ပါသည် (ရှင်ယောဟန် ၁၄း၂၈)။ သို့သော် သူတို့၏ပုဂ္ဂိုလ်ရေးရာ (ဂုဏ်ရည်) သည်ရာနှုန်းပြည့်ထပ်တူထပ်မျှပင်ဖြစ်သည်။ ကယ်တင်ရှင်ယေရှုသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်းဖြစ်ဖို့အလို့ငှါ မိမိ၏အသရေကိုစွန့်၍လောကသို့ကြွတော်မူခဲ့သည်။ သို့သော်ပုဂ္ဂိုလ်ဖြစ်ခြင်း (သို့) ပင်ကိုယ်အရည်အချင်း ကိုမစွန့်ခဲ့ပေ၊ စွန့်၍လည်းရမည်မဟုတ်ပေ။ အုပ်စိုးသောအစိုးရများသည့်ဘုရားသခင်၏ခန့်ထားသော သူများဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူတို့သည် ဘုရားသခင်အားပုဂ္ဂိုလ်ရေးရာအရ သိကျွမ်းခြင်းမရှိသော်လည်း၊ ဘုရားသခင်၏ ခန့်ထားသောအခန်းကဏ္ဍအရ ဘုရားသခင်၏ အစေကိုခံသောသူများဖြစ်ကြသည်။

### စာသား(ကျမ်းပိုဒ်) နှင့်၎င်း၏အဆက်အစပ်ဖြစ်သောအကြောင်းအရာ

ကျမ်းစာတစ်ခုကိုလေ့လာသည့်အခါ ၎င်းကျမ်းစာနှင့်ဆက်စပ်လျက်ရှိသော အကြောင်းအရာများကို

(အခြေပြု၍) လေ့လာပါ။

အောက်တွင်အချို့သော ဥပမာများကိုမြင်သာအောင်ဖော်ပြထားပါသည်။

“ငါတို့သည် တစ်ယောက်နှင့်တစ်ယောက်ခွဲသွားကြသော်၊ ထာဝရဘုရားသည် ငါနှင့်သင်၏ စပ်ကြား၌စောင့်တော်မူစေသတည်း” (ကမ္ဘာဦးကျမ်း ၃၁း၄၉)။ ဤစာသားသည်ယနေ့ခေတ်တွင် အသုံးပြုလေ့ရှိသော တစ်ဦးပေါ်တစ်ဦးဖော်ရွေပျူငှာစွာ ကောင်းကြီးပေးသည့်စာသားမဟုတ်ပေ။ ၎င်းသည် (ယာကုပ်နှင့်လာဗန်တို့) တစ်ဦးနှင့်တစ်ဦးခွဲခွာကြတော့မည်ဖြစ်သောကြောင့် တစ်ဦးပေါ်တစ်ဦး (မည်သူကလှည့်စားကြောင်း) စစ်ဆေးစီရင်မှုများပြုလုပ်နိုင်တော့မည်မဟုတ်သဖြင့်၊ ဘုရားသခင်ကလှည့်စားသူနှစ်ဦးတို့၏ စပ်ကြားတွင်စစ်ကြောစီရင်ပေးရန် (သက်သေခံပေးရန်) တောင်းလျှောက် (ဖိတ်ခေါ်) သောကျမ်းပိုဒ်ဖြစ်သည်။

“ခြေဖဝါးမှဦးခေါင်းတိုင်အောင်ကျမ်းမာခြင်မရှိ၊ စုတ်ရှသောအနာ၊ ထိခိုက်၍ရောင်သောအနာ ရိယွသောအနာသက်သက်ရှိ၏။ ထိုအနာများကိုမနှိပ်မနယ်ရ၊ အဝတ်နှင့်မစည်းရ။ ဘယောင်းဆီးနှင့် မပျော့စေရသေး” (ဟေရှယ ၁း၆)။ ဤကျမ်းစာသည် များသောအားဖြင့် လူသား (တို့) ၏လုံးဝဥသုံ စာရိတ္တပျက်ပြားခြင်း (အပြစ်နွံထဲ၌ကျဆုံးခြင်း) ကိုဖော်ပြရာတွင် အသုံးပြုကြသည်။ သို့သော် ၎င်းသည် ယုဒ (ပြည်) အားဘုရားသခင်သည် ဦးခေါင်းမှခြေများအထိ အနာဒဏ်အပြည့်ဖြင့်မှတ်လောက်သားလောက်အောင် ဆုံးမဒဏ်ခတ်ခြင်းကို ဖော်ပြခြင်းဖြစ်သည်။ သို့ဖြစ်သည့်တိုင်အောင် ဣသရေလနိုင်ငံသည် နောင်တရခြင်း မရှိခဲ့ပါ။

“ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့၊ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည်စုသိမ်း၍ မီးထဲသို့ချလိုက်ကြသဖြင့် မိလောင်ခြင်းသို့ရောက်ကြ၏” (ရှင်ယောဟန် ၁၅း၆)။ ဤကျမ်းပိုဒ်သည် ကယ်တင်ခြင်းအကြောင်းနှင့်မပတ်သက်ပဲ၊ ခရစ်တော်၌တည်ခြင်း အားဖြင့် အသီးများသီးမည့်အကြောင်း ဖော်ပြခြင်းဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်သည်ခြောက်သွေ့သော အခက်များကို မီးထဲသို့ပစ်ချသည်ဟူ၍ဖော်ပြပါသည်။ ထို့ပြင်ခရစ်တော်၌မတည့်သောသူသည် လောကီသူ (ဤကမ္ဘာနှင့်စပ်ဆိုင်သောသူ) များကအထင်သေးသောအပြုအမူဖြင့် ပြုမူဆက်ဆံသည် ဤကျမ်းပိုဒ် အားဖြင့် ဖော်ပြခြင်းဖြစ်နိုင်ပါသည်။

“ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကိုချစ်သောသူတို့အဘို့အလို့ငှါ၊ ဘုရားသခင်ပြင်ဆင်တော်မူ သောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး” (၁ ကော ၂း၉)။ ဤကျမ်းပိုဒ်သည် ကောင်းကင်ဘုံကိုရည်ညွှန်းသည်မှန်သော်လည်း ၎င်းသည်ဓမ္မဟောင်း၏ကာလက မသိသေးသော သမ္မာတရားများ (အမှန်တရားများ) ကိုအသင်းတော်ခေတ် (Church Age) တွင်ဖရောဖက်များနှင့် တမန်တော်များအားဖြင့်ဖော်ပြတော်မူသည်အကြောင်း ပြောပြထားခြင်းဖြစ်သည်။ ရှင်ပေါလုသည် ကောင်းကင်နိုင်ငံမှ မှန်ကန်ကြောင်းသိရမည့်တစ်စုံတရာအကြောင်းကိုပြောပြနေခြင်းမဟုတ်ပဲ ယခုအချိန်၌ မှန်ကန်ကြောင်းသိရသည့် တစ်စုံတစ်ရာပြောပြနေခြင်းဖြစ်ကြောင်း အပိုဒ်ငယ် (၁၀) တွင် ဤသို့ဆက်လက်ဖော်ပြထားပါသည်။ “ထိုအရာတို့ကိုဘုရားသခင်သည်မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဖော်ပြတော်မူ၏”။ သေလွန်သောသူတို့သည် ထမြောက်ခြင်းအလျှင်းမရှိလျှင်၊ သေလွန်သောသူတို့၏ ကိုယ်စား ဗတ္တိဇံကိုခံသောသူတို့သည် အဘယ်သို့ပြုရမည်နည်း။ သေလွန်သောသူတို့၏ ကိုယ်စားအဘယ်ကြောင့်ဗတ္တိဇံ ကိုခံရကြသနည်း။ အကယ်၍သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ယုံကြည်သူတစ်ဦးအနေဖြင့် မာသူရအဖြစ်အသေခံသောသူတို့၏အဆင့် (ရာထူး) ကိုမှီခိုရန် မိမိကိုယ်ကိုသေခြင်းသို့နှစ်ခြင်းခံယူခြင်းသည် အမင်္ဂလာဖြစ်သော (ရှုံးအသော) လုပ်ရပ်ဖြစ်ပါလိမ့်မည်။

“သင်တို့သည်ယုံကြည်ခြင်း၌တည်သလော၊ မတည်လောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူမမှန်လျှင်၊ ယေရှုခရစ်သည်သင်တို့၌ တည်တော်မူသည်ဟု

ကိုယ့်အကြောင်းကို ကိုယ်မသိကြသလော”။ (၂ ကော ၁၃း၅)။ ဤစာပိုဒ်သည် ယုံကြည်သူများ အနေဖြင့် မိမိတို့၏အသစ်တစ်ဖန်မွေးဖွားခြင်းကို ပေါ်လွင်ထင်ရှားစေရန် မိမိကိုယ်မိမိ (အထဲကို) ကြည့်ရှုစစ်ဆေးသင့်ကြောင်း၊ တစ်နည်းအားဖြင့် ကယ်တင်ခြင်းစိတ်ချမှုမရှိ ကိုယ်ကိုယ်ကိုပြန်လည် ဆန်းစစ်ခြင်း ပြုလုပ်ရန် သင်ကြားပေးခြင်းမဟုတ်ပါ။ ရှင်ပေါလုသည် ထိုသူတို့၏ဝိညာဉ်ဖခင်ဖြစ်သည့်နည်းတူ၊ ကောရိန္သု/သားတို့၏ကယ်တင်ခြင်း ရရှိခြင်းသည် သူ(ပေါလု) ၏တမန်တော်တစ်ပါးဖြစ်ခြင်းကို သိသာထင်ရှားစေခြင်း ဖြစ်ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။

“အလွဲမယူကြနှင့် ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ လူသည်မျိုးစေ့ကျဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်”။ (ဂလာတိ ၆ း ၇)။ ဤအကြောင်းအရာနှင့် ဆက်စပ်၍အပြစ်သားတစ်ဦး၏ အပြစ်များကို ရှင်ပေါလုကဖော်ပြနေခြင်းမဟုတ်ပါ။ ၎င်းသည် သူတော်စင်(ယုံကြည်သူ) တစ်ဦး၏ကပ်စီးနဲခြင်း အကြောင်းကိုဖော်ပြခြင်းဖြစ်ပါသည်။

“သို့ဖြစ်၍ငါ့ချစ်သူတို့၊ သင်တို့သည်ငါ့မျက်မှောက်၌ နားထောင်သည်သာမက၊ မျက်ကွယ်၌လည်း နားထောင်ကြသည်နှင့်အညီ၊ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစား အားထုတ်ကြလော့” (ဖိလိပ္ပိ ၂း ၁၂)။ ဤနေရာတွင် ရှင်ပေါလုသည် လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြောင်းသင်ပေးနေခြင်းမဟုတ်ပဲ၊ ယုံကြည်သူများသည်သခင်ယေရှု၏ ပုံသက်သေကိုလိုက်လျှောက်ခြင်း အားဖြင့် သူတို့၏ ပြဿနာ (စည်းလုံးမှုပျက်ပြားခြင်း) ကိုကြိုးစားအားထုတ်၍ဖြေရှင်းရန် သင်ပေးခြင်း ဖြစ်ပါသည်။

“ကျမ်းစာ၌ပါသော အနာဂတ္တိစကားသည်ကား၊ ကိုယ်အလိုအလျှောက်အနက်မဖော်ဟု ရှေ့ဦးစွာ သိမှတ်ကြလော့” (ရှင်ပေတရု ဒုတိယစောင် ၁ း၂၀)။ ဤကျမ်းပိုဒ်သည် ကျွန်ုပ်တို့၏နှုတ်ကပတ်တော် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆိုလိုခြင်းမဟုတ်ပဲ၊ နှုတ်ကပတ်တော်၏မူရင်း (အရေးအသား) ကိုဆိုလိုပါသည်။ နှုတ်ကပတ်တော်ကိုရေးသားသော သူများသည် သူတို့၏ကိုယ်ရေးကိုယ်တာအားဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆို ချက်များကို ပေးထားခြင်းမဟုတ်ပဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းအားဖြင့် ဟောပြောကြသည်။

သမ္မာကျမ်းစာသည် သူ့ကိုယ်သူ (ကျမ်းစာ) အားဖြင့်အနက်အဓိပ္ပါယ်ဖွင့်ပါစေ။ ဥပမာ-ရှင်လုကာ ၁၄း၂၆ ကိုရှင်မသဲ ၁၀း၃၇ တွင်ရှင်းပြထားပါသည်။ မုန်းတီးခြင်းသည် ခိုင်းနှိုင်းခြင်းဝေါဟာရဖြစ်ပြီး အဓိပ္ပါယ်မှာ ချစ်ခြင်းမေတ္တာကင်းမဲ့ခြင်းဖြစ်သည်။

ဗြိတိသျှတရားဟောဆရာတစ်ဦးဖြစ်သူ Stuart Briscoe ကကျမ်းပိုဒ်တစ်ပိုဒ်ကို လေ့လာရာတွင် ၎င်းနှင့်အဆက်စပ်ရှိသော အကြောင်းအရာတွင်း၌ လေ့လာသွားခြင်း၏အရေးပါပုံကိုမြတ် ရယ်ရွှင်စရာ ကောင်းသောပုံပြင်လေးအားဖြင့်ပြသသွားပါသည်။ အဘိုးအိုတစ်ယောက်သည် သူ၏ခွေး၊ လားတစ်ကောင်နှင့် အတူလမ်းဘေးတစ်လျှောက်လမ်းလျှောက်သွားနေကြစဉ်၊ အမှိုက်ကောက် ကုန်တင်ကားတစ်စင်းသည် သူတို့ကို ထိတိုက်မိ၍ မြောင်းတစ်ခုထဲသို့လဲကျသွားခဲ့ကြ၏။ ထိခိုက်ဒဏ်ရာရသောအဘိုးအိုသည် ထိုကားမောင်းသမားအား ရုံးသို့တရားစွဲ၏။ သို့သော် truck ကားပိုင်ရှင်၏ရှေ့နေက၊ အဘိုးကြီးသည် သူ့ဘဝတွင် “သက်သာချောင်ချစွာနေရတယ်ဆိုတာမရှိဖူးဘူး” ဟူ၍ ကားမောင်းသမားအား၎င်း မတော်တဆ ထိခိုက် (accident) သည့်အချိန်တွင်ပြောခဲ့ကြောင်း ပြန်လည်ချေပ၏။ အလှည့်ကျစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ပြီး၊ ရှေ့နေက “ကျွန်ုပ်လူ (driver) က accident ဖြစ်တဲ့အခါ ခင်ဗျားဆီကိုလာခဲ့သလား၊ ပြီးတော့ခင်ဗျားဘယ်လိုအခြေအနေရှိကြောင်းမေးခဲ့သလား” ဟူ၍ဒဏ်ရာရခဲ့သောအဘိုးကြီးအား မေးခွန်းထုတ်ခဲ့ရာ၊ အဘိုးကြီးက ဟုတ်ကဲ့ဟူ၍ပြန်ဖြေခဲ့၏ ဆက်လက်၍ရှေ့နေက “ခင်ဗျား၊ ခင်ဗျားဘဝမှာ သက်သာချောင်ချစွာနေရတယ်ဆိုတာမရှိဖူးဘူးဟူ၍ ပြန်ဖြေခဲ့သလား” ဟုပြန်လည်မေးလျှောက်ရာ၊ အဘိုးကြီးက

"ဟုတ်ကဲ့၊ ကျွန်တော်ရယ်၊ ကျွန်တော့်ခွေးရယ်၊ လားရယ်အတူလမ်းတစ်လျှောက်သွားနေသည့် အခိုက်၊ ဒီလူကကျွန်ုပ်တို့သွားနေတဲ့လမ်းထောင့်ကို အရှိန်နှင့်မောင်နှင်လာပြီး၊ ကျွန်ုပ်တို့ကိုတိုက်မိပြီး၊ မြောင်းထဲကျသွားကြပါတယ်၊ ပြီးတော့သူ့ရဲ့သေနတ်တို့နှင့်အတူ ကားပေါ်ကနေခုန်ချပြီး၊ ကျွန်ုပ်ရဲ့ခွေးဆီကို သူသွားတယ်၊ ခွေဟာသွေးထွက်သံယိုဖြစ်နေတဲ့အတွက် သူသတ်ပစ်လိုက်တယ်။ ပြီးတော့ကျွန်ုပ်ရဲ့လားဆီကို သွားပြီး ရှေ့ခြေထောက်ကျိုးနေပြီးဖြစ်တဲ့အတွက် သူသတ်ပစ်လိုက်ပြန်တယ်။ နောက်ဆုံးတော့ ကျွန်ုပ်ဘဝမှာ သက်သာချောင်ချစွာနေရတယ်ဆိုတာမရှိဖူးဘူး"---ဟူ၍ပြန်ဖြေလိုက်တယ်---။

## သမာကျမ်းစာဝေါဟာရများ

တိကျမှန်ကန်သောအဓိပ္ပါယ်ရှင်းလင်းချက် (definitions) များကိုအသုံးပြုပါ (သို့) ပိုင်ဆိုင်ထားပါ။ ဓမ္မပညာပိုင်းဆိုင်ရာ အဓိပ္ပါယ်ရှင်းလင်းချက် (definition) များကိုလေ့လာရာတွင် webster's အဘိဓါန်ကဲ့သို့သောလောကီပညာရေးရာ အဘိဓါန်များကို အသုံးမပြုပါနှင့်။ ဓမ္မပညာအသုံးအနှုန်းတွင် "လျှို့ဝှက်နက်နဲသောအရာ" ဟူသောစကားလုံးသည် "နားမလည်နိုင်သောအရာ" "ပဟေဠိဆန်သောအရာ" (သို့) "မဖြေရှင်းသေး (နိုင်) သောမေးခွန်း" စသည့်လောကီပညာရေး စကားလုံးများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်းတွေ့မြင်လာပါလိမ့်မည်။ ဓမ္မပညာတွင် "လျှို့ဝှက်နက်နဲသောအရာ" ဟူသောစကားလုံးသည် မသိမမြင်သေးသော သမ္မာတရားနှင့်လူအနေဖြင့် နားမလည်နိုင်သည့်အရာ၊ သို့သော် ယခုတွင် ခရစ်တော်အားဖြင့် ထုတ်ဖော်ဖွင့်ဟပြီးဖြစ်ကြောင်း သိရှိရပါသည်။

ရှေးတုန်းက၊ ဆက်ကပ်သည် ဂျာမနီလူမျိုး ဓမ္မပညာရှင်ဖြစ်ခဲ့သော Jahan Bengle ဆိုသူက မည်သူမဆို သမ္မာကျမ်းစာ၏ကြီးမြတ်သောစကားလုံး၊ အလုံး (၂၀) ကိုနားလည်သဘောပေါက်လျှင် သမ္မာကျမ်းစာကိုနားလည်သူဟူ၍ သူ၏စာအုပ်တစ်အုပ်တွင် ဖော်ပြခဲ့ဖူးပါသည်။ သို့သော် သူ၏၎င်းအလုံး (၂၀) ကိုကျွန်ုပ်တို့မတွေ့နိုင်သောကြောင့် ကျွန်ုပ်တို့ကိုယ်ပိုင်စုဆောင်းထားသော စကားလုံး (၂၀) ကိုပြင်ဆင်ပေးပါရစေ။

၁။ အပြစ်ဖြေခြင်း (Bolo) - ဓမ္မဟောင်းကျမ်းတွင် အပြစ်နှင့်ဆက်စပ်၍ ဤစကားလုံးကို အသုံးပြုသည့်အခါ၊ အပြစ်လွှတ်ခြင်းမဟုတ်ပဲ၊ အပြစ်ဖုံးအုပ်ခြင်း၊ အပြစ်ကိုဖုံးအုပ်ခြင်းကိုဆိုလိုပါသည်။ ထို့ပြင်ယဇ်ပူဇော်ခြင်း အခမ်းအနားတွင် လူ၊ သတ္တဝါနှင့် ဘောဇဉ်သကာများအား သန့်ရှင်းစေခြင်း (သန့်ရှင်းအောင်ပြင်ဆင်ပေးခြင်း) ကိုဆိုလိုပါသည်။ ၎င်းသည်သမ္မာကျမ်းစာ၏ စကားလုံး (အသုံးအနှုန်း) မဟုတ်ပါ။ သို့သော်ခေတ်ပေါ် ဓမ္မအသုံးအနှုန်းအရ "ခရစ်တော်၏ယဇ်ပူဇော်ခြင်း (အသက်စတည်းခြင်း) လုပ်ဆောင်ချက်များအားဖြင့် ဘုရားနှင့်လူအကြားပြန်လည်သင့်မြတ်ခြင်း (မိဿဟာယဖွဲ့ခြင်း)" ဟူ၍အဓိပ္ပါယ်ပေါက်ပါသည်။

၂။ ရွေးကောက်ခြင်း - ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း "မဟာအာဏာရှင်ဘုရားသခင်က ယုံကြည်သူများအား ကမ္ဘာမတည်မရှိမှီ ရွေးကောက်တော်မူခြင်း" ကိုဆိုလိုပါသည်။ ဤသွန်သင်ချက်သည် လူ့ဘက်၌လည်းတာဝန်ဝတ္တရားရှိသည်ဟူသော သမ္မာတရားနှင့်အမြဲတမ်းတွဲညို၍ လက်ခံထားရမည်။ လူသည်သခင်ယေရှုကို တိကျပြတ်သားသောသူ၏ စိတ်ဆန္ဒဆုံးဖြတ်ချက်အားဖြင့်လက်ခံရပါမည်။

၃။ ယုံကြည်ခြင်း - သခင်ယေရှုနှင့်သူ၏နှုတ်ကပတ်တော်၌ ယုံကြည်ကိုးစားခြင်းကိုဆိုလိုပါသည်။ ထို့ပြင် ယုံကြည်ချက် (belief) ၏ကံပုဒ်အပြစ်လည်းအသုံးပြုသည်။ ဥပမာ-"သန့်ရှင်းသူတို့၌အထက်က အပ်ပေးခဲ့သောယုံကြည်ခြင်း"--(ရှင်ယုဒ ၁း၃)။

၄။ အနာဂတံသဉာဏ် (အရာအားလုံးကိုကြိုတင်သိမြင်ခြင်း) - လူသတ္တဝါနှင့်ဖြစ်ရပ်၊ အဖြစ်အပျက်များ၏ ကံကြမ္မ (ချိန်းချက်သောအချိန်) များကို၊ ၎င်းတို့အားလုံးမတည်မရှိမီ နှံ့စပ်အောင် သိမြင်ခြင်းကိုဆိုလိုပါသည်။

၅။ အပြစ်လွှတ်ခြင်း - အပြစ်မှကင်းလွှတ်စေခြင်း (အပြစ်ရှိခြင်းမှလွှတ်ငြိမ်းစေခြင်း) ဖြစ်ပါသည်။ ဘုရားသခင်၏အပြစ်မှ ကင်းလွှတ်စေခြင်းသည် ကရာနီတောင်ကုန်း၌ ခမည်းတော်လုပ်ဆောင်ခြင်းအပေါ်တွင် အခြေခံသည်။ အပြစ်သားသည်သခင်ယေရှု၌ကိုးစားခြင်းအားဖြင့် တရားရုံးတော်နှင့်ဆိုင်သော တရားဝင် အပြစ်လွှတ်ခြင်းရရှိပြီး၊ ယုံကြည်သူသည်မိမိ၏ အပြစ်များကိုဖော်ပြတောင်းပန်လျှင် မိဘနှင့်ဆိုင်သော အပြစ်လွှတ်ခြင်းကိုရရှိသည်။

၆။ ချီးမွမ်းခြင်း (သို့) ဘုန်းပေးခြင်း - အရိုအသေပေး၍ချီးမြောက်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်းဖြစ်သည်။ ဘုရားသခင်၏ဘုန်းတော် (ဂုဏ်အသရေ) သည်သူ၏ပြီးပြည့်စုံခြင်းပင်ဖြစ်သည်။ ယုံကြည်သူသည် သူ/သူမ၏ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာကိုရရှိသည့်အခါ ဘုန်းတော်ထင်ရှားပါလိမ့်မည်။

၇။ ဧဝံဂေလိတရား - ဧဝံဂေလိတရားကို သတင်းကောင်းဟူ၍လည်းခေါ်ဆိုပါသည်။ ၎င်းသည် ကယ်တင်ခြင်း၏ဝမ်းမြောက်စရာသတင်းကောင်းကိုဆိုလိုခြင်းဖြစ်သည်။ အကျယ်ချဲ့၍ပြောရမည်ဆိုလျှင် ဓမ္မသစ်ကျမ်း၏ ကြီးမြတ်သောသမ္မာတရားများ အားကိုးရည်ညွှန်းနိုင်ပါသည်။

၈။ ကျေးဇူးတော် - ထိုက်တန်ခြင်းမရှိသောသူများ ထိုက်တန်ခြင်းမရှိရုံသာမက၊ ကျေးဇူးတော်၏ ဆန့်ကျင်ဘက်စကားလုံးနှင့်သာ ထိုက်တန်သောသူများအပေါ်တွင် ဘုရားသခင်၏ကျေးဇူးပြုခြင်း (သို့) မျက်နှာသာပေးခြင်းဖြစ်ပါသည်။ ၎င်းသည်အဖိုးအခမလိုဘဲ ပေးသောလက်ဆောင်ဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိသောအရာဖြစ်သည်။

၉။ ဖြောင့်မတ်စေခြင်း - ဖြောင့်မတ်စေသည်ဟူ၍ယူဆသတ်မှတ်ခြင်းဖြစ်သည်။ (Justify ဟူသောစကားလုံးသည် မြန်မာကျမ်းစာတွင် အပြစ်ပြေလွှတ်ခြင်းဟူ၍ ဘာသာပြန်ထားရာ မှန်ကန်ဖြောင့်မတ်ခြင်းသဘောကိုဆောင်ပါသည်။) လူသည်ဘုရားသခင်၏ဖြောင့်မတ်မှု၊ မှန်ကန်မှုကို အသိအမှတ်ပြု၍ဝန်ခံသောအခါ ဘုရားသခင်၏ဖြောင့်မတ်မှုကိုအတည်ပြုခြင်းဖြစ်ပြီး ဧဝံဂေလိတရားကို ယုံကြည်ပြီး၊ နောင်တရသောသူကိုဘုရားသခင်က ဖြောင့်မတ်သောသူဖြစ်စေသည်။ ဖြောင့်မတ်စေခြင်းသည် ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ အသွေးတော်၊ လုပ်ဆောင်ချက်များ၊ ဘုရားသခင်၏တန်ခိုးတော်တို့အားဖြင့် ရရှိသောအရာဖြစ်ပါသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ထိုက်တန်မှုမရှိခြင်းကိုဆိုလို (ရည်ညွှန်းခြင်းဖြစ်ပြီး) ယုံကြည်ခြင်းသည် ကျွန်ုပ်တို့လက်ခံရခြင်း၏ နည်းလမ်းဖြစ်သည်။ အသွေးတော်သည်ခရစ်တော်က ပေးဆပ်ခဲ့သောအဖိုးအခဖြစ်သည်။ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ဖြောင့်မတ်ခြင်း၏ သက်သေ အထောက်အထားဖြစ်သည်။ တန်ခိုးတော်ဖြင့်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်က သူ (ခရစ်တော်) ၏လုပ်ဆောင်ချက်ကိုလက်ခံကြောင်းပြသခြင်းဖြစ်သည်။ ထို့နောက် ဘုရားသခင်သည် ဖြောင့်မတ်စေသောသူဖြစ်သည်။

၁၀။ ပညတ်တော် (သို့) ပညတ်တရား - ၎င်းသည် အမိန့်တော်ဖြစ်ပါသည်။ ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်သည် ပညတ်တော်၏အောက်တွင် (ပညတ်တော်ကိုလိုက်နာရန်ကျဆုံးခဲ့ပါက ရရှိမည့်ပြစ်ဒဏ်နှင့် ပူတွဲ၍) လူတို့အားစစ်ဆေးစမ်းသပ်ခဲ့ပါသည်။ ကောင်းကြီးမင်္ဂလာသည် လူတို့၏နာခံခြင်းရှိ၊ မရှိအပေါ်တွင် မူတည်ပါသည်။ ဓမ္မသစ်ကျမ်း၏အမိန့်တော် (ပညတ်တော်) များသည် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်း ရရှိသောသူများအား ဖြောင့်မတ်စွာကျင့်ဆောင်ဖို့ရန်အတွက် ပေးထားသောသွန်သင်ခြင်းများဖြစ်သည်။ ယခုအခါ (ဓမ္မသစ်ခေတ်) နာခံလိုက်လျှောက်ခြင်းသည် ပြစ်ဒဏ်စီရင်ခြင်းကိုကြောက်ရွံ့ခြင်းကြောင့်မဟုတ်ပဲ ချစ်ခြင်းမေတ္တာ၏ လျှို့ဆော်ခြင်းအားဖြင့်ဖြစ်ပါသည်။

၁၁။ ခွဲခန့်မှတ်သားခြင်း - လူတို့အား၊ အချို့သောနေရာကဏ္ဍ (သို့) ကောင်းကြီးမင်္ဂလာ ခံစားခြင်းအတွက် ဘုရားသခင်၏ကြိုတင်ခွဲခန့်ခြင်းဖြစ်ပါသည်။ ယုံကြည်သူများသည် သားတော်၏ပုံသဏ္ဍာန်နှင့် တသီးတည်းဖြစ်စေခြင်း ငှါခွဲခန့်မှတ်သားခြင်းခံရသော သူများဖြစ်သည်။

၁၂။ အပြစ်ပြေခြင်း (အပြစ်ပြေစရာအကြောင်း) - ခရစ်တော်၏အသက်စတည်းခြင်း (ယဇ်ကောင် အဖြစ်ပူဇော်ခြင်း) ကဲ့သို့သောကျေနပ်လောက်သည့်ပေးဆပ်ခြင်းအတွက်၊ သနားခြင်းဂရုဏာတော်ကို ပြသသော လုပ်ဆောင်ချက်ဖြစ်သည်။

၁၃။ သင့်မြတ်စေခြင်း (မိဿဟာရဖွဲ့ခြင်း) - ပါတီနှစ်ခုအကြားငြိမ်းချမ်းရေးကိုဖန်တီးခြင်းနှင့် ရန်ငြိုးထားခြင်းကိုဖယ်ရှားခြင်းဖြစ်သည်။ ယုံကြည်သူများသည် ရန်ပွဲ (တိုက်ပွဲ) ကိုဖြစ်စေသောအကြောင်းရင်း ဖြစ်သည့်အပြစ်ကို သခင်ယေရှုသည် ဖယ်ရှားပေးသဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်သောသူများသည်။

၁၄။ ရွေးနုတ်ခြင်း - ၎င်းသည်ပြန်လည်ဝယ်ယူခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဖန်ဆင်းခြင်း ကတည်းက ဘုရားသခင်၏လူများဖြစ်ကြသည်။ သို့သော် အပြစ်လုပ်ဆောင်ခြင်းအားဖြင့် စာတန်မာန်နတ်၏ ကျေးကျွန်များဖြစ်လာခဲ့ကြသည်။ ခရစ်တော်သည် အလွန်တန်ခိုးကြီးမားသော မိမိ၏အသွေးတော်မြတ်အားဖြင့် ကျွန်ုပ်တို့အားပြန်လည်ဝယ်ယူခဲ့သည်။

၁၅။ နောင်တရခြင်း - မျက်နှာလွှဲခြင်း၊ ဆန့်ကျင်ဘက်အခြေအနေသို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ မိမိကိုယ်ကို၊ အပြစ်၊ ခရစ်တော်နှင့်ဘုရားသခင်ဘက်ဆီသို့ စိတ်ထားပြောင်းလဲခြင်းဖြစ်သည်။ ထိုမှတဆင့် သဘောထားပြောင်းလဲခြင်း၊ ဆက်လက်၍မိမိ၏ လုပ်ဆောင်ချက်အပြုအမူများပြောင်းလဲခြင်းဖြစ်သည်။ မိမိ၏ စိတ် (ထား) သာမက အသိတရားပြောင်းလဲခြင်းလဲပါဝင်သည်။ ၎င်းသည်အပြစ်သားတစ်ဦးအနေဖြင့် မိမိ၏ဘုရားတရားကင်းမဲ့ခြင်း၊ ပျက်ဆုံးနေခြင်း၊ အကူအညီကင်းမဲ့ခြင်း၊ မျှော်လင့်ချက်မရှိခြင်းနှင့် မိမိ၏ကျေးဇူးတရားလိုအပ်နေခြင်းတို့ကို သိရှိဝန်ခံခြင်းဖြစ်သည်။ ၎င်းသည် မိမိ၏အတ္တ (တစ်ကိုယ်ကောင်းဆန်ခြင်း) ကိုဆန့်ကျင်၍ ဘုရားသခင်ဘက်သို့လှည့်ခြင်း ဦးတည်ခြင်းဖြစ်သည်။

၁၆။ ရှင်ပြန်ထမြောက်ခြင်း - သေလွန်သောကိုယ်ခန္ဓာမှ ရှင်ပြန်ထမြောက်ခြင်းဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းဟု ဆိုရာ၌ စိတ်ဝိညာဉ်မဟုတ်ပဲ ကိုယ်ခန္ဓာရှင်ပြန်ထမြောက်ခြင်းကို အမြဲတမ်းရည်ညွှန်း ပါသည်။

၁၇။ ဖြောင့်မတ်ခြင်း - ဤအရာသည်အပြစ်နှင့်ပညတ်တရားကင်းမဲ့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်ပြီး မှန်ကန်သောအရာနှင့် တရားသောအရာကိုလုပ်ဆောင် (နိုင်) သောအရည်အချင်းဖြစ်သည်။ ဘုရားသခင်သည် လုံး၀ဥ သုံဖြောင့်မတ်သည်။ ဘုရားသခင်သည် သူ၏ဖြောင့်မတ်ခြင်းကိုခရစ်တော်အား ယုံကြည်သောသူ အပေါ်သို့ပေးထားတော်မူသည်။ ထိုဖြောင့်မတ်ခြင်းသည် နေရာယူမှုဆိုင်ရာ (ရာထူးပိုင်ဆိုင်ရာ) ဖြောင့်မတ်ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ယုံကြည်သူသည် ဖြောင့်မတ်စွာအသက်ရှင်ရပါမည်။ ၎င်း (ဖြောင့်မတ်စွာ အသက်ရှင်ခြင်း)သည် လက်တွေ့ပိုင်ဆိုင်ရာဖြောင့်မတ်ခြင်းဖြစ်သည်။

၁၈။ ကယ်တင်ခြင်း - အပြစ်၊ တရားစီရင်ခြင်း၊ အကျဉ်းထောင်၊ ရေနစ်ခြင်းစသည်တို့မှ ကယ်နှုတ်ခြင်း ဖြစ်သည်။ ၎င်းသည်ဝိညာဉ်ကယ်တင်ခြင်းကို ဖော်ပြရာတွင် မကြာခဏအသုံးပြုသည်။ သို့သော် ရှင်းလင်းတိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုမူ၊ ကျမ်းပိုဒ်နှင့်ဆက်စပ်သောအကြောင်းအရာ (context) အားဖြင့် ဆုံးဖြတ်ရပါလိမ့်မည်။

၁၉။ စင်ကြယ်သန့်ရှင်းစေခြင်း - သီးသန့်ခွဲခန့်ခြင်းဖြစ်ပါသည်။ ခရစ်တော်သည်လက်ဝါးကပ်တိုင်၏ လုပ်ငန်းအတွက် မိမိကိုယ်ကိုသီးသန့်ခွဲခန့်ခဲ့သည်။ ကယ်တင်ခြင်းမရသေးသောသူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ သီးသန့်ခွဲခန့်ခြင်းကိုခံယူနိုင်ပါသည်။ ၎င်းသည် သည်ပြင်ပအခွင့်အရေးအတွက် ရာထူးပိုင်ဆိုင်ရာ

သီးသန့်ခွဲခန့်ခြင်းဖြစ်သည်။ ယုံကြည်သူများသည် သူတို့၏အသက်တာပြောင်းလဲသည့် အချိန်တွင် ဘုရားသခင်ထံသို့ရာထူးပိုင်ဆိုင်ရာ သီးသန့်ခွဲခန့်ခြင်းကိုခံရသည်။ ထိုနောက် နေ့စဉ်ကြုံတွေ့ရသော အရာများ၌ မိမိကိုယ်ကိုသီးသန့်ခွဲခြားရမည်။ ထိုနောက် ကောင်းကင်ဘုံသို့ရောက်သောအခါ ပြည့်စုံသောသီးသန့် ခွဲခန့်ခြင်းကိုခံစားရမည်ဖြစ်သည်။ သက်မဲ့အရာများသည်လည်းဘဲ ဘုရားသခင်၏အမှုတော်လုပ်ငန်းအတွက် သီးသန့်ခွဲခန့်နိုင်ပါသည်။

၂၀။ အပြစ် - ဘုရားသခင်၏ပြည့်စုံခြင်းကိုစဉ်းစားတွေးတောခြင်း၊ စကားလုံး၊ လုပ်ဆောင်ခြင်း တစ်စုံတစ်ခုသောအားဖြင့် အသရေပျက်စေခြင်းဖြစ်သည်။ အပြစ်သည်ပညတ်တရားကင်းမဲ့ခြင်း၊ မှန်ယွင်းသော လုပ်ဆောင်ခြင်းနှင့် မှန်ကန်သောအရာကို လုပ်ဆောင်ရန်ကျဆုံးခြင်းဖြစ်ပါသည်။

## သမ္မာကျမ်းစာလေ့လာခြင်းခေါင်းစဉ်များ
## ခေါင်းစဉ် (၁)း လေ့လာမှတ်သားခြင်း

ကျွန်ုပ်တို့ထဲတွင် အချို့သောသူများသည် တရားသူကြီးအဖွဲ့ဝင်များဖြစ်ကြပေလိမ့်မည်။ ကျွန်ုပ်တို့ထဲက အများစုသောသူမျာသည် TV တွင်ပြသလေ့ရှိသော တရားရုံးတွင်အမှုစစ်ဆေးခြင်းကို ကြည့်ဖူးကောင်း ကြည့်ဖူးကြပါလိမ့်မည်။ တစ်စုံတစ်ခုသော မှုခင်းတိုင်း၌ စိတ်ဝင်စားစရာကောင်းသော ကဏ္ဍတစ်ခုမှာ မျက်မြင်သက်သေများနှင့် သူတို့၏ ပြောပြချက်များဖြစ်ပါသည်။ တစ်ချို့သောသူများသည် အင်မတန်မှလေ့လာ မှတ်သားနိုင်ကြပြီး သူတို့၏ပြောပြချက်များသည် ယုံကြည်စိတ်ချ လောက်သည်ဟုထင်ရပါသည်။ သူတို့မတွေ့မြင်သောအရာများကို "မြင်ပါတယ်" ဟူ၍မပြောပြကြသလို၊ မြင်တွေ့သောအရားများကို ဖော်ပြ (ရှင်းပြ) သောအခါတွင်လည်း သူတို့မှတ်မိသလောက် ပမာဏအထိ၊ တိကျမှန်ကန်စွာပြောပြ (ရှင်းပြ) ကြပါသည်။ အချို့သောမျက်မြင်သက်သေများသည် ယုံကြည်စိတ်ချလောက်အောင် မမှန်ကန်ကြောင်းသိသာ လှပါသည်။

ကျွန်ုပ်တို့ထဲတွင် အချို့သောသူများသည် Federal Bureau of Lnvestigation မှကြီးမှူးပြုလုပ်သော ရုပ်ရှင်သင်တန်း၌ မိမိ၏မှတ်သားလေ့လာနိုင်သောအရည်အချင်း (စွမ်းအား) စမ်းသပ် စစ်ဆေးပွဲတွင်ပါဝင်ခဲ့ဖူးသောသူများဖြစ်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် တိုတောင်းသောဇာတ်ကားတစ်ခု၌ မတော်တဆဖြစ်ရပ် (accident) တစ်ခု၏မြင်ကွင်းတစ်ခုအကြောင်းနှင့်စပ်လျား၍ ထုတ်ထားသောမေးခွန်းနှင့် ပတ်သက်လာလျှင်အမှတ် (ရလဒ်) ကောင်းကောင်းရမည်ဟုထင်ကြပေမည်။ အကယ်၍ကျွန်ုပ်တို့သည် သာမန်ထက်တစ်မူထူးခြားဆုံးဖြစ်အောင် လေ့လာမှတ်သားခြင်းမပြုပါက မေးခွန်းများ၏အဖြေမှန်ကို သုံးပုံတစ်ပုံသာ ရရှိကောင်းရရှိပါလိမ့်မည်။ ထိုဇတ်ကား၌ အမျိုးသမီးကိုင်ဆောင်ခဲ့သော ထီးကဘာအရောင်လဲ။ ရင့်သောအရောင်လား၊ ဒါမှမဟုတ်ပေါ့ပါးသောအရောင်လား။ အမှန်တကယ်တော့သူမဘာကိုမှ မကိုင်ဆောင်ခဲ့ပါ။ FBI မှာသင်တန်းဆင်းခဲ့သောသရုပ်ဆောင်တစ်ဦးအား ၎င်းမေးခွန်းများကိုဖြေဆိုမည် ဆိုပါက မေးခွန်းအားလုံး (သို့) အားလုံးနီးပါး မှန်ကန်အောင်ဖြေဆိုနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာနေသည့် အခိုက်တွင် ကျွန်ုပ်တို့၏ စိတ်ကူးတွေးတောချက်များကို ထိန်းချုပ်တတ်ရန် လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သင်ယူခဲ့သော အရာများ (သို့) ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားမနေပဲ ၎င်းတို့ကိုဘေးဖယ်ထားပြီး ၎င်းနှုတ်ကပတ်တော်တွင်ဘာရှိလဲဆိုတာကို မြင်တတ်ရန်မိမိ၏စိတ်ကို လေ့ကျင့်ထိန်းသိမ်းပေးရန်လို အပ်ပါသည်။

လေ့ကျင့်မှတ်သားခြင်းလုပ်ငန်းကို ပြုလုပ်ရာတွင် မိမိကိုယ်ကိုထုတ်မေးရမည့် မေးခွန်းများကို အောက်တွင်ဖော်ပြထားပါသည်။

## (က) အထွေထွေမေးခွန်း၏ပမာဏ

**ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာကဘာလဲ**

ကျမ်းပိုဒ်တစ်ခုကိုငင်း၏အဆက်အစပ်ဖြစ်သောအကြောင်းအရာနှင့် ဆက်စပ်၍ မလေ့လာပါက မမှန်သော အနက်ဖွင့်ချက်ဟူ၍ ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ သို့သော် ဤသတ်မှတ်ချက်သည် အမြဲတမ်း (ပုံသေ) တော့မဟုတ်ပါ။ အပိုဒ်ငယ်တစ်ခုတည်းဖြင့် သမ္မာကျမ်းစာအစ်အုပ်လုံးကို ကာမိသောသတင်းကောင်းနှင့် ပတ်သက်သည့် ကျမ်းပိုဒ်များစွာရှိပေသည်။ (အဆက်အစပ်ဖြစ်သောအကြောင်းအရာများ အတောအတွင်း၌သာအနက်အဓိပ္ပါယ်ဖွင့်ဆိုစရာမလိုပဲ၊ ငင်းကျမ်းပိုဒ်တစ်ပိုဒ်တည်းဖြင့် အကျုံးဝင်နိုင်သော ကျမ်းပိုဒ်များစွာရှိပေသည်)။ ဥပမာ-Martin Luther ကရှင်ယောဟန် ၃း၁၆ ကိုထိုကဲ့သို့သော ကျမ်းပိုဒ်ဟူ၍ သတ်မှတ်သည်။ သို့ဖြစ်စေကာမူ၊ စည်းကမ်းစည်းမျဉ်းအရ မိမိလေ့လာနေသည့် စာအုပ်များ၊ ထိုကျမ်းစာကို ရေးသားသူ (သို့) ပြောဆိုသူ၊ ဩဝါဒစာ၏ပရိသတ် (သို့) ငင်းကိုလက်ခံရရှိသူ၊ စသည်တို့ကို ပိုင်းခြားသိမြင်တတ်ရန် လိုအပ်ပါသည်။

များစွာသောဘာသာရေးခေါင်းဆောင်များသည် ရှင်ယောဟန် ၃း၅ ကိုအသုံးပြု၍ ရေ၌နှစ်ခြင်းခံခြင်းသည် မရှိမဖြစ်လုပ်အပ်ပါသည်ဟု သွန်သင်ခဲ့ကြသည်။ ငင်းကျမ်းပိုဒ်ကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

"ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်၌မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်ကန်ဆို၏" ဤကျမ်းပိုဒ်၏ Context အရဆိုလျှင် (ငင်းကျမ်ပိုဒ်နှင့်ဆက်စပ်သည့် အကြောင်းအရာ အရဆိုလျှင်) ခရစ်တော်သည် ခရစ်ယန်ရေနှစ်ခြင်းခံခြင်းအကြောင်းကို ပြောဆိုနေခြင်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ဂျူးဘာသာရေးခေါင်းဆောင်တစ်ဦးအား ခရစ်ယန် အသင်းတော် (ပင်တေကိုတေနေ့၌) မတည်ထောင်မှီ၊ စကားပြောဆိုနေခြင်းဖြစ်သည်။ ဂျူးလူမျိုးများသည် မိမိတို့၏သာသာ (Judaisim) ကိုလက်ခံရန် သူတစ်ပါးအားသိမ်းသွင်းရာတွင် (ကူးပြောင်းစေရာတွင်) ရေနှစ်ခြင်းပေးသည်မှန်သော်ငြားလည်း၊ နိကောဒင် (Nicodemus) သည် ထိုကဲ့သို့ကူးပြောင်းသောသူမဟုတ်၊ သူသည်ဂျူးလူမျိုးအဖြစ်မွေးဖွားသူဖြစ်ပြီး၊ အထင်ကြီးခံရသော (ဂုဏ်သက္ခာရှိ) က္ကသရေလ ဆရာတပါးလည်း ဖြစ်သည်။

အခြားသောသူများသည် သခင်ယေရှု၏နောက်ဆုံးညစာစားပွဲတွင် သူ၏အသွေးအသားကို (အမှန်တကယ်) တိုက်ရိုက်စားသုံးခြင်းဖြစ်သည်ဟူသော အယူအဆ (ပြင်ပပေါင်မုန့်နှင့်စပျစ်ရည်၏ နောက်ကွယ်တွင် အသွေး၊ အသား လျှို့ဝှက်စွာပါဝင်သည်ဟု သိမှတ်စွဲလမ်းခြင်းအယူအဆ) ကိုထောက်ပံ့ရန် ရှင်ယောဟန် (၆) တွင် သခင်ယေရှုပြောသောစကားကို အသုံးပြုကြသည်။ ဤအရာများအား သခင်ယေရှု ကဘယ်သူတွေကိုပြောခဲ့သလဲ။ ငင်းသည် ကပေရနောင် (Capernaum) မြို့၏တရားဇရပ်တစ်ခုတွင် ဂျူးလူမျိုးများ၊ ဆန့်ကျင်သူအများစုတို့ထံသို့ ကိုယ်တော်၏နောက်ဆုံးညစာကိုစောင့်ထိန်းသုံးဆောင်ရန် အမိန့်တစ်စုံတစ်ခုမှမပေးမှီ (သို့) ခရစ်ယန်အသင်းတော်များအား၊ ငင်းအမိန့်တော်ကို စောင့်ထိန်းရန်အမိန့်တစ်စုံ တစ်ခုမှမပေးမှီ ပြောခဲ့သောစကားဖြစ်ပါသည်။ ထို့ပြင်၊ ငင်းပြောခဲ့သောစကားများသည် ခန္ဓာပိုင်းဆိုင်ရာ မဟုတ်ပဲ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၌ အဓိပ္ပါယ်ကောက်ယူရန် အပိုဒ်ငယ် (၆၃) အားဖြင့် ရှင်းလင်းထင်ရှားစေပါသည်။ "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏"။

## (ခ) မေးခွန်းများမေးမြန်းရန်

ကျွန်ုပ်တို့မေးမြန်းသည့်မေးခွန်းများသည် ကျွန်ုပ်တို့မူလတန်းကျောင်းတွင်သင်ယူပြီးဖြစ်ကောင်း

ဖြစ်လိမ့်မည်၊ ပြန်လည်မေ့ပျောက်အောင်မေ့ပပျောက်ပြီးဖြစ်သည်။ အင်မတန်မှရိုးရှင်းသော အခြေခံမေးခွန်းများသာဖြစ်သည်။

**မေးခွန်း (၁) - ဘယ်သူလဲ**

သင်ရွေးချယ်ထားသောကျမ်းပိုဒ်ကို ဖတ်ရှုပါ။ တိုတောင်းသောကျမ်းပိုဒ်တစ်ခုကို သေသေချာချာ အရင်ရွေးချယ်ပါ။ မေးခွန်းများမှာ-ဘယ်သူကရေးသားသလဲ၊ ဘယ်သူ့ကိုပြောခဲ့သလဲ၊ (အကယ်၍ထပ်ဆင့်ကိုးကားသောကျမ်းပိုဒ်ဖြစ်ပါက) ဘယ်သူကပြောနေသလဲ၊ ဘယ်သူကလှုပ်ရှား (လုပ်) နေသလဲ၊ ဘယ်သူကို ရည်ညွှန်းနေသလဲ။

**မေးခွန်း (၂) - ဘာလဲ**

အဘယ်ဖြစ်ပျက်များဖြစ်နေသလဲ၊ ဤအရေးအသားသည် ဘာအမျိုးအစားဖြစ်သလဲ။ ကဗျာလား၊ တရားဟောချက်လား၊ သမိုင်းလား၊ သွန်သင်ချက် (doctoince) လား၊ အနာဂတ္တိ (သို့) ဗျာဒိတ်လား၊ ၎င်း၏အခြေအနေဟာဘာလဲ၊ ၎င်းငြင်းခုံမှု၏လိုရင်းအကျဉ်းချုပ်ဟာဘာလဲ၊ စာရေးသူ၏ (ဆိုလိုသည့်) သဘောလက္ခဏာဟာဘာလဲ၊ စသည်ဖြင့် ဘာလဲဟူသော မေးခွန်းသည် တစ်ဆင့်ပြီးတစ်ဆင့် ပွားများစေနိုင်ပါသည်။

**မေးခွန်း (၃) - ဘယ်အချိန်လဲ**

ဤကျမ်းပိုဒ်သည် ဘယ်အချိန်၌ဖြစ်ပျက်ခဲ့သလဲ၊ အတိတ်လား၊ ပစ္စုပန်လား၊ အနာဂတ်လား။ ဣသရေလနိုင်ငံကိုမတည်ထောင်ခင်ခေတ်များ၌ ဖြစ်ပျက်ခဲ့ခြင်းလား၊ ၎င်းသည်ယခု ယုံကြည်သူများ၏ ခေတ်ကာလ၌လား၊ အနာဂတ်အတွက်ကြိုတင်ဟောကိန်းထုတ်ခြင်းလား၊ ကောင်းကင်ဘုံ၌လား။

**မေးခွန်း (၄) - ဘယ်နေရာလဲ**

၎င်းသည်ဣ သရေလလူမျိုးများသဲကံန္တာရတောထဲ၌ ကြင်လည်နေသည်အတော အတွင်း၌ ဖြစ်ပျက်နေသလား၊ ယေရှုရှာလင်၌လား၊ ဘာဘုလုန်၌လား၊ ရောက်လာမည့်နိုင်ငံတော်၌လား။ နေရာဒေသသည် သမိုင်းတွင်ဖြစ်ပျက်ခဲ့သောအကြောင်းအရာများအတွက် အင်မတန်မှအရေးကြီးပေသည်။ တရားရုံး၏မှုခင်းတစ်ခုတွင် တရာခံကို “အမှုခင်းဖြစ်တဲ့ညက ခင်ဗျားဘယ်မှာနေလဲ” ဟူသောမေးခွန်းကို မေးလေ့ရှိပါသည်။

**မေးခွန်း (၅) - ဘယ်လိုလဲ**

၎င်းကျမ်းပိုဒ်ထဲက အခြေအနေသည်ဘယ်လိုအားဖြင့် ဖြစ်ပေါ်လာသလဲ။ ချစ်ခြင်းမေတ္တာအတွက်ကြောင့်လား၊ စစ်ပွဲကြောင့်လား၊ ပုန်ကန်ခြင်းကြောင့်လား၊ ဂရုတစိုက်စီမံထားသောအစီအစဉ်ကြောင့်လား၊ ဘုရားသခင်ကဝင်ရောက်စွက်ဖက်ခြင်းကြောင့်လား။

**မေးခွန်း (၆) - ဘာကြောင့်လဲ**

ဘာကြောင့်လဲဟူသောအကြောင်းအရင်းအဆင့်သို့ရောက်လာသည့်အခါ လေ့လာမှတ်သားခြင်း

အဆင့်ထက် အနက်အဓိပ္ပါယ်ဖွင့်မှုပိုင်းဆိုင်ရာအခြေခံအကြောင်းအရင်းများ ပိုမိုဝင်ရောက်လာရန်အလားလာပိုများပါသည်။ တစ်ခါတစ်ရံ တစ်စုံတစ်ခုသောအရာများသည် အဘယ်ကြောင့်ဖြစ်ပျက်ရသည်ကို ရှင်းလင်းစွာသိရပါသည်။ ၎င်းသည်ဘုရားသခင်၏ ဟောကိန်းထုတ်ခြင်း (ပျာဒိတ်) ကြောင့်ဖြစ်ရသည်။ ၎င်းသည်အတိတ်ကဖြစ်ရသည်။ ၎င်းသည်အတိတ်ကဖြစ်ပျက်ခြင်း၏ သဘာဝအကျိုးသက်ရောက်မှုဖြစ်သည်။ (စသည်ဖြင့်)။

ယခု ဂလာတိဩဝါဒစာအခန်း (၁) ကိုယူ၍ ဤမေးခွန်းများကို မေးကြပါစို့။

ဘာသူလဲ - ဂလာတိမှာရှိသော ယုံကြည်သူများကို ရှင်ပေါလုက စာရေးခဲ့ခြင်းဖြစ်သည်။

ဘာလဲ - ဂလာတိယုံကြည်သူများသည် မှားယွင်းသောသတင်းကောင်းကို ကြားနာသဖြင့် ရှင်ပေါလု (ဝမ်းနည်းနေခြင်း) စိတ်မကောင်းဖြစ်နေခြင်းဖြစ်သည်။

ဘယ်အချိန်လဲ - အသင်းတော် (တည်ထောင်ခြင်း) ၏အစောပိုင်းကာလဖြစ်သည်။ ထိုမတိုင်မီ၊ ရှင်ပေါလုက ထိုသူတို့အားတရားဟောခဲ့သည်။

ဘယ်နေရာမှာလဲ - သမ္မာကျမ်းစာ၏နောက်ကျော၌ရှိသော မြေပုံ (သို့) Bible atlas ဟုခေါ်သော ကျမ်းစာမြေပုံကိုကြည့်ရှုပါက ဂလာတိသည် Asia Minor ၏အလယ်ပိုင်းတွင် တည်ရှိကြောင်းပြသသွားပါလိမ့်မည်။

ဘာကြောင့်လဲ - ၎င်းသည်အမှားအယွင်းကိုတိုက်ထုတ်ရန် ဖြစ်ပြီး၊ သူ (ရှင်ပေါလု) ဟောပြောသော သတင်းကောင်းနှင့်၊ သူ၏တမန်တော်ဖြစ်ခြင်းအခွင့်အာဏာကို ခုခံကာကွယ်ခြင်းဖြစ်သည်။

ဘယ်လိုလဲ - ဂလာတိအသင်းတော်ရှိ ယုံကြည်သူများသည် ခဏခဏအပြောင်းအလဲရှိသည်ကို ရှင်ပေါလုထံ သတင်းရောက်ရှိခြင်းဖြစ်သည်။ ထို့အပြင် သူတို့ခြေမခိုင်ခြစ်ခဲ့သည်ကို အလွန့်အလွန်အံ့သြခဲ့သည်။

## ခြေလှမ်း (၂) ။ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ပထမခြေလှမ်းသည် ကျမ်းပိုဒ်ကဘာပြောသလဲဆိုတာကို လေ့လာမှတ်သားခြင်းဖြစ်ပြီး၊ ဒုတိယခြေလှမ်းသည်ကျမ်းပိုဒ်က ဘာကိုဆိုလိုသလဲဟူသော အချက်ကိုလေ့လာခြင်းဖြစ်သည်။ တစ်ခါတစ်ရံကျမ်းပိုဒ်သည် ရိုးရှင်းလှသည်ဖြစ်၍၊ သင့်အနေဖြင့်၊ မိမိ၏စိတ်ဝင်စားသောအကြောင်းအရာ၊ ကိုယ်ပိုင် (ဦးစားပေးသော) အလေးပေးသောအကြောင်းအရာများကို သက်သေအထောက်အထားအဖြစ်ပြုရန်၊ ဒါမှမဟုတ်ဒိဋ္ဌိအယူဝါဒ (သို့) သင်ခဲ့ခြင်းအတွက်၊ ကျမ်းပိုဒ်၏အရှိကိုအရှိအတိုင်းထက် မကျော်လွန်စေပဲ (ဘက်မလိုက်ဘဲ) မျှတလျော်ညီစွာ အသုံးပြုမည်ဆိုလျှင် ၎င်း၏ဆိုလိုရင်းအဓိပ္ပါယ်အတွက် အလုပ်ရှုပ်စရာမလိုပေ။

ခရစ်ယန်လောကတွင် လူတိုင်းနီးပါး အဓိပ္ပါယ်ကောက်နှုတ်ချက်သဘောတူညီမှု တစ်ထပ်တည်းကျရောက်နိုင်သောကျမ်းပိုဒ် (အပိုဒ်ငယ်) တစ်ပိုဒ်ကို (သာဓကအဖြစ်ရွေးချယ်ပြီး) အစပြုကြပါစို့။

၁ပေတရု ၅း၇ တွင်တမန်တော်ပေတာရုက “သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ သင်ကို၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့” ဟူ၍ဖော်ပြပါသည်။ ကျွန်ုပ်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ မိမိတို့၏စိုးရိမ်ပူပန်မှုအားလုံးကို ဘုရားသခင်အပေါ်၌ အပ်နှံကြရန်ဖြစ်သည်။ (အင်္ဂလိပ်ကျမ်းစာတွင် ‘သတိနှင့်ကြည့်ရှုတော်မူ၏’ ‘စိုးရိမ်ခြင်းအမှု’ ဟူသောစကားလုံးနှစ်ခုအတွက် care ဟူသောစကားလုံးသာအသုံးပြုသည်။ သို့ဖြင့် ကျွန်ုပ်တို့သည်အခြားဘာသာပြန်ကျမ်းစာများကိုလေ့လာ ချင်ကြပေလိမ့်မည်။ ) ‘care’ ဟူသောစကားလုံးသည် အစဉ်အလာအရ kjv နှင့် nkjv တို့၏အသုံးအနှုန်းဖြစ်ပြီး William Tyndale

ဘာသာပြန်ခဲ့သော ပထမဦးဆုံးအင်္ဂလိပ်ဓမ္မသစ်ကျမ်းစာကို ပုံနှိပ်ထုတ်ဝေသည်။ (၁၅၂၆ ခုနှစ်)။

ကတည်းကအသုံးပြုခြင်းဖြစ်သည်။ ၎င်းကျမ်းပိုဒ်၏ 'care' ဟူ၍အသုံးပြုသောစကားလုံးနှစ်ခုသည် မူရင်းဘာသာစကားတွင် လုံးဝကွဲပြားခြားနားသည်။ ပထမ 'care' သည်အနှုတ်လက္ခဏာဆောင်သော စကားလုံး 'care' (ဂရုစိုက်ခြင်း) သည်ကြိယာ (me lo) ဖြစ်ပြီး အဓိပ္ပါယ်မှာ စိတ်ဝင်စားခြင်း (သို့) ပုဂ္ဂိုလ်တစ်ဦးအပေါ် အရေးစိုက်ခြင်း (သို့) သင်၏ ဂရုစိုက်ခြင်းကို ခံရသောသူ/အရာဝတ္ထု ဟူ၍ဖြစ်ပါသည်။ သို့ဖြင့်စိုးရိမ်ပူပန်မှုဖြစ်စေသော ဂရုစိုက်မှုနှင့်ချစ်ခင်ကြင်နာမှုပေးသော ဂရုစိုက်မှု (တစ်နည်းအားဖြင့် သောကရောက်စေသော စိုးရိမ်ပူပန်ခြင်းနှင့် ချစ်ခင်ကြင်နာစွာစိုးရိမ်ပေးခြင်း) တို့အကြားကွဲပြားခြားနားခြင်း ကိုရှင်ပေတုရုက ဖော်ပြနေခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည်အထိ အသက်ရှင်သောအသက်ကြီးပိုင်း ဥရောပလူမျိုးသန်းပေါင်းများစွာတို့သည် အမေရိကန်ကုန်တင်ယဉ်ပုံမှ ပို့ပေးသောစဉ်းစဉ်းစားစား ဂရုတစိုက်စိုးရိမ်စွာဖြင့် သယ်ဆောင်ရသောအထုပ်အပိုးများမှတဆင့်၎င်း 'care' ၏အဓိပ္ပါယ်ဆိုလိုရင်းကို တိကျစွာသိရှိကြပေသည်။

အထက်ပါအသေးစိတ်ဖော်ပြခြင်းသည် သင်၏အနက်ဖွင့်ဆိုချက်ကိုကြီးပွားတိုးတက်စေသည်။ သို့သော် ဆိုလိုရင်း၏အဓိပ္ပါယ်သည် ရှင်းလင်းလှသည်ဖြစ်ရာ၊ ၎င်းစကားလုံးကို Reformation ခေတ်၌ဘုရားသခင်၏ နှုတ်ကပတ်တော်အတွက် မာသူရအဖြစ်အသေခံသော William Tynale ရွေးချယ်သောစကားလုံးဖြစ်ပြီး KJV version တွင်ထိမိစွာ (လှပစွာ) ဖော်ပြအသုံးပြုထားပါသည်။

ပို၍ခက်ခဲသောကျမ်းပိုဒ်များ၊ အထူးသဖြင့် အငြင်းပွားဖွယ်ရာဖြစ်သောကျမ်းပိုဒ်များတွင် (စိုးရိမ်ပူပန်ခြင်းမဟုတ်သော) ကြီးမြတ်သော 'care' ဂရုစိုက်ခြင်း (သတိနှင့်ကြည့်ရှုခြင်း) ကိုမှန်ကန်သော ဆိုလိုရင်းအဓိပ္ပါယ်သို့ရောက်ရှိနိုင်ရန် ပို၍အသုံးပြုသင့်သည်။ ဥပမာ-ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏ ဟူသောသွန်သင်ချက်ကို ငြင်းပယ်သောသူများသည် ဤကဲ့သို့သော ရိုးရှင်းသည့်ကျမ်းပိုဒ်များကိုတင်ပြသောအခါ 'အို ဒါကတော့ခင်ဗျားရဲ့ကိုယ်ပိုင်အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ပဲ' ဟုပြန်ပြောလေ့ရှိကြသည်။ ထိုသို့ပြန်ပြောကြရာတွင် 'အနည်းဆုံးလုပ်ဆောင်ချက်တစိတ်တစ်ပိုင်းအလေး ပါဝင်မှသာလျှင် ကယ်တင်ခြင်းသို့ရောက်သည်' ဟူသော (ခေတ်အဆက်ဆက်) တည်ဆောက်ထားသည့် ဘာသာရေးအယူဝါဒများကို ရည်ရွယ်၍ပြောကြပါသည်။ ထိုသူတို့သည် ဧဖက်ဩဝါဒ ၂း၈ ကဲ့သို့သော 'ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်' ကယ်တင်ခြင်းသို့ရောက်ကြောင်းသင်ပေးသည့် ကျမ်းပိုဒ်များစွာ တို့ကိုအမျိုးမျိုးဖြင့် (အကြောင်းပြ) ရှင်းပြ၍ဆင်ခြေပေးခဲ့ကြသည်။

ခရစ်ယာန်များအကြားတွင် ခြားနားကွဲပြားခြင်းများစွာရှိရခြင်းဖြစ်ရခြင်းသည် အမျိုးမျိုးသော အဖွဲ့အစည်းများမှ ခြားနားသောဘာသာပြန်ဆိုချက်အသီးသီးကြောင့် ကျမ်းပိုဒ်များ ကွာဟသွားတာမျိုး တို့အားဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပဲ ခေတ်အဆက်ဆက်က အသင်းတော်၏ထုံတမ်းအစဉ်အလာကို အသင်းတော်ဂိုဏ်း များက ဘယ်လောက်ထိတွယ်ဖက်နေသလဲဟူသော အကြောင်းကြောင့် ခရစ်ယာန်များ ကွဲပြားခြားနားရခြင်း ဖြစ်သည်။

ဥပမာ-Reformation ခေတ် (1560) တွင် Martin Lutter ကသမ္မာကျမ်းစာတွင် အတိအကျ (အသေးစိတ်) တားမြစ်ခြင်းမရှိသော ဝတ်ရုံ (ဝတ်ခြင်း)၊ ဖယောင်းတိုင် (ထွန်းညှိခြင်း) ကဲ့သို့သော၊ အစရှိသည့်အရာများကို ထိန်းသိမ်းထားခြင်းသည် ကောင်းပါသည်ဟူ၍ ယူဆထားသည်။ John Calvin ကမူ သမ္မာကျမ်းစာ၌မတွေ့ရသော အရာအားလုံးနီးပါးကို ထုတ်ပစ်ချင်သည်။ မည်သည့်နိုင်ငံတွင်မှ နိုင်ငံတော်၏အသင်းတော်မဖြစ်ဖူးသော လွတ်လပ်သောအသင်းတော်များ သည်ခရစ်ယာန် အသင်းတော်

များအနက်၊ အစွန်းရောက်ဆုံးသောအသင်းတော်တည်ထောင်ခြင်း စသည်တို့ကို ကန့်ကွက်ခဲ့ကြသည်။ နှစ်ခြင်း၊ မတ်သဒစ် (Methodist)၊ ကျမ်းစာအသင်းတော်များ၊ ညီအစ်ကို အသင်းတော်များတို့သည်ၚင်း (အစွန်းရောက်သည့်) အသင်းတော်များမှ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။

သမ္မာကျမ်းစာကို တစ်ဆင့်ပြီးတစ်ဆင့် (အဆင့်ဆင့်) လေ့လာခြင်းသည် ဘယ်လောက်အထိ ကြိုးစားအားထုတ်မှုလိုအပ်သည်ကို (သို့) ခက်ခဲတတ်သည်ကို၊ ခဲယဉ်းပြီး အငြင်းပွားဖွယ်ရာဖြစ်သော ကျမ်းပိုဒ်တစ်ခုကို သာဓကအဖြစ်ယူ၍ အနက်ဖွင့်ကြည့်ကြပါစို့။

"ပေတရုကလည်း၊ သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ဗတ္တိဇံကိုခံကြလော့" (တမန်တော် ၂း ၃၈)။

ရှင်ပေတရုက အဘယ်သူတို့အား ဤစကားများပြောခဲ့သလဲဆိုတာကို ပထမဦးဆုံးမှတ်သားရပါမည်။ ၎င်းစကားများကို ဣသရေလလူမျိုး၊ ယုဒလူမျိုးများကို ပြောကြားနေခြင်းဖြစ်သည်။ ပေတရုသည် တစ်ပါးအမျိုးသားများ (ဒါမှမဟုတ်) ခရစ်ယန်များကို စကားပြောနေခြင်းမဟုတ်ပဲ၊ မပြောင်းလဲသေးသော ဂျူးလူမျိုးများကို ပြောဆိုနေခြင်းဖြစ်သည်။ သူ၊ ပထမဆုံးပြောထွက်သောစကားလုံးသည် 'နောင်တရကြပါ' ဟူသောစကားလုံးဖြစ်သည်။ ထိုသူတို့အနေဖြင့်အဘယ်အရာကို နောင်တရသင့်သလဲ။ ယေဘုယျအားဖြင့် သူတို့၏အပြစ်အားလုံးအတွက် နောင်တရရမည်၊ သို့သော် ပေတရု၏စိတ်ထဲတွင် ဆိုလိုချင်သော အထူးအပြစ် တစ်ခုကျန်ပါသေးသည်။ ၎င်းမှာ ဘုန်းအသရေ နှင့်ပြည့်စုံသော ကိုယ်တော်ယေရှုအား လက်ဝါးကားတိုင်တွင် အသေသတ်ခဲ့သော အပြစ်ဖြစ်ကြောင်း၊ အပိုဒ်ငယ် ၂၃ နှင့် ၂၆ တို့အားဖြင့်ရှင်းလင်းစွာသိရပါသည်။ "ဘုရားသခင်ပြဋ္ဌာန်းတော်မူသော အလိုတော်အားဖြင့်၎င်း၊ အနာဂတ်တိ၊ ပညတ်တော်အားဖြင့်၎င်း၊ အပ်နှံခြင်းကို ခံသော ထိုယေရှုကိုသင်တို့သည် ဖမ်းဆီး၍မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ရိုက်၍ ကွပ်မျက်ကြပြီ"။ (အပိုဒ်ငယ် ၂၃)

"ထို့ကြောင့်သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သောယေရှုကို ဘုရားသခင်သည်ခရစ်တော် အရာ၌၎င်း၊ အစိုးရသောအရှင်အရာ၌၎င်း ခန့်ထားတော်မူသည်----" (အပိုဒ်ငယ် ၃၆)

နောင်တရပြီးသည့်အခါ၊ ရှင်ပေတရု၏စကားကို နားထောင်သောသူများအနေဖြင့် ဘာကို ဆက်လုပ်သင့်လဲ။ ယေရှုခရစ်တော်၏ နာမ၌နှစ်ခြင်းခံရမည်ဖြစ်သည်။ ၎င်းသည် ခရစ်ယန်နှစ်ခြင်းခံခြင်းဖြင့် နှစ်ခြင်းခံရမည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ထိုသို့နှစ်ခြင်းခံခြင်းအားဖြင့် ထိုသူတို့သည် ခရစ်တော်ကို ကွပ်မျက်သော လူမျိုးမှခွဲခြားသွားပြီး၊ ခရစ်တော်နှင့်ဆက်စပ်ကြောင်း လူသိရှင်ကြားဖော်ထုတ်ပြသခြင်းဖြစ်သည်။ ၎င်းနှစ်ခြင်းခံခြင်းသည် 'အပြစ်ကိုလွှတ်စေခြင်းငှါ' ဟူ၍ပြောထားပါသည်။ ဂျူးလူမျိုးများသည်သာလျှင် အပြစ်လွှတ်ခြင်းအတွက် ရေနှစ်ခြင်းခံရန်အမိန့်ပေးခြင်းခံရသောသူများဖြစ်သည်။ ကျွန်ုပ်တို့လေ့လာပြီးဖြစ်သည့် အတိုင်း၊ ဤကျမ်းပိုဒ်တွင် ထိုသူတို့၏အပြစ်သည် အထူးသဖြင့်မေရှိရ (Messiah) အပေါ်ပြုမူဆက်ဆံခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ရေ၌နှစ်ခြင်းမင်္ဂလာခံခြင်းအားဖြင့် 'သဘောမဖြောင့်သောဤအမျိုးမှ' သူတို့ကိုယ် သူတို့ကယ်တင်ရာရောက်ပေသည်။ (အပိုဒ်ငယ် ၄၀)။ ခရစ်တော်ကိုအသေသတ်သော လိပ်ပြာမလုံသည့် အပြစ်ကို မိမိခေါင်းပေါ်တွင်တင်သော အမျိုးမှ မိမိကိုယ်မိမိတို့သီးသန့်ခွဲခြမ်းခြင်းဖြစ်သည်။ (မဿဲ ၂၇း၂၅ကိုဖတ်ပါ)။

ရေနှစ်ခြင်းခံခြင်းသည် သူတို့၏ဝိညာဉ်ကိုမကယ်တင်ခဲ့ပေ။ သို့သော်၎င်းအားဖြင့် ခရစ်တော်နှင့် ပတ်သက်သောလိပ်ပြာမသန့်သည့်သွေးမှ လွတ်မြောက်စေပါသည်။ ရေနှစ်ခြင်းမင်္ဂလာက ဂျူးလူမျိုး၌ တည်သောအပြစ်ကိုထုတ်ပစ်ပြီးခရစ်ယန်၌တည်သော အပြစ်သို့တပ်ဆင်ပေးသည်။

"အပြစ်ကိုလွှတ်စေခြင်းငှါ" ဟူသောဝေါဟာရ၏အခြားတရားဝင် (အကျုံးဝင်) သောအနက်အဓိပ္ပါယ် ချက်ရှိပါသေးသည်။ ၎င်းသည် အပြစ်ကိုလွှတ်ပြီးသောကြောင့် ရေနှစ်ခြင်းခံရန်တိုက်တွန်းခြင်းဖြစ်နိုင်ပါသည်။ နောင်တရခြင်းအားဖြင့် (ယုံကြည်ကိုးစားမှုရှိကြောင်းသိရှိရပြီး) အပြစ်လွှတ်ခြင်းကို လက်ခံရရှိခဲ့ကြသည်။ ထိုအတွက်ကြောင့် သူတို့ကိုရေနှစ်ခြင်းခံရန် တိုက်တွန်းရခြင်းဖြစ်သည်။ ထိုကြောင့်ရေနှစ်ခြင်းခံခြင်းသည် အတွင်းပိုင်း၌ဖြစ်ပျက်သောအရာ၏ ပြင်ပအမှတ်အသား (အပြင်သို့ပြသခြင်း၏အမှတ်အသား) ဖြစ်သည်။

"သန့်ရှင်းသောဝိညာဉ်တော်နှင့် စွမ်းရည်ကျေးဇူးတော်ကိုခံရကြလိမ့်မည်" ထိုဂျူးလူမျိုးတို့သည် နောင်တရပြီး ယုံကြည်သည်နှင့်တပြိုင်နက် အသက်တာပြောင်းလဲသွားခဲ့ကြသည်။ သူတို့သည်မေရှိရ (Messiah) ၏သစ္စာခံဖြစ်ခြင်းကိုရေနှစ်ခြင်းခံခြင်းအားဖြင့် လူသိရှင်ကြားသက်သေပြသည်နှင့် တစ်ပြိုင်နက် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ကြသည်။

## ခြေလှမ်း (၃) ။ အသုံးချခြင်း

ဤနောက်ဆုံးအဆင့်ကိုတက္ကဗေဒနည်းကျကျပြောရမည်ဆိုလျှင် မိမိသင်ယူခဲ့သည့်သင်ခန်းစာများကို (လက်တွေ့) အသုံးချခြင်းဖြစ်သည်။ ကျမ်းပိုဒ်ကဘာပြောသလဲဟူသောအချက်သည် လေ့လာမှတ်သားခြင်း ဖြစ်ပြီး၊ ကျမ်းပိုဒ်ကဘာကိုဆိုလိုသလဲ ဟူသောအချက်သည် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ကျမ်းပိုဒ်က ကျွန်ုပ်အားဘာကိုဆိုလိုချင်သလဲ (ဘာပြောသလဲ) ဟူသောအရာသည် အသုံးချခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အများစုက တွေ့ကြုံခဲ့ကြသည့်အတိုင်း၊ "သမ္မာကျမ်းစာကျမ်းစာလေ့လာခြင်း" ဟူသည်၊ အမှန်တကယ်ပဲ မသိနားမလည်မှုအသီးသီးစုပေါင်းပါဝင်သော သမ္မာကျမ်းစာလေ့လာခြင်းဖြစ်တတ်ပါသည်။ ခြားနားသော ကျမ်းစာဘာသာပြန်သည့်အရာလေး၊ ငါးခုလောက်ကိုဖတ်ပြီး၊ ၎င်းဖတ်ရှုထားသော ကျမ်းစာနှင့်ဆက်စပ် သည့်အကြောင်းအရာကို လေ့လာမှတ်သားခြင်းမရှိစေပဲ၊ "ဒီကျမ်းစာက ကျွန်ုပ် (သို့) ကျွန်ုပ်တို့ကိုဘာပြောသလဲ" ဟူ၍၊ အသုံးချခြင်းသို့တိုက်ရိုက်တန်းသွားကြတတ်ပါသည်။ သို့ဖြစ်သည့်တိုင်အောင်၊ ကျွန်ုပ်တို့အနေဖြင့် ကျမ်းပိုဒ်များကိုလက်တွေ့အသုံးချရမည်ဖြစ်သည်။ ထိုသို့မပြုလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်လေ့လာခြင်း သည် ပညာရေးနှင့်ဆိုင်သော အသိဉာဏ်လေ့ကျင့်ခန်းလုပ်ခြင်းမျှသာ ဖြစ်သွားနိုင်သည်။ ကျမ်းစာထဲရှိ အချို့သောအကြောင်းအရာများသည် ကျွန်ုပ်တို့အတွက်တိုက်ရိုက် အသုံးချ၍မရပါ။ ဥပမာ- ဣသရေလအမျိုးသား (လူကြီး) များအားလုံးကို၊ လာကြရန်အမိန့်ပေးခဲ့သည်။ ကျွန်ုပ်တို့သည် ထိုကဲ့သို့လိုက်၍ ပြုလုပ်ရန် မမျှော်လင့်သင့်ပါ။ ထိုသို့အစား၊ ဤအမိန့်တော်သည် ကျွန်ုပ်တို့၏အသင်းတော်ဝတ်ပြု စည်းဝေးခြင်းများ၌ သစ္စာရှိစွာပါဝင်ကြရန် ခရစ်ယန်များအား တိုက်တွန်းအားပေးရာတွင် အသုံးချနိုင်ပါသည်။

သို့သော် "သခင်ယေရှုခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ (တမန်တော် ၁၆း၃၁) ဟူ၍ကျွန်ုပ်တို့အားပြောခဲ့လျှင် လိုက်နာခြင်းမရှိသေးပါ။ (ချက်ချင်း) လိုက်နာ နာခံသင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရေနှစ်/နှစ်ခြင်းခံခြင်းမရှိခဲ့ (ဖူး) သေးလျှင်ဓမ္မသစ်၏ တောင်းဆိုချက် အတိုင်း ၎င်းကိုဆောင်ရွက်သင့်ပါသည်။ ယခင်ကိုယ်တော်က သူ၏လူ (ယုံကြည်သူ) များအား၊ သခင်ညစာစားပွဲ (ပွဲတော်) ၌သူ့ကိုသတိရကြရန်ပြောခဲ့ပါက ၎င်းကိုဆောင်ရွက်နိုင်သည့်အချိန်တိုင်း၌ ကျိန်းသေလုပ်ဆောင်သင့် ပါသည်။ (၁ ကော ၁၁း၂၄)။ မိမိ၏နှုတ်ပါးစပ်ကိုစောင့်ထိန်းခြင်းကဲ့သို့သော၊ အချို့အမိန့်တော်များကို အောင်မြင်စွာနာခံလိုက်လျှောက်နိုင်ရန်အတွက် နှစ်အတော်ကြာ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ သို့သော် ယာကုပ် ၃း၁-၁၂ တွင်ဖော်ပြထားသော ရှင်ယာကုပ်၏ အမိန့်ကိုတစ်နေရာတွင် စတင်အသုံးချဖို့လိုအပ်ပါသည်။

မိမိကိုယ်ပိုင်လေ့လာခြင်း၌ငှင်း၊ ကျမ်းစာလေ့လာခြင်းသင်တန်းပို့ချပြီးသည့်အချိန်၌ငှင်း၊ တရားဟောပြီးသည့်အချိန်တွင်ငှင်း၊လက်တွေ့အသုံးချ၍ရသောအချက်များကို black beard ပေါ်တွင် စာရင်းပြုစုခြင်း၊ ဒါမှမဟုတ် မိမိ၏ခေါင်းပေါ်ရှိပြဝက် (projector) မှတဆင့်လူမျိုးစားပေါင်းစုံတို့၏ တင်ဆက်ခြင်းသည် မမှားယွင်းနိုင်သော၊ လုံးဝဥဿုံလုံလောက်သော၊ လှပစွာတည်ဆောက်ထားသော ဘုရားသခင်စာအုပ်၏ ဘက်စုံအသုံးပြုနိုင်ခြင်းကို ထူးခြားစွာ ခင်းကျင်းပြသခြင်းဖြစ်ပါသည်။

**အထူးကိစ္စ**

**တင်စားပုံဖော်ထားသောစကား**

သမ္မာကျမ်းစာကိုစာသားအတိုင်း (အရှိအတိုင်း) တိုက်ရိုက်အနက်အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်ဟူ၍ ပြောခြင်းထက်၊ သာမန်အားဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်ဟူ၍ ပြောခြင်းသည် ပို၍ကောင်းမွန် လိမ့်မည်ဟုထင်မိပါသည်။ ဤသို့ပြောရခြင်းသည် တင်စားပုံဖော်ထားသောစကားများအတွက် နေရာပေးခြင်း ဖြစ်ပြီး၊ ၎င်းတို့၏အဓိပ္ပါယ်ဆိုလိုချက်သည် စစ်မှန်လှ မှန်ကန်သည့်တိုင်အောင် ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့အား စာသားအတိုင်းတိုက်ရိုက် အဓိပ္ပါယ်ဖွင့်ဆိုခြင်းမပြုလုပ်သင့်ပါ။ ဥပမာ-ဆာလံကျမ်းတွင် သစ်ပင်များသည် လက်ခုပ်တီးကြ၏ တူးဖေါ်ပြရာတွင် ကျွန်ုပ်တို့သိသည့်အတိုင်း၊ သစ်ပင်၌လက်များမရှိသော်ငြားလည်း ၎င်းတို့၏ အကိုင်း အရွက်များအတူတကွ လှုပ်ရှားခြင်းသည် ဘုရားသခင်ဖန်ဆင်းထားသော လက်ရာများကသူ့ကို ချီးမွမ်းကြောင်း ကြီးမြတ်သောပုံဖေါ်ချက်ဖြစ်သည်။

Simile ဥပမာအလင်္ကာ (တင်စားခြင်း) - တစ်စုံတစ်ခုသောအရာကို 'ကဲ့သို့' ဟူသောစကားလုံး အသုံးပြု၍၊ အခြားအရာတစ်ခုနှင့် ခိုင်းနှိုင်းဖော်ပြခြင်းဖြစ်သည်။ "မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏" (ဗျာဒိတ် ၁း၁၄)။

Metonymy - ဆိုလိုရင်း၏အစားထိုးအမည် - နာမ်တစ်ခုကို၎င်းနှင့်သက်ဆိုင်သော အခြားနာမ်တစ်ခု အတွက် (ကိုယ်စား) အသုံးပြုခြင်းဖြစ်သည်။ ၁ ကော ၁၁း၂၆ တွင်ခွက်ကို၎င်း၏အထဲ၌ပါဝင်သော အရာကိုယ်စားအသုံးထားပါသည်။ ကောလောသဲ ၃း၅-၈-၉ တွင်မြေကြီးပေါ်မှာရှိသော သင်တို့၏ ကိုယ်အင်္ဂါ (ကျွန်ုပ်တို့၏ကိုယ်အင်္ဂါများ) ဟူသောစကားလုံးသည် ၎င်းကိုယ်အင်္ဂါအားဖြင့် "ကျူးလွန်ခဲ့သောအပြစ်များ" ကိုယ်စားအသုံးပြုထားပါသည်။

Hyperbole - အတိသယဝုတ္တိအလင်္ကာ (ပုံကြီးချဲ့ခြင်း) - ၎င်းသည်ချဲ့ကား၍ပြောသော စကားဖြစ်သည်။ (ကျမ်းစာဖတ်ရှုသည့်အခါလမ်းမှားမသွားရအောင် လွဲမှားခြင်းမရှိရလေအောင်) ပုံကြီးချဲ့၍ ပြောခြင်းဖြစ်ကြောင်း၊ သိသာထင်ရှားပါသည်။ "လမ်းပြသောလူကန်းတို့၊ သင်တို့သည်ခြင်တစ်ကောင်ကိုမျှ မပါစေခြင်းငှါ ရေကိုစစ်လျက်နှင့်ကုလားအုပ်ကိုမျိုပြ၏" (ရှင်မဿဲ ၂၃း၂၄)။

Parable - ပုံဆောင်ဝတ္ထု (ပုံဥပမာ) - အချက်အလက် (သို့) စိတ်ကူးယဉ်ဆန်သောဝတ္ထုကို (ဇတ်လမ်းတို) ဖြစ်ပြီး၊ ၎င်း၏မျက်နှာပြင်အောက်တွင် ပို၍နက်နဲသော အနက်အဓိပ္ပါယ်ကိုဆောင်ထားသည်။ တစ်ခါတရံ ပုံပြင်တစ်ခုလုံး၌ သွန်သင်ချင်သည့်အရာတစ်ခုသာ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည်၊ သမ္မာတရားကို ရိုးသားဖြူစင်သောစိတ်ဆန္ဒပြင် သိရှိလိုသူများအတွက် သဘောပေါက်နိုင်ရန်၊ ပုံဥပမာ များကိုအသုံးပြုသည်။ သို့သော် ၎င်းသည်သမ္မာတရား၌ စိတ်အားထက်သန်ခြင်းမရှိသောသူများအတွက် သမ္မတရားအလင်းကိုထုတ်မပေးခဲ့ပေ။ (ရှင်မဿဲ ၁၃ း ၁၀ - ၁၇)။

Allegory - ရူပကအလင်္ကာတွဲ - ၎င်းသည်ဇတ်လမ်းပုံပြင်များကို ရူပကအလင်္ကာပုံစံဖြင့်

ဖော်ပြထားခြင်းဖြစ်သည်။ ပုံဥပမာ ကဲ့သို့ပင်ဖြစ်သော်လည်း ၎င်း၏ဇတ်လမ်းပုံပြင်သည်ပို၍ရှည်လျားသည်။ သို့သော် ပုံဥပမာကဲ့သို့အသေးစိတ်ပုံဖေါ်ရန်မလိုအပ်ပေ။ ရှင်ပေါလုသည်အာဗြဟာ၏ အိမ်ထောင်သည်ဘဝ သမိုင်းကြောင်းကို ရူပကအလင်္ကာပုံစံအသုံးပြု၍ ကျေးဇူးတော်နှင့် ပညတ်တော်တွဲ၍ မရကြောင်း ပြသခဲ့သည်။ (ဂလာတိ ၄ း ၂၁-၃၁)။ John Bunyan's ၏ Pilgrim's Progress သည်ပို၍ရှည်လျားပြီး ၎င်းစာအုပ်သည် အပြစ်သားတစ်ဦး၏ စာတန်နိုင်ငံမှကောင်းကင်ရွှေပြည်သို့ခရီးသွားခြင်းကို ပုံဖော်ရှင်းပြထားခြင်းဖြစ်သည်။

Parallelim - ပြိုင်တူဖော်ပြခြင်း - "မိုးကောင်းကင်သည်ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏" (ဆာလံ ၁၉း၁)။ တူညီသောအရာကိုနည်းလမ်းနှစ်မျိုးဖြင့် ဖော်ပြခြင်းဖြစ်သည်။ ဤပြိုင်တူနှိုင်းယှဉ်ဖော်ပြခြင်းသည် ကဗျာစပ်ဆိုရာတွင် ဟေဗြဲလူမျိုးများနှစ်သက်သော နည်းပညာဖြစ်သည်။

Irony - ဇောက်ထိုး၍ပြောသောစကား - အရှိအတိုင်းတိုက်ရိုက်ပြောခြင်းထက် တစ်စုံတစ်ခုသော စကားအားဖြင့် ပြောဆိုဖော်ပြရာတွင် အသုံးပြုသောစကားဖြစ်ပြီး ရယ်ရွှင်စရာ၊ သရော်ခြင်း (သို့) ငေါ့သော စကားများပါဝင်တတ်သည်။ ၂ ကော ၁၁း၈ တွင်ရှင်ပေါလုက ကောရိန္တုလူတို့ကို အဖိုးအခမယူပဲ (စရိတ်ငြိမ်း) တရားဟောနိုင်ရန်အတွက် အခြားအသင်းတော်များထံမှ စရိတ်လုယူခဲ့သည်ဟုပြောခဲ့သည်။

Synedoche - အစိတ်အပိုင်းတစ်ခုကိုအားလုံးအတွက် (သို့) အားလုံး (အကုန်လုံး) ကိုအစိတ်အပိုင်း အတွက်အသုံးပြုခြင်း - ဥပမာ - "သင်သည်မြေမှုန့်" (ကမ္ဘာဦးကျမ်း ၃း၁၉)၊ တစ်နိုင်ငံလုံး (အင်္ဂလိပ်ကျမ်းစာတွင် တစ်ကမ္ဘာလုံး) ကိုစာရင်းယူစေခြင်းငှါ---အမိန့်တော်ရှိ၏" (ရှင်လုကာ ၂း ၁)။

ဟေဗြဲတို့၏တွက်ဆချက်အရ၊ ၂၄ နာရီတစ်ရက်သည် "onah" တစ်ခုဖြစ်ပြီး ၎င်း၏အစိတ်အပိုင်း တစ်ခုကိုလည်း "Onah" တစ်ခုဖြစ်သတ်မှတ်သည်။ ဤအရာသည် ဤကမ္ဘာ၏ အလယ်ဗဟို (သင်္ချိုင်း) တွင် ယေရှုခရစ်သည် ဘယ်လိုအားဖြင့် (၃) ရက် နှင့် (၃) ည နေခဲ့သလဲဆိုတာ ရှင်းပြသောနည်း တစ်နည်းဖြစ်သည်။ ၎င်းသည်သောကြာနေ့တစ်ဝက်၊ စနေနေ့တစ်နေ့လုံးနှင့် တနင်္ဂနွေနေ့တစ်ဝက်ဖြစ်သည်။

## ပုံစံအမျိုးအစား (သို့) ပုံဆောင်ခြင်း (Typology)

Typology ဟူသောစကားလုံးသည် ဂရိဘာသာ "typos" မှဆင်းသက်လာခြင်းဖြစ်ပြီး ၎င်း၏ အဓိပ္ပါယ်မှာ ပုံနှိပ်ရာ၊ ပုံပန်းသဏ္ဍာန်၊ နမူနာပုံစံ၊ ဥပမာ (သို့) အထူးသဖြင့် ဤနေရာတွင်ပုံစံအမျိုးအစား (သို့) ပုံဆောင်ခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ ၁ ကော ၁၀း၁၁ တွင်၊ ဓမ္မဟောင်းခေတ်၌ ဣသရေလ လူမျိုးများအပေါ်တွင် ဖြစ်ပျက်သောအရာများသည်၊ ဓမ္မသစ်တွင်သွန်သင်ရမည့် ဝိညာဉ်ပိုင်းဆိုင်ရာ သမ္မာတရား များ၏ နမူနာပုံစံ (သို့) ကြိုတင်၍ ရေးသားပုံဖော်ထားသောအရာများဖြစ်ကြောင်းတွေ့ရသည်။

ပုံစံအမျိုးအစား (သို့) ပုံဆောင်ခြင်းတစ်ခုသည် မေလခိဇေဒက်ကဲ့သို့သော လူပုဂ္ဂလ်ဖြစ်နိုင်ပြီး၊ ခါနန်ပြည်ကဲ့သို့သောနေရာ (သို့) တဲတော်၏ အစိတ်အပိုင်းကဲ့သို့သော အရာဝတ္တုလည်းဖြစ်နိုင်သည်။ အောက်တွင် ရှင်းလင်း၍ထင်ရှားသောပုံဆောင်ခြင်းအချို့ကို ဖော်ပြထားသည်။

နောဧ၏သင်္ဘော - တရားစီရင်သောအနေဖြင့် နောဧသင်္ဘောရေထဲတွင် နှစ် (စိမ်) ခြင်းသည် ခရစ်တော်၏ကရောနီကုန်းပေါ်တွင် အသေခံ (နှစ်ခြင်း) ကိုပုံဖော်ပါသည်။ သင်္ဘောပေါ်တွင် နေရစ်သောသူများကို ကယ်တင်သကဲ့သို့ ခရစ်တော်၌နေသောသူများသည် ကယ်တင်ခြင်းရကြပါသည်။ (၁ပေ ၃း ၁၃-၂၂)။

မေလခိဇေဒက် - "သင်သည်မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်---။ (ဟေဗြဲ ၇း၁၇)။

မောရှေ - "သင်၏ဘုရားသခင် ထာဝရဘုရားသည် သင်၏အမျိုးသားချင်းကိုတဲ၌ ငါနှင့်တူသော

ပရောဖက်တစ်ပါးကို သင့်အဖို့ပေါ်ထွန်းစေတော်မူမည် (တရားဟောရာကျမ်း ၁၈း၁၅)။

ပသခါ - "----ခရစ်တော်တည်းဟူသောငါတို့ပသခါ သိုးငယ်သည် ငါတို့အဖို့ယဇ်ပူဇော်ရာဖြစ်၏" (၁ ကော ၅ း ၇)။

ယဇ်ပုရောဟိတ်မင်း - "---ထိုသို့သောယဇ်ပုရောဟိတ် (သခင်ယေရှု) မင်းသည် ငါတို့၌ရှိ၏" (ဟေဗြဲ ၈း၁)။

ပူဇော်ခြင်း - "ထို့ကြောင့်၊ ကောင်းကင်ဘုံ၌ရှိသော အရာတို့၏ပုံများကို ထိုသို့သော ယဇ်ပူဇော်ခြင်းအားဖြင့်စင်ကြယ်စေရမည်ဖြစ်၍၊ ကောင်းကင်အရာတို့ကိုသာ၍ မြတ်သောယဇ်ပူဇော်ခြင်းအားဖြင့် စင်ကြယ်စေရ၏" (ဟေဗြဲ ၉း၂၃)။

တဲတော်၏ကန့်လန့်ကာ - "ခရစ်တော်တည်းဟူသော ကန့်လန့်ကာအားဖြင့်" (ဟေဗြဲ ၁၀း၂၀ က)။

တဲတော် - "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍---ငါတို့တွင်တည်နေတော်မူသည် (တဲထိုးတော်မူသည်) ဖြစ်၍---" (ယောဟန် ၁း၁၄)။

မန္နမုန့် - "ငါသည်ကောင်းကင်မှ ဆင်းသက်သောအသက်မုန့်ဖြစ်၏" (ယောဟန် ၆း၅၁)။

ကျောက် - "ထိုသူတို့နှင့်အတူလိုက်သော ဝိညာဉ်ကျောက်မှထွက်သောရေကိုသော်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း" (၁ ကော ၁၀း၄)။

မြွေ - "မောရှေသည်တောဌ်မြွေကို မြှောက်ထားသကဲ့သို့ လူသားသည်မြှောက်ထားခြင်းကိုခံရမည်" (ယောဟန် ၃း၁၄)။

ယောသပ် - (ယောကုပ်၏သား၊ မာရိ၏ခင်ပွန်းမဟုတ်)၊ သူသည်သခင်ယေရှုနှင့် (ကျမ်းစာ၌) ပုံစံအမျိုးအစားဘယ်တော့မှ ခိုင်းနှိုင်းခဲ့ဖူးခြင်းမရှိသော်လည်း၊ Ada Habershon ၅ နှင့် Arthur Pink တို့၏အဆိုအရ သူနှင့်သခင်ယေရှုအကြားတွင် တူညီဆက်နွယ်မှုအချက်ပေါင်း (၁၀၀) ကျော်ရှိကြောင်း သိရသည်။ ဤအရာက ကျွန်ုပ်တို့အားသမ္မာကျမ်းစာထဲတွင် ရှိသောအခြားသင်္ကေတနှင့် ပုံဆောင်ချက်များကိုလိုက်လံရှာဖွေရန် အားပေးတိုက်တွန်းခြင်းဖြစ်သည်။

အစွန်းရောက်ခြင်းနှစ်ခုရှောင်ရှားရန်ရှိပါသည်။ ဓမ္မသစ်ကျမ်းတွင်တိကျစွာဖော်ပြထားသော ပုံဆောင်ခြင်းများကိုသာ လက်ခံမည်ဆိုပါက (၁ ကော ၁၀း၁၁ မှတ်ချက်) ၏ "ထိုအကြောင်းအရာရှိသမျှတို့သည်" ဟူသောစကားကို အလွန်တင်းကျပ်စေရာရောက်ပေမည်။ အစွန်းရောက်ခြင်းနောက်ထပ်တစ်ခုမှာ မိမိ၏တွေးတောထင်မြင်ချက်ကို ထိန်းကွပ်ခြင်းမပြုပဲ၊ နေရာတကာတွင် (ဓမ္မဟောင်းတွင်သာမက ဓမ္မသစ်တွင်ပါ) ပုံဆောင်ခြင်း (သို့) ပုံစံအမျိုးစားများလိုက်လံရှာဖွေနေခြင်းဖြစ်ပါသည်။

သို့သော်ပြီးပြည့်စုံသော ပုံဆောင်ခြင်းဟူ၍မရှိပါ။ အထူးသဖြင့် ခရစ်တော်၏အကြောင်းနှင့် ပတ်သက်လာလျှင် ပြည့်စုံခြင်းမရှိ၊ ၎င်းပုံဆောင်သောအရာ၏ဆန့်ကျင်ဘက်သည်သာလျှင် ပြီးပြည့်စုံပါသည်။

ထို့ပြင်၊ ပုံဆောင်ခြင်းများပေါ်တွင် သွန်သင်ချက် (doctrine) များမတည်ထောင်ရပါ။ တစ်ခါတစ်ရံ ၎င်းတို့သည် doctrine များနှင့် ဗျာဒိတ်တော်အနက် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို သာ၍ကေပြု၍ ရှင်းပြခြင်း (သို့) အတည်ပြုပေးခြင်း တို့ကိုဆောင်ရွက်ပေးပါလိမ့်မည်။ Doctrine များ၏အခြေခံဇစ်မြစ်အတွက်မူ ၎င်းတို့သည် တရားဝင်အသုံးမပြုနိုင်ပေ။

## သမ္မာကျမ်းစာတွင် တွေ့ရသောသင်္ကေတလက္ခဏာ

မြေကြီး (သို့) လယ်ယာမြေသည် တစ်ခါတစ်ရံဣသရေလ လူမျိုးကိုရည်ညွှန်းရာတွင်အသုံးပြုသည်။

သို့ဖြင့် လယ်တော၌ဝှက်ထားသော ဘဏ္ဍာသည် ဣသရေလကိုညွှန်းသော သင်္ကေတလက္ခဏာ ဖြစ်နိုင်ပြီး ထို (ဣသရေလ) အတွက်ကိုယ်တော်သည် ရတတ်သမျှကိုရောင်း၍ ထိုလယ်ကိုဝယ်ရ၏ (မဿဲ ၁၃း၄၄)။ မြေကြီးထဲကထွက်သောသားရဲသည် နောက်ဆုံးသောကာလပိုင်း၌ ဣသရေလမြေမှ တန်ဖိုးကြီးသော အုပ်စိုးရမည့်အာဏာရှင် (သို့) မိစ္ဆာအရေဖက်ဖြစ်နိုင်ပါသည်။

ပင်လယ်သည်တစ်ပါးအမျိုးသား (Gentites) လူမျိုးများကိုညွှန်းသော သင်္ကေတလက္ခဏာ ဖြစ်နိုင်ပါသည်။ သို့ဖြင့် မဿဲ ၁၃း၄၆ တွင်ဖော်ပြသောပင်လယ်ထဲက အဖိုးတန်သည့်မြတ်သောပုလဲသည် ခရစ်တော်၏တပါးအမျိုးသား (Gentiles) သတို့သမီးဟူ၍၎င်း၊ ဗျာဒိတ် ၁၃း၁ တွင်တွေ့ရသော ပင်လယ်ထဲက သားရဲသည်ပြန်လည်ထူထောင်သော၊ ရောမအင်ပါယာကိုအုပ်စိုးမည့် တစ်ပါးအမျိုးသား (Gentiles) မင်းဘုရင်ဟူ၍၎င်း တင်ပြနိုင်ပါသည်။

အဲရုတ္တုပြည် (အီဂျစ်ပြည်) သည်ဆွဲဆောင်မှု၊ အပျော်အပါးနှင့် ရုပ်ထုကိုးကွယ်ခြင်းနှင့်ပြည့်သော ဤကမ္ဘာကြီးကို ပုံဖော်ခြင်းဖြစ်နိုင်သည်။

ခါနန်ပြည်သည် ကောင်းကင်ဘုံမဟုတ်ပဲခရစ်တော်အားဖြင့် ကောင်းကင်နိုင်ငံသားအရာ၌ ခန့်ထားသော ကျွန်ုပ်တို့၏လက်ရှိအခြေအနေဖြစ်သည်။ ခါနန်ပြည်တွင်စစ်ပွဲများရှိသော်လည်း ကောင်းကင်နိုင်ငံတွင်စစ်ပွဲမရှိပါ။ သတိရှိထားရမည့်အချက်တစ်ခုမှာ ဤသင်္ကေတလက္ခဏာ (များ၏ညွှန်းချင်သည့်အရာ) များသည်သမ္မာကျမ်းစာ၏ နေရာတကာတွင်ပုံသေအဖြစ် အစဉ်အမြဲသတ်မှတ်၍ မရပါ။

## သမ္မာကျမ်းစာ ကိန်းဂဏန်းများ

သမ္မာကျမ်းစာတွင် ကိန်းဂဏန်းများသည်အနက်အဓိပ္ပါယ်ရှိကြသည်။ ထိုကိန်းဂဏန်းများကို ထပ်ခါတလဲလဲ အသုံးပြုသောကျမ်းပိုဒ်များနှင့် ဆက်စပ်သောအကြောင်းအရာကို နှိုင်းယှဉ်ခြင်းအားဖြင့် ၎င်းတို့၏အနက်အဓိပ္ပါယ်ကို ခွဲခြားသိမြင်နိုင်သည်။

နံပါတ် (၁) - တစ်သီးတစ်ခြားဖြစ်ခြင်း (သို့) အကြီးမြတ်ဆုံးဖြစ်ခြင်းဟူ၍ယူဆရပါသည်။ ၎င်းသည် "ဒီစားသောက်ဆိုင်ကတော့ နယူးယောက်မြို့မှာ နံပါတ် (၁) ပါပဲ" ဟူ၍ ပြောသကဲ့သို့ဖြစ်သည်။ ဘုရားသခင်၏ တစ်ဆူတည်းဖြစ်ခြင်းကို "Shema" (ကြားသည်) ဟူသောဟေဗြဲအယူဝါဒ စာအုပ်တွင်တွေ့နိုင်ပါသည်။ "အိုသဣသရေလ လူမျိုး၊ နားထောင်လော့။ ငါတို့ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသောထာဝရ ဘုရားဖြစ်တော်မူ၏" (တရားဟောရာကျမ်း ၆း၄)။ အနာဂတ်တွင်ရောက်လာမည့်နိုင်ငံတော်အကြောင်း ဗျာဒိတ်တော်ပြုရာတွင် "ထိုနေရက်၌ဘုရားသခင်သည် တစ်ဆူတည်းသောဘုရားဖြစ်ပြီး၊ သူ၏နာမသည် တစ်ပါးတည်းဖြစ်လိမ့်မည်။

နံပါတ် (၂) - သက်သေခံခြင်းကိုအတည်ပြုခြင်းဖြစ်သည်။ "သက်သေခံနှစ်ဦး၊ သုံးဦးအားဖြင့် စကားရှိသမျှတို့သည် တည်ရလိမ့်မည်" (တရားဟောရာကျမ်း ၁၉း၁၅)။

နံပါတ် (၃) - သုံးပါးတစ်ဆူကဲ့သို့သောဘုရားသခင်၏ ပြီးပြည့်စုံခြင်းကိုဆိုလိုသည်။ "ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်၌" (ရှင်မဿဲ ၂၈း၁၉)။

နံပါတ် (၄) - ကမ္ဘာတစ်လွှားပျံ့နှံ့ခြင်း၏နံပါတ်ဖြစ်သည်။ သတင်းကောင်းစာအုပ် (၄) အုပ် (four gospels) အရပ်လေးမျက်နှာ (မြေကြီးလေးမျက်နှာ)၊ လေလေးမျိုး (ယေရမိ ၃၉း၃၆) ဗျာဒိတ် ၂၀း၈)။ သားရဲလေးကောင်သည် Gentile လူမျိုးများစုပေါင်းဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်ထားသည်။ ကမ္ဘာကိုရည်ညွှန်းသည် (ဒယေလ ၇ း ၃)။

နံပါတ် (၅) - လူတို့၏အားနည်းချက်နှင့် မှီခိုခြင်းကိုဖော်ပြခြင်းဖြစ်သည်။ တပည့်တော်တို့သည် လူ (၅၀၀၀) ကျွေးမွေးရန် မုန့် (၅) လုံးကိုသာထောက်ပံ့နိုင်သည်။ (ယောဟန် ၆း၉) ရှင်မဿဲ ၂၅း၂ တွင် ပညာသတိရှိသော သတို့သမီး (၅) ဦးနှင့်မိုက်သောသတို့သမီး (၅) ဦးဟူ၍ဖော်ပြထားပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ဘုရားသခင်အပေါ်၌ တာဝန်ရှိခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

နံပါတ် (၆) - ဤနံပါတ်သည် ပြီးပြည့်စုံခြင်း၏ နံပါတ်ဖြစ်သော (၇) ထက်တစ်ခုလျော့နည်းသည်။ ဂေါလျက်သည် (၆) တောင်နှင့်တစ်ထွာ (အရပ်)မြင့်သည်။ ဂျူးလူမျိုးတို့သည် သူတို့၏ဘာသာအလျှောက် "စင်ကြယ်ခြင်း" လုပ်ဖို့ရန်ကျောက်အိုးစည်ခြောက်လုံးထားကြသည် (ယောဟန် ၂း ၆)။ လူသိအများဆုံး ဖြစ်သော နံပါတ် (၆၆၆) သည်ဗျာဒိတ်ကျမ်းတွင်တွေ့ရသော သားရဲ၏နံပါတ်ဖြစ်သည်။ (၆) သည် လူသား၏ နံပါတ်ဖြစ်သည်။ လူသားသည်ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ရ၏။

နံပါတ် (၇) - နံပါတ် (ခုနစ်) သည်ပြီးပြည့်စုံခြင်းနှင့်အပြစ်ဆိုဖွယ်မရှိခြင်းတို့အတွက်ရပ်တည်ပေးသည်။ ဘုရားသခင်သည်ဖန်ဆင်းခြင်းလုပ်ငန်းအတွက် (၆) ရက်အချိန်ယူပြီး၊ (၇) ရက်နေ့ (သတ္တမနေ့) တွင်အနားယူခဲ့သည်။ အပြစ်ဖြေရာယဇ်ပူဇော်ရာတွင် ထာဝရဘုရားရှေ့တော်၌အသွေးကို (၇) ကြိမ်ဖြန်းရသည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည် ကောင်းကင်နိုင်ငံတော်အကြောင်းပြည့်စုံစွာဖော်ပြထားသော စံနမူနာကို ရှင်မဿဲ (၁၃) တွင် ပုံဥပမာ (၇) ခုဖြင့်ဖော်ပြပေးခဲ့ပြီး၊ အသင်းတော်ခေတ် (ယနေ့ခေတ်) အတွက် စံနမူနာကို ဗျာဒိတ်ကျမ်း ၂ နှင့် ၃ တွင်တွေ့ရသောအသင်းတော် (၇) ပါးအားဖြင့်ဖော်ပြပေးခဲ့သည်။

နံပါတ် (၈) - ၎င်းသည် အသစ်သောအစပြုခြင်းကိုရည်ညွှန်းသည်။ ကမ္ဘာမြေကြီးရေလွှမ်းမိုးခြင်း ခံရပြီးနောက် လူပုဂ္ဂိုလ် (၈) ဦးအားဖြင့် ကမ္ဘာ့လူဦးရေပြန်လည်အစပြု၍တိုးပွားလာခဲ့ပါသည်။ ဂျူးလူမျိုး ကလေးငယ် (ယောကျာ်း) သည် (၈) ရက်နေ့တွင်အရေဖျားလှီးရပါသည်။ ခရစ်တော်သည် (၈) ရက်၌အဆင်း သဏ္ဍာန်ပြောင်းလဲခဲ့ပြီး (ရှင်လုကာ ၉း၂၈)၊ (၈) ရက်နေ့၌ ရှင်ပြန်ထမြောက်ခဲ့သည်။ ကိုယ်တော်၏နေ့ (The Lord's day) သည်အသစ်သောနေ့ စတင်ရာ (၈) ရက်နေ့ဖြစ်သည်။ ဂရိလူမျိုးများကယေရှု (Iesous) ၏အမည်နာမကို ကိန်းဂဏန်းတန်ဖိုး ၈၈၈ တိတိအထိပေါင်းထည့်ပြီး တိုက်ဆိုင်ခြင်းတော့လုံးဝ မဖြစ်နိုင်ပါ။

နံပါတ် (၁၀) - ဤနံပါတ်သည် လူ၏တာဝန်ဝတ္တရားအတွက်ရပ်တည်သည်။ ပညတ်တော် (၁၀) ပါးရှိသည့်အပြင်၊ လုပ်စရာများကိုလုပ်နိုင်ရန်နှင့် သွားဖို့ရန်လိုအပ်သောနေရာသို့သွားနိုင်ရန် ခြေဆယ်ချောင်း နှင့်လက်ဆယ်ချောင်းရှိပါသည်။ (ထွက်မြောက်ရာ ၇း၁၂) (ရှင်လုကာ ၁၉း၁၃)၌ ဖော်ပြသောပုံ ဥပမာတွင် အမတ်တစ်ဦးသည် မိမိ၏ငယ်သား (ဆယ်) ယောက်ကို ငွေတစ်ပိဿာစီပေးအပ်ခဲ့သည်။

နံပါတ် (၁၂) - ဤနံပါတ်သည်အုပ်စိုးခြင်း၊ စီမံခန့်ခွဲခြင်း၊ မဟာအာဏာရှင်ဖြစ်ခြင်း နံပါတ်ဖြစ်သည်။ ဣသရေလ အမျိုး (၁၂) မျိုး သိုးသူငယ်၏တမန်တော် (၁၂) ပါး၊ ယေရုရှလင်မြို့သစ်၏ မြို့ရိုးအဖြစ် (၁၂) ထုပ်နှင့်အတူ တစ်ခါးဝင်ပေါက် (၁၂) ပေါက်၊ ထိုဝင်ပေါက်တံခါး (၁၂) ပေါက်၌ကောင်းကင်တမန် (၁၂) ပါးရှိသည်။

နံပါတ် (၄၀) - လူ၏တာဝန်ဝတ္တရား (နံပါတ် ၁၀) ကိုကမ္ဘာတစ်ဝှမ်းပျံ့နှံ့ခြင်း နံပါတ် (၄) နှင့်မြောက်ပြီး ညီမျှခြင်းချလိုက်လျှင် လူသားများကိုအပြီးသတ် (သို့) ပြည့်စုံစွာစစ်ဆေးစုံစမ်းခြင်းဟူသော အဖြေ ထွက်လာပါသည်။ တစ်ကမ္ဘာလုံးရေလွှမ်းမိုးခြင်းတွင် ရက်ပေါင်း (၄၀) (နေ့နှင့်ည) လုံးလုံးမိုးများရွာသွန်းခဲ့သည်။ မောရှသည်ဖြတ်သန်းခဲ့ရသောဘဝအပိုင်းအခြားဖြစ်သည့် အီဂျစ်ပြည်၊ သိုးထိန်းဘဝနှင့် ကန္တရတောထဲတွင် နှစ်ပါင်း (၄၀)စီစုံစမ်းစစ်ဆေးခြင်းခံခဲ့ရသည်။ ဣသရေလူမျိုးများသည်လည်း နှစ်ပေါင်း (၄၀) ကန္တရတောထဲ တွင်စုံစမ်းစစ်ဆေးခြင်းခံရသည်။ ရှောလုနှင့်ဒါဝိတ်နှစ်ဦးစလုံးသည် သူတို့၏ဘုရင်သက်တမ်းနှစ်ပေါင်း (၄၀) ၌စမ်းသပ်ခြင်းခံရသည်။ ကျွန်ုပ်တို့၏သခင်ယေရှုသည် ကန္တာရတောထဲ၌ရက်ပေါင်း (၄၀) စုံစမ်းသွေးဆောင်ခြင်း

ခံရသည်။ နိနဝေမြို့ကိုနောင်တရနိုင်ရန် ရက်ပေါင်း (၄၀) အချိန်ပေးခဲ့သည်။

## သမ္မာကျမ်းစာတွင်တွေ့ရသောအရောင်များ

သမ္မာကျမ်းစာထဲရှိအရောင်များသည်လည်း အဓိပ္ပါယ်ဆိုလိုလျက်ရှိပါသည်။ ခရမ်းရောင်သည် မင်းမျိုးမင်းနွယ်ဖြစ်ခြင်းနှင့် ဆက်စပ်မှုရှိပါသည်။ (တရားသူကြီး ၈း၂၆) နီရဲသောအရောင်သည် အပြစ်နှင့်၎င်း (ဟေရှာယ ၁း၁၈)၊ အဖြူရောင်သည် သန့်ရှင်းခြင်းဖြောင့်မတ်ခြင်းနှင့် ၎င်း(ဗျာဒိတ် ၆း၁၁ - ၁၉း၈)၊ အပြာရောင် (သို့) နီလာရောင်သည် ကောင်းကင်ဘုံနှင့် ၎င်း(ထွက်မြောက်ရာ ၂၄း၁၀) ဆက်စပ်မှုရှိကြသည်။

## သမ္မာကျမ်းစာတွင်တွေ့ရသောနာမည်များ

သမ္မာကျမ်းစာတွင်နာမည်များသည် လိုရင်းအဓိပ္ပါယ်ရှိကြသည်။ ယာကုပ်၏အဓိပ္ပါယ်မှာ-လိမ်လည်လှည့်ဖြားခြင်း (သို့) ကျော်တက်သူဖြစ်ပါသည်။ ထိုကဲ့သောလူကိုကျွန်တော်တို့က 'ကလိင်ကကျင့်ကောင်' ဟူ၍ခေါ်ရပါသည်။ သူ့ကို ဣသရေလ (Israel) ဟူ၍အမည်ပြောင်းပေးခဲ့ပြီး "ဘုရားသခင်နှင့်အတူစိုးစံသောမင်းသား (သို့) ဘုရားသခင်၏မင်းသား" ဟူ၍အဓိပ္ပါယ်ရပါသည်။

Charles Dickens ရေးသားထားသောစာအုပ်များသည် နှစ်ပေါင်း ၁၅၀ ကျော်မေ့မရနိုင်လောက်အောင် စိတ်ဝင်စားစရာကောင်းနေရခြင်း၏ အကြောင်းတစ်ရပ်မှာ သူရေးသားထားသော ဇတ်ကောင်များ၏စရိုက်များနှင့် ထိုဇတ်ကောင်တို့၏ အမည်များကို အံ့ဩစရာဖြစ်လောက်အောင် အံကိုက်စွာရွေးချယ်တတ်ခြင်းဖြစ်သည်။ အမှန်ကတော့ Dicken အနေဖြင့် သူ၏အရေးအသားသည် စိတ်ကူးယဉ်ပုံပြင်ဝတ္ထုမျှသာဖြစ်သည်။ အားလျော်စွာ သူ၏စိတ်ကြိုက်နာမည်တစ်ခုခုကို ပေး၍ရပါသည်။

သမ္မာကျမ်းစာတွင်တွေ့ရသော နာမည်များသည်လည်း ၎င်းတို့၏စရိုက်များနှင့်အံကိုက်ဆီလျော်ကျသည်ကိုတွေ့ရသည်။ သို့သော်ထိုနာမည်နှင့် ပုဂ္ဂိုလ်များသည် စိတ်ကူးယဉ်ပုံပြင်ဝတ္ထုမဟုတ်ပဲ အမှန်တကယ်အသက်ရှင်ခဲ့ဖူးသည့်လူများနှင့် သူတို့၏စစ်မှန်သောနာမည်များဖြစ်ပါသည်။ မဟာအာဏာရှင် ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တွင်တွေ့ရသော လူပုဂ္ဂိုလ် (အမျိုးသား+အမျိုးသမီး) တို့၏ နာမည်များသည် အဓိပ္ပါယ်ပြည့်ဝစွာပေးထားသောနာမည်များအဖြစ် သုံးသပ်ပြီးတစ်ခါတရံ ထိုသူတို့၏ ကိုယ်ရေးကိုယ်တာနှင့် စရိုက်များကို သိရှိနိုင်ရန် သော့ချက်ဖြစ်ပေးထားခြင်းဖြစ်သည်။

## သမ္မာကျမ်းစာတွင်တွေ့ရသည့်အချို့သော အဓိကကျသည့်နာမည်များ

### ဓမ္မဟောင်းကျမ်း

| | |
|---|---|
| အာဒံ | - အနီရောင်၊ မြေကြီး |
| ဧဝ | - အသက်ပေးသူ |
| ကာဣန | - အလိုကြီးခြင်း (သို့) ရရှိခြင်း |
| အာဗေလ | - မြက်ထူသောမြက်ခင်းပြင် |
| အာဗြံ | - မြင့်မြတ်သော အဘ |
| အာဗြဟံ | - လူအမျိုးတို့၏ အဘ |
| စာရာ | - မင်းသမီး |
| ဣဇာတ် | - သူရယ်မောသည် |

ယာကုပ် - လူလိမ်၊ ကျော်တက်သူ (တက်နင်းသူ)
ယုဒ - ချီးမွမ်းခြင်း
မိက္ခေလ - အဘယ်သူသည်ထာဝရဘုရားကဲ့သို့ဖြစ်သနည်း
ယောရှာယ - ယောဟောဝါသည် ကယ်တင်တော်မူသည်

**ဓမ္မသစ်ကျမ်း**

ယေရှု - ကိုယ်တော်သည် ကယ်တင်တော်မူသည်
မာရိ - ခါးသော (မိရိအံနှင့်အတူတူ)
ယောသပ် - တိုးပွားစေသောသူ
ပေတရု - ကျောက်တုံး
ဖိလိပ္ပု - မြင်းချစ်သောသူ
သတေဖန် - ပန်းကုန်း (အားကစားပြိုင်ပွဲတွင်အောင်ပွဲခံ၍ ရရှိသောပန်းကုံး)
ပေါလု - သေးငယ်သော

## သိထားသင့်သည့်အခြားသောအချက်အလက်များ

သတ္တုများ - သတ္တုများသည်လည်း ဆက်စပ်မှုရှိပါသေးသည်။ ရွှေသည်ဘုန်းအသရေ ဘုရားဖြစ်ခြင်းတို့နှင့်ဆက်နွယ်မှုရှိသည်။ ငွေသည်ရွေးနှုတ်ခြင်းကိုရည်ညွှန်းခြင်းဖြစ်သည်။ ကြေးဝါသည် တရားစီရင်ခြင်း၏သင်္ကေတဖြစ်ပြီး၊ သံသည်ခွန်အား၏သင်္ကေတဖြစ်သည်။

ရက်စွဲများ - သမ္မာကျမ်းစာကိုလေ့လာသည့်အခါ ရက်စွဲအတွက်မပြီးပြတ်နိုင်ဘဲ အချိန်ဆွဲမနေပါနှင့်။ သာဓက တစ်ခုအနေဖြင့် - သမ္မာဦးကျမ်း ၁း၁ တွင်ရက်စွဲပေးမထားပါ။ ဤကမ္ဘာမြေကြီးပေါ်ရှိ လူတိုင်း၏ သက်တမ်း (လူစဖြစ်ခြင်းသက်တမ်း) ကို (အနည်းငယ် ခြားနားချက်များရှိတတ်သော်ငြားလည်း) ဆွေစဉ်မျိုးဆက်များလေ့လာခြင်း (သို့) ဆွေစဉ်မျိုးဆက်ပြစရင်းဇယားမှ တွက်ချက်မှန်းဆနိုင်ပါသည်။ ယေဘုယျအားဖြင့်ပြောရမည်ဆိုလျှင် သမ္မာကျမ်းစာလေ့လာရာ၌ သင်၏အကျိုးအမြတ်နှင့် ပျော်မွေ့ခြင်း တို့ကိုရက်စွဲများတိကျစွာသိ၊ မသိခြင်းအားဖြင့်ထိခိုက်စေမည်မဟုတ်ပါ။

အချိန် - သမ္မာကျမ်းစာတွင် အချိန်ကိုဖော်ပြသောစနစ် နည်းလမ်းများသည်ကွဲပြားခြားနားတတ် ပါသည်။ ဂျူးလူမျိုးများက နည်းလမ်းပုံစံတစ်မျိုးအသုံးပြု၍၊ ရောမလူမျိုးမျာက အခြားတစ်မျိုးအသုံးပြု ကြပါသည်။ တစ်ခါတရံ ဆန့်ကျင်ဘက်ဖြစ်သည်ဟုထင်ရသောအရာများသည်၊ နေ့တစ်နေ့တာ၏အချိန်နာရီများ ခွဲခြမ်းပုံခြားနားခြင်း၊ ပြက္ခဒိန်များအသုံးပြုရာတွင် ကွဲပြားခြားနားခြင်းတို့ကြောင့်သာလျှင်ဖြစ်သည်။

အလေးချိန်၊ တိုင်းတာသည့်စနစ်နှင့်ငွေကြေးစနစ်များ - ဤနေရာတွင်လည်းတိကျသောအဓိပ္ပါယ် သတ်မှတ်ချက်အတွက်တင်းကျပ်သောခံယူချက်မထားပါနှင့်။ ဤအရာများသည်နှစ်ကာလကြာလာသည်နှင့် အမျှ အသုံးပြုသည့်စနစ်သည်လည်းအပြောင်းလဲရှိပါသည်။ ၎င်းတို့နှင့်ဆက်စပ်သောအကြောင်းအရာများက ၎င်းတို့၏ပမာဏမတန်တဆဖြစ်ခြင်းရှိမရှိ၊ လိုအပ်ခြင်းရှိမရှိ၊ လုံလောက်ခြင်းရှိမရှိ တို့ကိုဖော်ပြသွားပါလိမ့်မည်။

## ဝိညာဉ်တော်အယ်ဒီတာ

ဤနေရာတွင်သတိရအောက်မေ့ရမည့် အထောက်အကူဖြစ်စေသော စည်းမျဉ်းတစ်ခုရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဓမ္မဟောင်းကျမ်းတစ်ခုကို ဓမ္မသစ်ကျမ်းထဲတွင်ကိုးကားသောအခါ သူ၏

စည်းမျဉ်းစည်းကမ်းသည် သူ့ကိုယ်သူအပေါ်တွင်မူတည်သည်။ ၎င်း၏ဆိုလိုရင်းမှာ သန့်ရှင်းသောဝိညာဉ်တော် အနေဖြင့် ကျမ်းပိုဒ်တစ်ခုကိုယူပြီး အကြောင်းအရာဆက်စပ်မှုလုံးဝခြားနားသော ကျမ်းပိုဒ်ထဲတွင်အသုံးပြု နိုင်ပါသည်။ ဥပမာ - ဘုရားသခင်၏ဖော်ပြချက် (မှတ်သွင်းချက်) ကိုဟောရှေက ကိုးကား (ရေးသား) သော ဟောရှေ ၁း၉ "သင်တို့သည် ငါ၏လူမဟုတ်" ဟူသောစာသားသည် ဣသရေလလူမျိုးများ ဘုရားသခင်နှင့် ဝေးကွာပြီးဖြစ်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ သို့သော်ရှင်ပေါလုက၊ ဤဟောရှေကျမ်းပိုဒ်ကို ရောမင်း ၂၅း၂၆ ထဲတွင်ကိုးကားသောအခါ Gentiles (တစ်ပါးအမျိုးသားများ) ကိုရည်ညွှန်းခြင်းအဖြစ် အသုံးချသွားပါသည်။ ဤကစ္စအတွက်ပြဿနာမရှိပါ။ ၎င်းကျမ်းပိုဒ်အား ပထမနေရာတွင် ဖော်ပြရေးသားတော်မူသော သန့်ရှင်းသော ဝိညာဉ်သည် ထိုကျမ်းပိုဒ်ကိုနောက်တစ်ကြိမ် နည်းမျိုးစုံဖြင့် သူကြိုက်သလိုအသုံးချနိုင်ပါသည်။

## စာအုပ်များကိုပိုင်းခြမ်းလေ့လာခြင်း ဓမ္မဟောင်းကျမ်း

ကျွန်ုပ်တို့အတူတကွလေ့လာခဲ့သော အရာများသည် ဘုရားသခင်၏နှုတ်ကပတ်တစ်ခုလုံးအတွက် အထောက်အကူဖြစ်စေသောအရာများဖြစ်သည်။ သို့သော် သမ္မာကျမ်းစာသည်၊ ကယ်တင်ခြင်းသမိုင်း၏ ခြားနားသောခေတ်အဆက်ဆက်တို့၌ ဘုရားသခင်၏မှုတ်သွင်းခြင်းအားဖြင့် လူတို့ကရေးသားခဲ့သော စာအုပ်ပေါင်း (၆၆) အုပ်ပါဝင်သည်။ သမ္မာကျမ်းစာဖြစ်သည့်အားလျော်စွာ၊ ယောဘဝတ္ထု၊ တမန်တော်ဝတ္ထု၊ ဗျာဒိတ်ကျမ်းစသည့်ဖြင့်အမျိုးမျိုးကွဲပြားသည့်စာအုပ်များ၏ အခြေအနေများကို နားလည်သိရှိနိုင်ရန် အကူညီပေးသော ကောင်းမွန်သည့်အချို့သော လမ်းညွှန်များရှိပါသည်။

သမိုင်းနှင့်မဆိုင်သောစာအုပ်များက ဖန်ဆင်းခြင်း (အချိန်) မှဘီစီ ၄၀၀ အထိသင့်ကိုဆောင်ယူ သွားပါလိမ့်မည်၊ ပထဆုံး (၅) အုပ်ကို Pentateuch (စာလိပ်ငါးလိပ်) (သို့) Torah (သွန်သင်ခြင်း) ဟူ၍ ခေါ်ဆိုပါသည်။ သမိုင်းနှင့်ဆိုင်သောစာအုပ်များသည် တစ်ခုပြီးတစ်ခုနှစ်ကာလအလိုက်စဉ်ထားပါသည်။

### ၁။ စာလိပ် ငါးလိပ် (Pentateuch)

ကမ္ဘာဦးကျမ်းကသင့်ကို ဖန်ဆင်းခြင်းအချိန်မှ ယောသပ်အနိစ္စရောက်သည်အထိ ဆောင်ယူသွားသည်။ ထွက်မြောက်ရာကျမ်းသည် ဣသရေလလူမျိုးများသိနာတောင်ရောက်သည်အထိ (၁၉း ၁-၂)၊ နှစ်ကာလအစဉ် လိုက် တောက်လျှောက်ရွေ့လျားသွားသည်။ ကြွင်းကျန်သောထွက်မြောက်ရာ ကျမ်း၊ ဝတ်ပြုရာကျမ်း၏ အားလုံးနှင့်တောလည်ရာကျမ်း ၁း၁ - ၁၀း၁၀ အထိသည်သိနာတောင်ပေါ်တွင်နေရာယူသည်။

ကျန်သေးသောတောလည်ရာကျမ်းအခန်းများတွင် ကတိတော်ထားသောပြည်သို့ ဣသရေလ လူမျိုးများခရီးဆက်ခြင်းကိုဖော်ပြထားသည်။ အဆုံးပိုင်းတွင်သူတို့ (ဣသရေလများ) သည် ယောဒန်ဖြစ်၏ အရှေ့ပိုင်းမောဘ လွင်ပြင်တွင်ရောက်ရှိသွားကြသည်။

တရားဟောရာကျမ်းသည် မောဘလွင်ပြင်တွင် နေရာယူဖြစ်ပျက်ခဲ့သည်။

### ၂။ သမိုင်းနှင့်ဆိုင်သောစာအုပ်များ

ယေရှုမှတ်စာသည်ခါနန်ပြည်ကို သိမ်းပိုက်ခြင်းနှင့် ၎င်းပြည်အား ဣသရေလအမျိုး (၁၂) မျိုးတို့အား ခွဲဝေပေးသည့်အကြောင်းဖော်ပြပါသည်။ တရားသူကြီးမှတ်စာသည်ခါနန်ပြည်၌ အတည်ကျပြီနောက်ပိုင်း ဣသရေလလူမျိုးများ၏ဖောက်ပြန်ခြင်းနှင့် ထိုသူတို့အားဘုရားသခင်ခန့်ထားသောစစ်မက်ရေးရာခေါင်းဆောင် များအားဖြင့် ပြန်လည်ကယ်တင်ခြင်းအကြောင်းပြောပြပါသည်။ ရုသနှင့်သူမ၏ သမိုင်းပတ်ဝန်းကျင်တွင် ဖြစ်သော

အဖြစ်အပျက်များသည် တရားသူကြီးများခေတ်တွင် ဖြစ်ပျက်ခဲ့သည်။

၁ ဓမ္မရာဇဝင်သည် ရှာမွေလအားဖြင့် ခန့်ထားသော ဣသရေလ၏ ပထမဦးဆုံးဘုရင်ရှောလုမင်းနှင့် ဒါဝိတ်အပေါ် သူ၏ စိတ်ဖောက်ပြန်မှုတိုးပွားလာခြင်းအကြောင်း ရေးသားထားသည်။

၂ ဓမ္မရာဇ်ဝင်တွင် ဒါဝိတ်သည်ရှောလုမင်းအား ရာထူးဆက်ခံပြီး၊ အောင်မြင်ခြင်း မှဝမ်းနည်းခြင်း (ကံဆိုးမိုးမှောင်ကျခြင်း) သို့ ခရီးဆက်ခဲ့သည်။

တတိယဓမ္မရာဇဝင်တွင်ရှောလမုန်သည် ဒါဝိတ်မင်းကြီးကိုရာ ထူးဆက်ခံပြီး၊ ဘုန်းကျက်သရေရှိစွာ အုပ်စိုးခဲ့ပြီး နောက်၊ ကျဆုံးခြင်းသို့ရောက်ခဲ့ရသည်။ သူ၏သားရောဗောင်၏ မိုက်မဲသောလုပ်ဆောင်ချက်များ ကြောင့် (ဣသရေလ) တိုင်းပြည်နှစ်ခြမ်းကွဲရသည်။ ကျွန်ုပ်သည် အခန်းများနှင့် စတုတ္ထဓမ္မရာဇဝင် တစ်အုပ်လုံးတွင် နှစ်ခြမ်းကွဲသွားသောတိုင်းပြည်တို့၏ သမိုင်းများကိုဖော်ပြပေးပါသည်။

ပထမရာဇဝင်ချုပ်သည် ပထမ၊ ဒုတိယ ဓမ္မရာဇဝင်နှင့် တူညီ (ပြိုင်တူဖြစ်) သော်လည်း၊ ၎င်းသည် သမိုင်းနှင့်ဆိုင်သော ဖြစ်စဉ်များကိုဖော်ပြခြင်းထက် ဝိညာဉ်ပိုင်းဆိုင်ရာ ရှုထောင့်ဖြင့်ရေးသားထားခြင်းဖြစ်သည်။

ဒုတိယရာဇဝင်ချုပ်သည် တတိယ၊ စတုတ္ထဓမ္မရာဇဝင်နှင့် ပြိုင်တူဖြစ် (တူညီ) သည်။ ၎င်းသည်လည်း ဝိညာဉ်ပိုင်းဆိုင်ရာ ရှုထောင့်ဖြင့်ရေးသားထားခြင်းဖြစ်ပြီး၊ ဂျူးလူမျိုးများအား ကျွန်ဘဝမှ သူတို့ကိုဇာတိမြေသို့ ပြန်သွားကြရန် ပေရသိရှင်ဘုရင်ကုရုမင်း၏ခွင့်ပြုသည့်အမိန့်ထုတ်ပြန်ခြင်းဖြင့် အဆုံးသတ်သွားသည်။

ဧဇရနှင့်နေဟမိမှတ်စာများတွင်ကုရုဘုရင်၏ အမိန့်ထုတ်ပြန်ခြင်း အကျိုးရလဒ်အဖြစ်ပြည်တော်သို့ ပြန်လာသည့်ဣသရေလများ၏ ခရီးစဉ်နှင့်လုပ်ဆောင်ချက်များကို ဖော်ပြပါသည်။ နေဟမိမှတ်စာကုန်ဆုံးပြီး နောက်ဓမ္မဟောင်းကျမ်း၏ သမိုင်းသည်လည်း အဆုံးသတ်သွားသည်။

ဧသတာဝတ္ထုတွင်ဖြစ်ပျက်သော အရာများသည်ဧဇရမှတ်စာအခန်း (၆) နှင့် (၇) အကြားတွင် ဖြစ်ပျက်ခြင်းဖြစ်ပြီး၊ ပြည်တော်သို့ ပြန်မလာသော ဂျူးလူမျိုးများနှင့်ပတ်သက် (သက်ဆိုင်)သည်။

ကမ္ဘာဦးကျမ်းအခန်း (၁) မှ (၁၁) အထိသည် ကနဦးလူသားတို့၏သမိုင်းကြောင်းကို ဖော်ပြပါသည်။ ကမ္ဘာဦးကျမ်း (၁၂) မှဓမ္မဟောင်းပြီးဆုံးသည့်အထိ၊ အကြောင်းအရာမှတ်တမ်းများအားလုံးနီးပါးသည် ဣသရေလနိုင်ငံနှင့် သာသက်ဆိုင်ပါသည်။ အခြားနိုင်ငံများသည် ဣသရေလနိုင်ငံနှင့်ပါဝင်ပတ်သက်သော ကြောင့်သာလျှင် ၎င်းတို့၏အကြောင်းအရာများကို ဖော်ပြရခြင်းဖြစ်သည်။

ဤနေရာတွင် သင်ဖတ်ရှုလေ့လာခဲ့သည့်များစွာသော လူပဂ္ဂိုလ်များနှင့်ဖြစ်ရပ်ကိစ္စများသည် ဓမ္မသစ်ခေတ်သို့ဦးတည်ညွှန်ပြနေကြောင်းသတိရပါသည်။

ထို့ပြင် ဓမ္မဟောင်းကျမ်းထဲရှိဘုရားသခင် လူတို့၏အတွေ့အကြုံများသည် ကျွန်ုပ်တို့အတွက်ဝိညာဉ် ပိုင်းဆိုင်ရာသင်ခန်းစာများကို သိရှိစေရန်ရည်ရွယ်၍ပေးထားခြင်းဖြစ်ကြောင်းကိုလည်း သတိရရပါမည်။ (ရောမ ၁၅း၄၂ - ၁ ကော ၁၀း၁၁)။

ယနေ့အရှေ့အလယ်ပိုင်းဒေသရှိမြစ်ဖျားသည် (ဥပမာ-ယူဖရေးတစ်၊ တိုက်ဂရစ်) ရေလွှမ်းမိုးခြင်းမဖြစ်မီ အခြားမြက်ဖျားကဲ့သို့သူတို့စီးသောလမ်းကြောင်းအတိုင်း တိကျစွာစီးဆင်းနေမြဲ စီးဆင်းနေသည်ဟူ၍ မသတ်မှတ်နိုင်ပါ။ ဤအချက်က ဧဒင်ဥယျာဉ်သည် ဘယ်နေရာတွင်တည်ရှိခဲ့သည်ကို တိကျစွာပြောရန် မဖြစ်နိုင်ကြောင်းပြသပါသည်။

သင့်အနေဖြင့် (ကျမ်းစာလေ့လာရင်း) ယဇ်ပူဇော်ခြင်းအကြောင်းအရာသို့ရောက်သောအခါ အပြစ်ဖြေရာ ယဇ်ပူဇော်ခြင်း (သို့) အပြစ်ပြေခြင်း အကြောင်းကိုနားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ဂျူးလူမျိုးများသည် ဘုရားသခင်၏ပဋိညာဉ်လုပ်ထားသော သူများဖြစ်ကြသည်။ သူတို့သည် ကာလအဆက်ဆက် ပေါ်ထွန်းခဲ့သော ယုံကြည်သူများနည်းတူ ထာဝရဘုရား၌ယုံကြည်ကိုးစားခြင်း ကယ်တင်ခြင်းသို့ရောက်သောသူ

များဖြစ်ကြသည်။ ဘုရားသခင်ကပေးထားသောနှုတ်ထွက်စကားများကို ယုံကြည်သောအခါ ထာဝရဘုရားက သူတို့ကိုထိုက်တန်သော အနေအထားသို့ ရောက်စေပြီး၊ သခင်ဘုရားနှင့် အမြဲတမ်းမိဿဟာယ ဖွဲ့ဖို့ဖြစ်လာသောအခါ ပြဿနာနှင့်ရင်ဆိုင်ရပါသည်။ ဘုရားသခင်ကိုကိုးစားသောအခါ သူတို့၏အပြစ်များကို ခွင့်လွှတ်ပေးခဲ့သည်။ သို့သော်ထာဝရဘုရားကိုမကိုးစားပဲနေသောအခါ သူတို့သည်ညစ်ညူးခြင်းသို့ ရောက်သွားကြ၏။ ယဇ်ပူဇော်ခြင်းသည် ၎င်းညစ်ညူးခြင်းကြောင့် ပူဇော်ရခြင်းဖြစ်ပြီး၊ ဘာသာရေးထုံးတမ်းစဉ်လာအတိုင်း (တိရစ္ဆာန်အားဖြင့်) ပူဇော်ခြင်းဖြစ်သည်။ သို့သော် ထိုပူဇော်ခြင်းတို့သည်အပြစ်တစ်ခုကလေးကိုပင်ဆေးကြောနိုင်ခြင်းလုံးဝမရှိပါ။ (ဟေဗြဲ ၁၀ း ၄)။ ထို့ကြောင့်အပြစ်ဖြေရာယဇ်ပူဇော်ခြင်း (သို့) အပြစ်ဖြေခြင်း (Atonement) (မူရင်းစကားလုံးဖုံးအုပ်ခြင်း) သည်ပြင်ပသန့်ရှင်းခြင်း၊ ဆေးကြောခြင်း၊ အခမ်းအနားသာဖြစ်ပြီး အပြစ်နှင့်ပတ်သက်၍ ဩတ္တပ္ပစိတ်ကို ကြည်လင်အောင်မလုပ်ဆောင်နိုင်ပေ။

အပြစ်ဖြေခြင်းသည် ဓမ္မသစ်ကျမ်းဝေါဟာရမဟုတ်ပေ။ သို့သော် လူအများ၏အသုံးအနှုန်းအရ အကျင့်ဖြစ်လာသော ၎င်း၏ အဓိပ္ပါယ်မှာ “လက်ဝါးကပ်တိုင်တွင်ခရစ်တော်၏ ယဇ်ပူဇော်ခြင်းလုပ်ဆောင်ချက်အားဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေခြင်း” ကိုဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အပြစ်ဖြေခြင်း လုပ်ဆောင်ချက်အားဖြင့် အပြစ်နှင့်ဆိုင်သောမေးခွန်းများကို အပြီးသတ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားကြပါသည်။

များစွာသောခရစ်ယန်များသည် ပထမ၊ ဒုတိယ ဓမ္မရာဇဝင်ချုပ်ကျမ်းထဲရှိဣသရေလ နိုင်ငံနှစ်ခြမ်းကွဲခြင်းကိုလေ့လာသောအခါ အခက်အခဲနှင့်ကြုံရပါသည်။ ထို့ကြောင့်အချို့သောအခြေခံအချက်အလက်ကို သိထားခြင်းသည် အထောက်အကူဖြစ်စေပါသည်။ ရှောလမုန်မင်းကြီးအနိစ္စရောက်ပြီးသည့်နောက် တိုင်းပြည်သည်နှစ်ခြမ်းကွဲသွားခဲ့သည်။ ဣသရေလအမျိုး (၁၂) မျိုးထဲက (၁၀) မျိုးကိုယေရောဗောင်က အုပ်ချုပ်ပြီး၊ ၎င်းနိုင်ငံကိုမြောက်ပိုင်းနိုင်ငံ (သို့) ဣသရေလ ဟူ၍ခေါ်သည်။ ကျန်သောမျိုးနွယ် (၂) စုကို ရှောလမုန်၏သား ယေရောဗောင်ကအုပ်ချုပ်ပြီး ၎င်းနိုင်ငံကိုတောင်ပိုင်းနိုင်ငံ (သို့) ယုဒနိုင်ငံဟူ၍ခေါ်သည်။ ဣသရေလ၌ ဘုရင်ပေါင်း (၁၉) ပါးရှိပြီး၊ အားလုံးမှာ ဆိုးသွမ်းသော (တရားမဲ့သော) ဘုရင်များဖြစ်ကြသည်။ ၎င်းနိုင်ငံသည် အာရှုရိနိုင်ငံမှလာရောက်သိမ်းပိုက်ပြီး ကျွန်အဖြစ်ခေါ်ဆောင်သွားသည့် ၇၂ ဘီစီအထိ၊ နန်းဆက် (သို့) မိသားစုမင်းဆက်ပေါင်း (၉) ဆက်ရှိသည်။

ယုဒပြည်၌ဘုရင်ပေါင်း (၂၀) ပါးရှိပြီး ဘုရင်အားလုံးမှာတစ်မျိုးနွယ်တည်း (သို့) တစ်သွေးတည်းမှ ဆင်းသက်လာသောသူများဖြစ်ကြသည်။ ဤမျိုးနွယ်ဆက်အားဖြင့် သခင်ယေရှုသည် ဒါဝိတ်မင်း၏ ရာဇပလ္လင်အားဆက်ခံပိုင်သောအခွင့်ကို အမွေခံရသည်။ ကောင်းသော (ဘုရားတရားကိုင်းရှိုင်းသော) ဘုရင်များမှာ အာသမင်း၊ ယောရှဖတ်၊ ယောရှ၊ ဩဇိ၊ ယောသံ၊ ဟေဇကိ၊ ယောရှိတို့ဖြစ်ကြသည်။ ယုဒပြည်သည် ၅၈၆ ဘီစီတွင် ဗာဗုလုန်လူမျိုးတို့၏ ကျွန်အဖြစ်ခေါ်ဆောင်သွားခြင်းကိုခံရသည်။

မကြာခဏဆိုသလိုပင်၊ ဘုရင်တစ်ပါးအုပ်စိုးနေခြင်းကို အခြားတိုင်းပြည်တွင် စိုးစံနေသောဘုရင်နှင့် ဆက်နွယ်၍ဖော်ပြထားသည်ကိုတွေ့ရသည်။

ဥပမာ-“နေဗတ်၏သား ယေရောဗောင်မင်းကြီးနန်းစံတစ်ဆယ်ရှစ်နှစ်တွင်၊ အဘိယသည် ယေရုရှလင်မြို့၌ မင်းပြု၍၊ ယုဒပြည်ကိုသုံးနှစ်စိုးစံ၏။ (ဓမ္မရာဇဝင် တတိယ ၁၅း၁)

တိုင်းပြည်နှစ်ခုလုံးတွင် အချို့သောဘုရင်များ၏ နာမည်များသည် တူညီကြသည်။ ၎င်းတို့မှာ အခဇိ၊ ယဟောရံ၊ ယောခတ်၊ ယောရှတို့ဖြစ်ကြသည်။ မြောက်ပိုင်းတိုင်းပြည်ကို အုပ်ချုပ်သောဘုရင်များတွင် ‘ယေရောဗောင်’ ဟူသောအမည်တူဘုရင်နှစ်ပါးရှိပါသည်။ ဒုတိယဘုရင်ကို ယေရောဗောင် (၂) အဖြစ်သတ်မှတ်၍ ခေါ်စမြဲပြုကြသည်။

အလှည့်ကျအသုံးပြုသော (ခေါ်ဆိုသော) အမျိုးနာမည်များကိုလည်းမှတ်သားထားရန် လိုအပ်ပါသေးသည်။ ၎င်းတို့မှာ - ယဟောရှ် (ယောရှ်)၊ အဘိယံ (အဘိယ)၊ ယောရှ (ယဟောရှ)၊ အာဇရိ (ဩဇိ)၊ ယေခေါနိ (ခေါနိ) တို့ဖြစ်ပါသည်။ တိုင်းပြည်ခွဲခြမ်းခြင်းကို ရှင်းလင်းစွာကြည့်ရှုလေ့လာနိုင်ရန် မိမိကိုယ်ပိုင်ဇယားပြုလုပ်ခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။ ဓမ္မရာဇဝင်တတိယစောင်ဖြင့် အစပြု၍ ယေရောဗောင်မင်းကို ယုဒ၏ပထမဆုံးသော ရှင်ဘုရင်အဖြစ်စရင်းပြုစုပါ။ ထိုနောက်ဆန့်ကျင်ဘက် ကော်လံတွင် ယေရောဗောင်ကို ဣသရေလ၏ပထမဆုံးဘုရင်အဖြစ် စရင်းပြုစုပါ (ဓမ္မရာဇဝင် တတိယစောင် ၁၂း၂၀)။ ၃ ရာဇဝင်နှင့် ၄ ဓမ္မရာဇဝင်ကိုတောက်လျှောက်လေ့လာဆောင်ရွက်ပြီး၊ ဘုရင်တစ်ပါးစီတိုင်းနှင့် သူ၏ခန့်မှန်းခြေ အုပ်ချုပ်သည့် (အတိအကျတော့ခန့်မှန်းနိုင်မည်မဟုတ်) သက်တမ်းကိုစရင်းပြုစုပါ။ တိုင်းပြည်တစ်ခုတွင် မည်သည့်ဘုရင်ကအုပ်ချုပ်သည်ကို ၎င်းအခြားဆန့်ကျင်ဘက်တွင် အဘယ်ဘုရင်က အုပ်ချုပ်သည်ကို၎င်းပြသပါ။ တောင်ပိုင်းနိုင်ငံ၏ အဆုံးပိုင်း၌ နှစ်ပေါင်း (၇၀) ဗာဗုလုန်နိုင်ငံတွင် ကျွန်ခံခြင်း အတွက် ဇယားအတွက်တစ်ခုထားပြီး၊ အစွန်ဆုံး (နောက်ပိတ်ဆုံး) ဇယားကွက်ကို ဇေရနှင့်နေဟမိ ဦးဆောင်ခြင်းအားဖြင့် ဗာဗုလုန် ကျွန်ဘဝမှ ပြန်လာခြင်းအတွက်ထားရှိပါ။ အနာဂတ်တိကျမ်းများကို လေ့လာခြင်းသို့ရောက်သောအခါ မည်သည့်ဖရောဖက်များက မည်သည့်ဘုရင်အုပ်စိုးသည့်အချိန်တွင် အမှုတော်ဆောင်ခဲ့သည်ကို ပြသနိုင်ရန် ထိုဇယားကိုဆိုထားသည်။

## ၃။ ကဗျာစာအုပ်များ

ဘုရားသခင်သည်အကြီးမြတ်ဆုံးသောကဗျာဆရာကြီးဖြစ်သည်။ သူ၏နှုတ်ကပတ်တော်သည် ကဗျာများအားဖြင့် ပြည့်နှက်နေပါသည်။ ၎င်းကဗျာများသည် သမိုင်းဝင်ကျမ်းထဲတွင် မကြာခဏတွေ့ရသော ကိုးကားချက်များ၊ အနာဂတ္တိကျမ်းအများစုနှင့် ဓမ္မသစ်ကျမ်း၊ အထူးသဖြင့် ဗျာဒိတ်ကျမ်းတို့တွင် တွေ့နိုင်ပါသည်။ သို့သော်အသွင်ပြင်လက္ခဏာနှင့် ပုံစံအားဖြင့်လုံးလုံးလျားလျားကဗျာဖြစ်သော စာအုပ်(၅) အုပ်ရှိပါသည်။ ၎င်းတို့မှာယောဘဝတ္ထု၊ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်းနှင့် ရှောလမုန်သီချင်းတို့ဖြစ်ပါသည်။

## (က) ယောဘဝတ္ထု

ယောဘဝတ္ထုသည် ဇတ်လမ်း(သို့)ပြဇတ်ပုံစံဖြင့်ရေးစပ်ထားသောရှည်လျားသည့်ကဗျာဖြစ်ပါသည်။ များစွာသောမယုံကြည်သူများက ပင်လျှင်ကဗျာ၏နက်နဲသောအတွေးအခေါ်များနှင့် မြတ်နိုးဖွယ် ကောင်းသောစတိုင်များကို လေးစားအားကျကြသည်။ ယောဘသည်ကမ္ဘာဦးကျမ်းအခန်း (၁၁) ခေတ်ဝန်းကျင် အာဗြံ၏ဖခင် တေရခေတ်တွင်အသက်ရှင်ခဲ့ကြောင်းသတိရခြင်းသည် အထောက်အကူဖြစ်စေသော အရာတစ်ခုဖြစ်ပါသည်။ စာအုပ်ထဲရှိအဓိက ပုဂ္ဂိုလ်များမှာ ထာဝရဘုရား၊ ယောဘ၊ စာတန်၊ ဧလိဖတ်၊ ဗိလဒဒ်၊ ဇောဖာ၊ ဧလိဟုတို့ဖြစ်ပါသည်။ ၎င်းဇတ်တွင် အဓိကဇတ်ဝင်ခန်း (၆) ခုရှိပါသည်။ ယောဘ၏ အနေအထားသည် သူ့အသက်တာ၌လွန်ကျူးခဲ့သောအပြစ်ကြောင့်ဖြစ်ရသည်ဟူ၍ ငြင်းခုံပြောဆိုကြသော ယောဘ၏သူငယ်ချင်းသုံးယောက်က စာအုပ်၏အခန်းများစွာကိုနေရာယူထားသည်။ အပြစ်သည်ဒုက္ခတရားကို ဖြစ်စေသည်ဟူသော သူတို့၏ကောက်ချက်ချခြင်းသည် ယေဘုယျသဘောအားဖြင့် မှန်ကန်သော်ငြားလည်း၊ ၎င်းအဆိုကို ယောဘအပေါ်တွင် အသုံးပြုသောအခါ သူတို့သည် မှားယွင်းခဲ့ကြသည်။

စိတ်ရှည်ခြင်းနှင့်သီးခံခြင်းတို့အကြား ခြားနားချက်ကိုနားလည်သဘောပေါက်ဖို့ရန် အရေးကြီးပါသည်။ ယောဘသည်စိတ်ရှည်သည်ဟု အတိအကျမပြောနိုင်သော်လည်း၊ သူသည် အမှန်တကယ်သီးခံခဲ့ရပါသည်။

"ဖြောင့်မတ်သောသူများအဘယ်ကြောင့် ဒုက္ခခံရသနည်း" ဟူသောပြဿနာကိုဤကျမ်းစာအုပ်က ဖြေရှင်းမပေးပါ။ ကျွန်ုပ်တို့၏ဘဝသက်တာတွင် ဘယ်လိုအကြောင်းကိစ္စ (ပြဿနာများ) ဖြစ်ပျက်နေပါစေ သူသည်သာလျှင် လုံးလုံးလျားလျား (သို့) အစဉ်မပြတ်ကိုးစားထိုက်သော 'ထောက်ပံ့မစသောအရှင်နှင့် အရာခပ်သိမ်း ဖန်ဆင်းရှင်ဖြစ်ကြောင်းကို ဘုရားသခင်သည် မိမိကိုယ်ကိုပြသထင်ရှားစေတော်မူသည်။

ယောဘဝတ္ထုတွင် ခရစ်တော်အကြောင်းကိုတွေ့မြင်နိုင်ပါသည်။ သာဓကအဖြစ် (၁၉း၂၅) ကိုကြိုးစားကြည့်ပါ။ "ငါ့ကို ရွေးနှုတ်သောသခင်သည် အသက်ရှင်၍၊နောင်ကာလ၌ မြေမှုန့်ပေါ်မှာ ပေါ်လာတော်မူမည်---"။

## (ခ) ဆာလံကျမ်း

ဆာလံကျမ်းသည် ရေးစပ်သောသူတို့၏ဘဝအတွေ့အကြုံများထဲမှ အရှိကိုအရှိအတိုင်းဖော်ပြထားသော အသက်တာဘဝ၏အခန်းများအဖြစ်ပထမဦးစွာရှုမြင်တတ်ရန် လိုအပ်ပါသည်။ သို့သော်၊ ဣသရေလ နိုင်ငံ၏ တွေ့ကြုံခဲ့သော အတွေ့အကြုံများကို ရောက်ပြန်ဟပ်ထားခြင်းလည်းဖြစ်သည်။

များစွာသောဆာလံများသည် မေရှိယ (ခရစ်တော်) ကိုပရောဖက်ပြုထားသောဆာလံများဖြစ်ပါသည်။ ၎င်းတို့ကို မေရှိယဆာလံများ (Messianic Psalms) ဟူ၍ခေါ်သည်။ အပြောင်းအလဲရှိသော ဘဝအသက်တာ၏ အခြေအနေများထဲတွင် ဆာလံကျမ်းများကိုကျွန်ုပ်တို့၏ အသက်တာ၌ လက်တွေ့ အသုံးချခြင်းမရှိပါက ၎င်းလေ့လာခြင်းသည်ပြည့်စုံသော လေ့လာခြင်းမဟုတ်ပါ။

ဆာလံကျမ်းတွင်စကားအပြန်အလှန်ပြောသောဆာလံများနှင့် အဘယ်သူတို့က စကားပြောသည်ကို ပိုင်းခြားနိုင်ရန်ကြိုးစားပါ။ ဥပမာအနေဖြင့် ဆာလံ ၁၀၂ ကိုလေ့လာကြည့်ရအောင်။ အပိုင်းငယ် ၁-၁၁ (သခင်ယေရှု)၊ အပိုဒ်ငယ် ၁၂-၁၅ (ခမည်းတော်ဘုရားသခင်) အပိုဒ်ငယ် ၁၆-၂၂ (သန့်ရှင်းသောဝိညာဉ်တော် (ဖြစ်နိုင်))၊ အပိုဒ်ငယ် ၂၃-၂၄ က (သခင်ယေရှု)၊ အပိုဒ်ငယ် ၂၄-၂၈ (ခမည်းတော်ဘုရား)။

အချို့သောဆာလံများသည် ရန်သူအပေါ်၌ဘုရားသခင်၏အမျက်ဒေါသ သွန်းလောင်းပေးရန် တမ်းတခေါ်ဆိုသောဆာလံများဖြစ်ကြသည်။ ၎င်းတို့သည်ကျိန်ဆဲဖို့ရန် တိုင်တည်ခြင်းများဖြစ်သောကြောင့် ကျိန်ဆဲခြင်းဆိုင်ရာဆာလံများ ဟူ၍ခေါ်ဆိုသည်။ ပညတ်တော်အောက်၌အသက်ရှင်သော ဂျူးလူမျိုးတို့အတွက် သင့်လျော်သောစကားသည် ကျေးဇူးတရားအောက်၌ အသက်ရှင်သောခရစ်ယန်များအတွက် သင့်လျော်မည် မဟုတ်ပါ။ သို့သော် "နိုင်ငံတော်တည်ထောင်ပါစေသော" ဟူ၍ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ အကျိုးသက်ရောက်မှုအရ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရန်သူများကိုဖျက်ဆီးဖို့ရန် ဆုတောင်း နေခြင်းဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ခရစ်တော်၏ရန်သူများကို အရင်ဖျက်ဆီးမှသာလျှင် သူ၏နိုင်ငံတော် တည်ထောင်နိုင်မည် ဖြစ်သောကြောင့် ဖြစ်သည်။

အချို့ကျမ်းစာ version များ (မူရင်းဟေဗြဲဘာသာနှင့် အချို့နိုင်ငံခြားကျမ်းစာ version များ)တွင် ခေါင်းစဉ်များကို ၎င်းဆာလံ၏ အစိတ်အပိုင်းအဖြစ် မှတ်ယူကြသဖြင့် ခေါင်းစဉ်ကိုအပိုင်းငယ် (၁) အဖြစ် သတ်မှတ်ရေတွက်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းနောက်မှလိုက်လာသောနံပါတ်များအားလုံးသည် ကျွန်ုပ်တို့ ကျမ်းစာထက်အပိုဒ်ငယ်တစ်ခုပိုများသည်။

## (ဂ) သုတ္တံကျမ်း

သုတ္တံ (သို့) စကားပုံတစ်ခုဟာဘာလဲဆိုတာကို ပထမဦးစွာသိရှိရန် ကောင်းပေသည်။ ၎င်းသည် 'အမှန်တရားကို လိုရင်းတိုတိုပြောခြင်း' ဖြစ်သည်။

သုတ္တံကျမ်း၏အဓိကရည်ရွယ်ချက်မှာ ပညာကိုသွန်သင်ပေးရန်ဖြစ်သည်။ အတွေးအခေါ် (စိတ်ကူး) တောက်လျှောက်စီးဆင်း (ဆက်စပ်) ပုံရသောသုတ္တံများမှာ အခန်း ၁-၉ (အရေးကြီးသောအမျိုးသမီးနှစ်ဦး) ၁၆း၁-၁၁ (လမ်းညွှန်ခြင်း)၊ အခန်း၂၄ ("နှင့်" ဟူသောစကားလုံးထပ်ခါထပ်ခါပါဝင်)၊ နောက်ဆုံးအခန်းများ ဖြစ်သည့်အခန်း ၃၀ နှင့် ၃၁ တို့ဖြစ်ကြသည်။ ကျန်သေးသောသုတ္တံအများစုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု သိသိသာသာမရှိဘဲ၊ သီးခြားဖြစ်နေသောသုတ္တံများကို စုဆောင်းဖွဲ့စည်းခြင်းဖြစ်ပုံပေါ်သည်။ သို့သော်၊ ၎င်းတို့သည်အစဉ်လိုက်စနစ်တကျဖြစ်နေပါလျက်၊ ကျွန်ုပ်တို့ကမသိတတ် မမြင်တတ်သောကြောင့်လည်းဖြစ်နိုင်ပါသည်။ သမ္မာကျမ်းစာ၏အစိတ်အပိုင်းတစ်ခုခုကို လေ့လာသည့်အခါ ၎င်းဖြစ်နိုင်ခြင်းအခွင့်အလမ်းကို အမြဲတမ်းခွင့်ပြုပါ။

ရာစုနှစ်များတစ်လျှောက်တွင် များစွာသောယုံကြည်သူတို့သည်သုတ္တံကျမ်းကို တစ်နေ့ကိုတစ်ခန်း ဖတ်ရှုလေ့လာခဲ့ကြသည်။ ဤစာအုပ်သည် တစ်နေ့ကိုအခန်း (၁) ခန်းနှုန်းဖြင့်တစ်လလေ့လာရပြီး၊ ဆက်လက်၍ ဖတ်ရှုလေ့လာခြင်းနှင့်ထပ်ခါတလဲလဲ ဖတ်ရှုလေ့လာခြင်းအားဖြင့် နေ့ရက်စဉ်တိုင်း အသက်ရှင်ခြင်းအတွက် နားလည်သဘောပေါက်ပြီးသော အသိအမြင်နှင့်ပညာကို (ထပ်မံ) တိုးပွားစေပါလိမ့်မည်။

## (ဃ) ဒေသနာကျမ်း

ဤစာအုပ်သည် နှစ်သက်ဖွယ်ကောင်းသော လှပသေသပ်သော၊ စာအုပ်ဖြစ်သော်လည်း ၎င်း၏တံခါးကိုသော့ဖြင့်မဖွင့်သေးသရွေ့၊ ပဟေဠိ (စိတ်ရှုပ်စေသော) စာအုပ်ဖြစ်သည်။ ၎င်းသောချက်မှာ အကြိမ်ပေါင်း (၂၉) ကြိမ်တွေ့ရသော "နေရောင်အောက်မှာ" ဟူသောစကားစုဖြစ်သည်။

၎င်းသည်နေရောင်အောက်၌ ဘဝ၏အဓိပ္ပါယ်ကိုရှောလမုန်မင်း ရှာဖွေခြင်းဖြစ်သည်။ သူသည် စိတ်ချမ်းသာကျေနပ်မှုကို ပညာရေး၊ ဥစ္စာခနေ၊ အပျော်အပါး၊ သေရည်သေရက်၊ ကာမဂုဏ်၊ ဖျော်ဖြေခြင်း အမျိုးမျိုးနှင့် တတ်နိုင်သောအရာအားလုံးတို့ဖြင့် ကြိုးစားရှာဖွေသော်လည်း လူ၏စိတ်နှလုံးကို ကျေနပ်အားရစေသော အရာတစ်စုံတစ်ခုမျှအတွေ့ရှိကြောင်း၊ မျှော်လင့်ချက်ကင်းမဲ့စွာ နိဂုံးချုပ်ရပါသေးသည်။ အရာအားလုံးသည် အနတ္တအမှုလေကို ကျက်စားသောအမှုဖြစ်၏။

ဤစာအုပ်တွင်ဘုရားသခင်၏ နာမတော်အတွက် အသုံးပြုသောစကားလုံးသည် 'Elohim' ဖြစ်သည်။ သို့သော် ယေဟောဝါ (ကတိတော်တည်သောဘုရား) ဟူသောနာမတော်ကို ဤနေရာတွင်အသုံးမပြုခဲ့ပေ။ လူတစ်ဦးသည် ဖန်ရှင်းခြင်းလက်ရာများအားဖြင့် Elohim (တန်ခိုးရှင်) ရှိကြောင်းသိရှိနိုင်သည်။ သို့သော် ဘုရားသခင် ဝိညာဉ်တော်၏ဖော်ပြဖွင့်ပြခြင်းအားဖြင့်သာလျှင် ယေဟောဝါကို သိရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ဖော်ထုတ်ဖွင့်ပြခြင်းမရှိလျှင် လူ၏အတွေးအခေါ်သာဖြစ်ပြီး ၎င်းနိဂုံးချုပ်ခြင်း (သုံးသပ်ချက်) ထဲက အချို့သောနိဂုံးချုပ်ခြင်း (သုံးသပ်ချက်) များသည် မှန်ကန်ပြီး၊ အချို့သည် တစ်ဝက်သာမှန်ကန်၍၊ အချို့သည်လုံးဝမှန်ကန်မှုမရှိပေ။ သို့သော် ဤအရာက "၎င်းစာအုပ်သည် သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့် ဖြစ်သည်" ဟူသောအချက်ကိုထိခိုက်ခြင်းမပြုပါ။ "နေရောင်အောက်မှာ" လူတွေပြောသည့်အရာ (သို့) စာတန်ပြောသည့်အရာ၌ တိကျမှန်ကန်ခြင်း (ရှိမရှိ) ကိုမှုတ်သွင်းခြင်းက အာမမခံပေးပါ။

## (င) ရှောလမုန်သီချင်း

ဤသီချင်းသည် ဓမ္မဟောင်းကျမ်းတွင် တွေ့ရှိရခြင်းကြောင့်၊ ၎င်း၏အဓိပ္ပါယ်ဖွင့်ဆိုချက်သည် (ယနေ့) အသင်းတော်နှင့် ဆက်နွယ်ခြင်းမဟုတ်ပဲ ဣသရေလ လူမျိုးများနှင့် ဆက်စပ်ပါသည်။ ၎င်းသည်အသင်းတော်

အတွက်ခရစ်တော်၏ ချစ်ခြင်းကဗျာအဖြစ်ဝိညာဉ်ပိုင်းဆိုင်ရာ ရှုထောင့်ဖြင့်အသုံးချနိုင်သော်လည်း၊ ၎င်းရှုထောင့်သည် ဤစာအုပ်၏ အဓိက (အခြေခံ) သွန်သင်ချက်မဟုတ်ပါ။

သော့ချက်ကျသောကျမ်းပိုဒ်ကို (၃) ကြိမ်တွေ့ရပါသည်။

"ယေရုရှလင်မြို့သမီးတို့၊ ငါချစ်သောတသတို့သမီးသည် အလိုလိုမနိုးမှီတိုင်အောင် မလှုပ်နိုးမည်အကြောင်း ----သင်တို့ကိုငါမှာထား၏"။

ဤသီချင်း (စာအုပ်) သည် အိမ်ထောင်ရေးဘဝတွင် သစ္စာမရှိခြင်းကိုဆန့်ကျင်ခြင်းဖြစ်သည်။ ဣသရေလသည် သခင်ကိုယ်တော်နှင့်ထိမ်းမြားစုံမက်ပြီး ဖြစ်ခဲ့သော်လည်း သစ္စာမဲ့ပြီး၊ ရုပ်ရေမျာ်း၏နောက်သို့ လိုက်၍ထွက်ပြေးခဲ့ကြသည်။

ဓမ္မဟောင်းကျမ်း၏ မူရင်းဘာသာစကားတွင် (ယောက်ျားကိုပြောသလား (သို့) မိန်းမကို ပြောသလား) အဘယ်သူအားပြောနေခြင်းဖြစ်ကြောင်းကို အမြဲတမ်းညွှန်ပြပေးပါသည်။ ထို့ပြင် လူတစ်ဦးကိုပြောနေသလား (သို့) လူအမျာကိုပြောနေသလား ဆိုတာကိုလည်းညွှန်ပြပေးပါသည်။ အချို့သောခေတ်ပေါ်ကျမ်းစာ version များတွင် စကားပြောသောသူသည် ယောကျာ်း (သို့) မိန်းမဖြစ်ကြောင်းကို ညွှန်ပြပေးသည့်အပြင်၊ နံပါတ်များအားဖြင့်လည်း မှတ်သားပေးပါသည်။

အဓိကဇတ်လိုက်များမှာ ရှုလမိတ်၊ ယေရုရှလင်မြို့သမီးများ၊ ရှောလမုန်နှင့် အမည်မဖော်ပြသော သိုးကျောင်းသားတို့ဖြစ်ကြသည်။ ရှော်လမုန်မင်းမြင်ကွင်းသို့ ပေါ်လာသောအခါ၊ အရာအားလုံးသည် ဇိမ်ခံစရာ၊ လှပခမ်းနားသော တော်ဝင်နန်းတော် မြင်ကွင်းကိုရှုမြင်ရပြီး၊ သို့ကျောင်းသားချစ်သူ (မော်တော်) စင်မြင့်ပေါ်သို့ ရောက်လာသောအခါ ကျေးလက်တောနယ်နှင့် ကျေးလက်ဘဝမြင်ကွင်းကို ရှုမြင်ရသည်။

ရှောလမုန်သည် ရှုလမိတ်သမီးပျိုလေးအား သူ၏မောင်းမဆောင်သို့ ထပ်ဖြည့်စွက်ဖို့ရန်၊ သူမကိုဆွဲဆောင်၍၊ နှလုံးသားကို အနိုင်ယူနိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်။ သို့သော် မိန်မပျိုသည် သူ၏နှစ်လိုဖွယ်ဆွဲဆောင်မှု အောက်၌ တိမ်းညွှန့်လာလောက်အောင် အပြောင်းအလဲမမြန်လှပေ။ ထိုနောက်နောက်ဆုံးသောအခန်းတွင် သူမ၏ချစ်သူက သူမအား သူ၏အပိုင်အဆိုင်ဖြစ်ကြောင်းကြေငြာဖို့ရန် စင်မြင့်ပေါ်သို့ရောက်လာပါသည်။

## (၄) ပရောပက်များ

ပရောဖက်များသည် ဘုရားသခင်၏နှုတ်ပါးစပ် (အစိတ်အပိုင်း) များ (သို့) သူ့ကိုယ်စား စကားပြောသောသူများဖြစ်သည်။ သခင်ဘုရားက သူတို့အား အပြစ်ကျူးလွန်သောအချိန်များနှင့် ဝိညာဉ်ပိုင်းဆိုင်ရာကျဆုံးသည့်အချိန်၌ မကောင်းမှုဒုစရိုက်များကို ဆန့်ကျင်၍ အော်ဟစ်ကြွေကြော်ဖို့ရန်၊ လူတို့ကို ဘုရားသခင်ဘက်သို့ ပြန်လည်ခေါ်ယူရန်၊ ပုန်ကန်ခြင်း၏ အကျိုးဆက် (အထူးသဖြင့် ကျွန်ခံခြင်း) အကြောင်းနှင့် ပတ်သက်၍ သတိပေးရန်၊ နာခံခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာခံစားရမည့်အရာကို ဟောပြောသောသူများ အဖြစ်၎င်း နောက်ပိုင်းတွင် အနာဂတ်(အချိန်ကြာ)တွင် ဖြစ်လာမည့်အရာမျာကိုဟောပြောသူများဖြစ်ကြသည်။ ဓမ္မဟောင်းကျမ်းရှိပရောဖက်များကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အတန်းအစားသတ်မှတ်ထားပါသည်။

ကြီးမားသော (သို့) အရေးပါသော ပရောဖက်များ - ၎င်းတို့မှာ ဟေရှာယ၊ ယေရမိ (သူ၏မြည်တမ်းစကားအပါအဝင်) ယေဇကျေလ၊ ဒံယေလ တို့ဖြစ်ပါသည်။

သေးငယ်သောဖရောဖက်များ - အထက်ပါဖော်ပြချက်၌ မပါဝင်သောကျန်သည့်ပရောဖက်များအားလုံး ပရောဖက်စာအုပ်များကိုကြီးသော သေးငယ်သောဟူ၍ အတန်းအစားသတ်မှတ်ခြင်းသည် ၎င်းတို့၏

အရေးပါခြင်းတို့ကြောင့်မဟုတ်ဘဲ စာအုပ်၏အရွယ်အစားကိုသာဆိုလိုခြင်းဖြစ်ကြောင်း သိရှိရန်လိုအပ်ပါသည်။ ဥပမာ-သေးငယ်သောပရောဖက်ဖြစ်သည့်ဇာခရိ၏ မေရှိယ (ခရစ်တော်) အကြောင်းဖရောဖက်ပြု (ဗျာဒိတ်တော်) ချက်များသည် လွန်စွာအရေးကြီးပေသည်။ နည်းလမ်းကျကျပြောရမည်ဆိုလျှင် ဒံယေလသည် ဖရောဖက်တစ်ပါးအဖြစ် မခေါ်ကြပါ။ သူသည် ဘုရားသခင်ပေးခဲ့သော ဖရောဖက်ပြုခြင်းဆုကျေးဇူးကို ရရှိသည့်အစိုးရ အရာရှိဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ ဟေဗြဲကျမ်းတွင် ဒံယေလစာအုပ်သည် "အရေးအသား" (the writting) ဟုခေါ်သော တတိယ section (အပိုင်း) တွင်နေရာယူထားသည်။ဖရောဖက်ပြုသည့် အချိန်ကာလကိုလိုက်၍လည်း ဖရောဖက်များကိုအတန်းအစားခွဲခြမ်းနိုင်ပါသည်။

(၁) ဗာဗုလုန်ပြည်၌ ကျွန်ခံခြင်းမဖြစ်မှီ၊ ဖရောဖက်ပြုသောသူများမှာ ဟေရှာယ၊ ယေရမိ၊ ဟောရှေ၊ ယောလ၊ အာမုတ်၊ ဩဗဒိ၊ ယောန၊ မိက္ခာ၊ နာဟုံ၊ ဟဗက္ကုတ်နှင့် ဇေဖနိတို့ဖြစ်ပါသည်။

(၂) ဗာဗုလုန်တွင် ကျွန်ခံနေစဉ်အတောအတွင်း ဖရောဖက်ပြုသောသူများမှာ ယေဇကျေလ နှင့် ဒံယေလတို့ဖြစ်ကြသည်။

(၃) ဗာဗုလုန်၌ ကျွန်ခံသည့်အပြီး၊ နောက်ပိုင်းတွင်ဖရောဖက်ပြုသူများမှာ ဟဂ္ဂဲ၊ ဇခရိနှင့် မာလခိတို့ဖြစ်ကြသည်။

ဖရောဖက်တစ်ပါးသည်မည်သည့်အချိန်အခါတွင် ဖရောဖက်ပြုသည်ကိုလွယ်ကူစွာမှတ်မိနိုင်သော နည်းလမ်းမှာ ဓမ္မဟောင်း၏ နောက်ဆုံးဖရောဖက်သုံးပါးသည် ဗာဗုလုန်၌ ကျွန်ခံခြင်းအပြီးတွင် ဖရောဖက်ပြုသူများဖြစ်ပြီး၊ ယေဇကျေလနှင့် ဒံယေလတို့သည် ဗာဗုလုန်၌ ကျွန်ခံနေစဉ် (အတောအတွင်း) ဖရောဖက်ပြုသူများဖြစ်သည်။ ကျန်သောဖရောဖက်အားလုံးသည် ဗာဗုလုန်၌ ကျွန်မခံမှီ ပရောဖက်များ ဖြစ်သည်။

အချို့သောဖရောဖက်တို့သည် ဣသရေလနိုင်ငံသို့ အမှုတော်ဆောင်ပြီး အချို့က ယုဒပြည် တစ်ပါးသော ဖရောဖက် (ယောန) က Genetile ပြည်၊ အချို့သောသူများက ၎င်းနိုင်ငံများ၌ ရောတွဲ၍အမှုတော်ဆောင်ခဲ့ကြသည်။ ဖရောဖက်ပြုသည့်နေရာများသည် မရှင်းလင်းလှသဖြင့် ၎င်းတို့ကို အုပ်စုခွဲခြင်းသည်လည်း တိကျမှုမရှိလှပေ။

အကြံပြုထားသည့်အတိုင်းနှစ်ခြမ်းကွဲသွားသော တိုင်းပြည်၏ပုံဇယားကိုပြုလုပ်ပါက ဖရောဖက်များသည် မည်သည့်အချိန် (သို့) မည်သူ (ဘုရင်) ၏လက်ထက်တွင်အမှုတော်ထမ်းဆောင် ခဲ့ကြသည်ကို ထိုဇယား၌ခွဲခြမ်းထည့်သွင်းရန်ယခုအချိန်သည် အချိန်ကောင်းဖြစ်ပါလိမ့်မည်။

## (က) ဖရောဖက်စာအုပ်တွင် အရေးပါသောနာမည်များ

သင်သည် အောက်တွင်ဖော်ပြသော နာမည်များနှင့် ရင်းနှီးလာပါလိမ့်မည်။ - ယေရုရှလင်-တခါတရံ ဇီအန်ဟူ၍လည်း ခေါ်ဆို၍ ယုဒပြည်၏မြို့တော်ဖြစ်သည်။

ရှမာရိ - ဣသရေလ နိုင်ငံ၏မြို့တော်ဖြစ်သည်။

ဣသရေလ - တခါတရံမြောက်ပိုင်းတွင်ရှိသောဣသရေလ အမျိုး (၁၀) မျိုးအတွက် အသုံးပြုသော စကားလုံးဖြစ်ပြီး၊ တခါတရံတစ်နိုင်ငံလုံးအတွက်လည်း အသုံးပြုသည်။ ဇေရိမ်သည် မြောက်ပိုင်းတိုင်းပြည် အတွက် အသုံးပြုသောအခြားနာမည်အဖြစ် ဟောရှေအနာဂတ္တိကျမ်းတွင် အသုံးပြုထားသည်။

အာရှုရိ - ရက်စက်ကြမ်းကြုတ်ပြီး ဣသရေလနိုင်ငံက ခါးသီးစွာမုန်းသောရန်သူနိုင်ငံ၊ မြောက်ပိုင်း ဘုရင်က၎င်းနိုင်ငံကိုအုပ်ချုပ်သည်။

နိနေဝေ - အာရှုရိနိုင်ငံ၏မြို့တော်

ရှုရိ - နောက်ထပ်ဣသရေလ၏ရန်သူနိုင်ငံ

ဒမာသက် - ရှုရိနိုင်ငံတော်၏မြို့တော် နှင့် ပြည့်နယ်တစ်ခု

အဲဂုတ္တု (အီဂျစ်) - တောင်ပိုင်းဘုရင်ကအုပ်ချုပ်သည့် တိုင်းပြည်ဗာဗီလုန်နီးယား၊ ဗာဗုလုန်၊ ခါလဒဲ ဤနာမည်များသည်တစ်ခါတစ်ရံဖလှယ်၍ အသုံးပြုသောနာမည်များဖြစ်သည်။ ဗာဗုလုန်သည် ၎င်းနိုင်ငံ၏မြို့တော်ဖြစ်သည်။

## (ခ) အချိန်ကူးပြောင်းခြင်း

ပရောဖက်စာအုပ် (သို့) အနာဂတ္တိကျမ်းများသည် အတော်အတန်ကဗျာဆန်သည့်အရေးအသား များလည်းဖြစ်ပေရာ၊ ၎င်းတို့ကိုလေ့လာသည့်အခါ အချိန် (သို့) ကာလအပိုင်းအခြားများကို လျှင်မြန်စွာ ကူးပြောင်းတတ်ရန်လိုအပ်ပါသည်။ ကျရောက်လာမည့်ဘုရားသခင်၏ တရားစီရင်ခြင်းအကြောင်း ဟစ်ကြွေးနေသည့်အခိုက်တွင် (ယောလ ၃း၁၄ -၁၆)၊ ဘုန်းတန်ခိုးနှင့်ပြည့်စုံသော နိုင်ငံတော်တည်မည့် အကြောင်းအရာသို့ ရုတ်တရက်ပြောင်းလဲလုပ်ပြီး ပရောဖက်ပြုတတ်ကြသည် (ယောလ ၃း၁၇-၁၈) ကျမ်းပိုဒ်အစ်ပိုဒ်တည်း၌ ပင်လျှင်၊ မေရှိယ၏ပထမကြိမ်ကြွရောက်လာမည့်အကြောင်းကို ပရောဖက်ပြုနေရာမှ၊ ပိုဒ်ရပ်သင်္ကေတ (semicolon) တစ်ခုစာလောက်ခြားလိုက်ရုံဖြင့် မေရှိယ၏ဒုတိယအကြိမ်ကြွရောက်လာခြင်း အကြောင်းအရာသို့ပြောင်းရွှေ့သွားတတ်ကြသည်။

## (ဂ) ထာဝရဘုရား၏နေ့ရက်

ထာဝရဘုရား၏နေ့ရက်သည် ၂၄ နာရီ (တစ်ရက်) ကိုဆိုလိုခြင်းမဟုတ်ပဲ ရာစုနှစ်များစွာကြာသည့် အချိန်ကာလကိုဆိုလိုသည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်က ဣသရေလ၏ရန်သူများကို အနိုင်ယူသည့် အချိန်တိုင်း (သို့) သူ၏လူများကို ဘုရားသခင်ကပြစ်ဒဏ်စီရင်သည့်အချိန်တိုင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ထာဝရဘုရား၏နေ့ရက်သည် ချီဆောင်ခြင်း (rapture) အပြီးတွင်အစပြု၍၊ ဒုက္ခဆင်းရဲခြင်း ကာလ (Tribulation) ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၊ နှစ်တစ်ထောင်အုပ်စိုးခြင်း (the Millennium) နှင့်နောက်ဆုံး၌ကောင်းကင်နှင့် မြေကြီးကို မီးဖြင့်ဖျက်ဆီးခြင်းတို့ပါဝင်သည်။

## (ဃ) ရည်ညွှန်းချက်နှစ်ထပ်၏နိယာမ

သင့်အနေဖြင့် ရည်ညွှန်းချက်နှစ်ထပ်၏နိယာမကိုစောင့်ကြည့်ချင်း၊ သိချင်ပါလိမ့်မည်။ ၎င်း၏လိုရင်း အဓိပ္ပါယ်မှာ အနာဂတ္တိစကား (သို့) ပရောဖက်ပြုခြင်းတစ်ခုသည် အစောပိုင်းတွင်တစ်ဝက်တစ်ပျက် ပြည့်စုံပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် အပြီးသတ် ပြန်လည်ပြည့်စုံခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယောလ၏အနာဂတ္တိစကား (၂း၂၈-၃၂) သည်၎င်း၏စံပြ ဥပမာတစ်ခုဖြစ်သည်။ ဤအနာဂတ္တိစကားသည် မေရှိယကိုယုံကြည်လက်ခံသော ဂျူးလူမျိုးအုပ်စုတစ်စုတို့အပေါ်တွင် သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းသော ပင်တေကုတ္တေနေ့တွင် တစ်ဝက်တစ်ပျက်ပြည့်စုံခဲ့ပြီး၊ လူမျိုးတကာတို့အပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမည့် ခရစ်တော်၏ ဒုတိယအကြိမ်ကြွရောက်လာခြင်း၌ ၎င်းအနာဂတ္တိ စကားသည်အပြီးသတ် ပြည့်စုံပါလိမ့်မည်။

## (င) မိစ္ဆာပရောဖက်များ

ဘုရားသခင်၏ပရောဖက်များအပြင်၊ မိစ္ဆာပရောဖက်များလည်းရှိပါသည်။ သူတို့သည်အပြစ် လွန်ကျူးခြင်းနှင့်ပုန်ကန်ထကြွသည့်အချိန်များ၌ ငြိမ်သက်ခြင်းနှင့်ကောင်းစားခြင်းအကြောင်းကို အမြဲတမ်းဖရော

ပြုတတ်ကြသည်။ သို့သော် အခြေအနေပြောင်းလဲမှု (ထူးခြားမှု) မရှိခဲ့ပါ။

## ဓမ္မသစ်ကျမ်း
## ၁။ သတင်းကောင်းစာအုပ်များ (The Gospels)

ဤစာအုပ်များသည် သမ္မာကျမ်းစာထဲက လူသိအများဆုံးသော ရင်းနှီးမှုအများဆုံးသော စိတ်အပိုင်းဖြစ်နိုင်သည်။ သို့သော် ခရစ်ယန်အနည်းငယ်ကသာလျှင် ၎င်းစာအုပ်များ၏ အတိုင်းအတာနှင့် ရည်ရွယ်ချက်ကိုအမှန်တကယ်သိရှိကြသည်။ ဤစာအုပ်များက ခရစ်တော်၏ဘဝဖြစ်စဉ်ကို အပြည့်အစုံ ဖော်ပြဖို့ရန် မကြိုးပမ်းခဲ့ပါ။ အပြည့်စုံဖော်ပြဖို့ရန်လည်း ဖြစ်နိုင်မည်မဟုတ်ပါ (ယောဟန် ၂၁း၂၅)။ အခန်းကြီး (၅) ခုမှတွဲ၍ ကျန်သည့်အခန်းများအားလုံး (အခန်း ၈၉ ခုထဲက ၈၄ ခန်း) သည်သူ၏နောက်ဆုံးနေ့ရက်များ ဖြစ်သည်။ သုံးနှစ်တာဘဝကို ဖော်ပြရန်အသုံးပြုထားသည်။ အခန်း၂၈ ခု (၈၉ ခန်းထဲက ၂၈ ခန်း) သည် ဗေသနိရွာသို့ သူ၏နောက်ဆုံးရောက်ရှိခြင်းနှင့် သူ၏ရှင်ပြန်ထမြောက်ခြင်းအကြား (၁၀) ရက်တာအတွက် မြုပ်နှံအသုံးပြုထားသည်။

အချို့သောဖြစ်ရပ်များသည် Gospel စာအုပ်တစ်အုပ်၊ နှစ်အုပ် (သို့) သုံးအုပ်စလုံးတွင် တွေ့ရသည်။ လူပေါင်း ၅၀၀၀ ကိုကျွေးမွေးခြင်းသည် စာအုပ် (၄) အုပ်စလုံးတွင်တွေ့ရသည်။

ဖြစ်ရပ်များသည် အမြဲတမ်းအစဉ်လိုက်ဆက်စပ်ခြင်းမရှိပါ။ အစဉ်လိုက်ထားရှိပုံတို့မှာ-

ဖြစ်ရပ်များကို ကာလအလိုက်စဉ်ထားခြင်း - ဖြစ်ပျက်သောဖြစ်ရပ်များ၏ အချိန်ကိုလိုက်၍အစဉ်လိုက် ဖော်ပြခြင်းဖြစ်သည်။

ဖြစ်ပျက်သည့် (သို့) ဖြစ်ပျက်မည့်အကြောင်းအရာကိုလိုက်၍ စီစဉ်ဖော်ပြခြင်း-

ရှင်မဿဲ ၈ း ၁-၁၇ ထဲကအံ့သြဖွယ်နိမိတ်လက္ခဏာ (၄) ခုကိုမှတ်သားထားပါ။ ပထမ နိမိတ်လက္ခဏာ တွင် သခင်ယေရှုကိုယ်တိုင်ရှိနေခြင်းသည် သူ ဤကမ္ဘာလောကတွင်ရှိနေခြင်းကို ပုံဖေါ်ခြင်းဖြစ်ပြီး၊ ဣသရေလ လူမျိုးများကို အနာငြိမ်းခြင်းဖြင့်ပြုစုခဲ့သည်။ ဒုတိယ နိမိတ်လက္ခဏာတွင် သခင်ယေရှုကိုယ်တိုင် (ခန္ဓာကိုယ် အားဖြင့်) မပါဝင်ပဲတစ်ပါးအမျိုးသား (Gentile) လူတစ်ဦးကိုအနာငြိမ်းစေခဲ့သည်။ ဂျူးလူမျိုးဖြစ်သည့် ပေတရု၏ ယောက္ခမကိုအနာငြိမ်းစေသောအခါ သူကိုယ်တိုင် (ခန္ဓာကိုယ်အားဖြင့်) ပါဝင်သည့်။ နောက်ဆုံးတွင် သူသည် လူထုကိုအနာငြိမ်းစေခဲ့သည်။ ဤနမိတ်လက္ခဏာ (၄) ခုသည် - ဤလောက၌သခင်ယေရှု၏ အမှုတော်ဆောင်လုပ်ငန်း၊ ကျေးဇူးတော်ခေတ်ကာလ၌ သူ၏အနာငြိမ်းခြင်းလုပ်ငန်း၊ ဆက်လက်၍ သူ၏ဒုတိယ အကြိမ်ကြွရောက်လာသည့်အချိန်၌ဣသရေလ နိုင်ငံပြည်လည်ထူထောင်၍ အမှုတော်ဆောင်မည့်လုပ်ငန်းနှင့် နောက်ဆုံး နှစ်တစ်ထောင်အုပ်စိုးခြင်းတွင် သူ၏အမှုတော်ဆောင်လုပ်ငန်းများကို ပုံဖော်ခြင်းဖြစ်ပါသည်။

ဝိညာဉ်ပိုင်းဆိုင်ရာများကိုအစဉ်လိုက်ဖေါ်ပြခြင်း - ရှင်မဿဲ ၉း၂၃-၂၄ သေသောသူ အသက်ပြန်ရှင်သည် မျက်စိကန်းသောသူမျက်စိပြန်မြင်ရသည်။ နှုတ်အသောသူများ ပါးစပ်ဖွင့်၍စကားပြော (သက်သေခံ) ကြသည်။ ဤအရာသည်လူတစ်ဦးကယ်တင်ခြင်းရရှိသောအခါ နောက်ကလိုက်လာသော ဖြစ်ရပ်စဉ်များမဟုတ်ပေဘူးလား။

ရှင်ယောဟန်သတင်းကောင်းစာအုပ်တွင် ဖြစ်ပျက်သောဖြစ်ရပ်များသည် သခင်ယေရှု၏ ဒေသနာ (သို့) အဆိုအမိန့်များဆီသို့ ဦးတည်သွားတတ်ပါသည်။ ဥပမာ-ရှင်ယောဟန် ၁၂ း ၂၀ -၂၆ တွင် ဟေလသ (Greek) လူမျိုးများလာရောက်လည်ပတ်ခြင်းသည် စပါးစေ့ကို ဥပမာပေး၍ ဟောပြောခြင်းသို့ဦးတည်သွား သည်ကိုတွေ့ရသည်။

သတင်းကောင်းစာအုပ်တစ်အုပ်စီတိုင်းသည် သခင်ယေရှုကိုကွဲပြားသောသွင်ပြင်လက္ခဏာများဖြင့် အသီးသီးကိုယ်စားပြုနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

| **သတင်းကောင်း** (Gospel) | **ယေရှု** ကိုယ်စားပြုခြင်း(ကဲ့သို့) | **သင်္ကေတ** | **အရောင်** | **ကျမ်းပိုဒ်** |
| --- | --- | --- | --- | --- |
| ရှင်မဿဲ | ဘုရင် | ခြင်္သေ့ | ခရမ်းရောင် | တရားသူကြီး ၈း၂၆ |
| ရှင်မာကု | အစေခံ(ကျွန်) | နွားထီး၊ နွားကလေး | နီသောအရောင် | ဆာလံ ၂၂း၂၆-၁၀ |
| ရှင်လုကာ | လူသား | လူသား | အဖြူရောင် | ဗျာဒိတ် ၁၉း၈ |
| ရှင်ယောဟန် | ထာဝရဘုရား | လင်းယုန်ငှက် | အပြာရောင်၊ နီလာရောင် | ထွက်မြောက်ရာ၂၄း၁၀ |

ရာစုနှစ်များစွာကြာလာသောအခါ သတင်းကောင်းစာအုပ် (၄) အုပ်၌သခင်ယေရှုအား ဤရှုထောင့် (၄)ခုဖြင့်ဖော်ပြတင်နိုင်ဖို့အလို့ငှါ စာရေးသူလူသားများအနေဖြင့် ထိုသို့ ပူးပေါင်းဆောင်ရွက်ဖြစ်မြောက်စေနိုင်လောက်သော နည်းလမ်းမရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်ကသာလျှင် အရေးအသား၌ ထည့်သွင်းရမည့်အရာများကိုရွေးချယ်ပေးခဲ့သည်။ ဥပမာ-ရှင်မာကုနှင့်ရှင်ယောဟန်တို့တွင် သခင်ယေရှု၏ဆွေစဉ်မျိုးဆက်များ ထည့်သွင်းမထားပေ။ ထိုကဲ့သို့ ထည့်သွင်းခြင်းသည် အစေခံ (ကျွန်) (မကု) နှင့်အစ (ဇစ်မြစ်) မရှိသောဘုရားသခင်၏ထာဝရသားတော် (ယောဟန်) တို့အတွက်မလိုအပ်ပေ။ သို့သော်ယေရှုကို ဘုရင်အဖြစ် (မဿဲ) နှင့်လူသားအဖြစ် (ရှင်လုကာ) ရေးသားရာတွင် ဆွေစဉ်မျိုးဆက်ထည့်သွင်းခြင်းသည် အင်မတန်မှအရေးကြီးပေသည်။

တခါတရံ ခြားနားသောသတင်းကောင်းစာအုပ်များတွင် မှတ်တမ်းတင်ထားသည့် တူညီသော ဖြစ်ရပ်ဟူ၍ ထင်ထားသောအရာများသည် အမှန်တကယ်ကွဲပြားခြားနားပါသည်။ ရှင်ယောဟန် ၂ း ၁၃-၂၅ တွင် တွေ့ရသောဗိမန်တော်ကို သန့်ရှင်းစေခြင်းသည် သခင်ယေရှု၏ လူထုသာသနာလုပ်ငန်းအစပိုင်းတွင် တွေ့ရပြီး၊ ၎င်းဗိမန်တော်သန့်ရှင်းစေခြင်းဖြစ်ရပ်တစ်ခုကို ရှင်မဿဲ၊ ရှင်မာကုနှင့်ရှင်လုကာ စာအုပ်များ၏ နောက်ဆုံးအပိုင်းတွင်တွေ့ရသည်။

သတင်းကောင်စာအုပ်တွင် တူညီသောဖြစ်ရပ်များ၏ဖြစ်စဉ်များကွဲပြားခြားနားခြင်းသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်ခြင်းမဟုတ်ပါ။ တခါတရံ ၎င်းတို့သည် ထပ်မံပြည့်စွက်ခြင်းဖြစ်ပေသည်။ သခင်ယေရှု၏ လက်ဝါးကပ်တိုင်ထိပ်တွင် ကမ္ဗည်းထိုးထားသောစာသားအပြည့်အစုံကိုရရှိရန် သတင်းကောင်း စာအုပ် (၄) အုပ်တွင်ရေးထိုးထားသောစာသားများကိုပေါင်းစည်းခြင်းဖြင့် “ဤလူသည် ဂျူးလူမျိုးတို့၏ဘုရင်၊ နာဇရက်မြို့သားယေရှုဖြစ်သည်” ဟူသောစာသားကိုရရှိပါသည်။ ထိုကဲ့သို့ကွဲပြားခြားနားခြင်း အကြောင်းအရင်းသည် အမြဲတမ်းလိုရင်းအဓိပ္ပါယ်ဆိုလိုချက်ရှိပါသည်။ သာဓကအနေဖြင့် ရှင်မဿဲ ၁၀း၂၄ တွင်ယေရှုသည် သခင်နှင့်ဆရာဖြစ်ပြီး၊ ကျွန်ုပ်တို့သည်ကျွန်များနှင့်တပည့်တော်များဖြစ်ကြသည်။ ဤကျမ်းပိုဒ်၏ ပေါ်ကျမ်းပိုဒ်ဖြစ်သော ရှင်လုကာ ၆း၄၀ တွင်ကျွန်ုပ်တို့သည်ဆရာဖြစ်ပြီး၊ ကျွန်ုပ်တို့သင်ပေးဖို့ရန်ကြိုးစားနေသည့် ပုဂ္ဂိုလ်သည် တပည့်ဖြစ်သည်။ တဖန်ရှင်မဿဲ ၇း၂၂ တွင်မယုံကြည်သူများအနေဖြင့် မိမိတို့သည်ဘုရင် (ယေရှု) ၏အမှုတော်ကိုဆောင်ရွက်သောသူများဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ရှင်မဿဲ ၁၈း၁၂-၁၃ တွင် ဖော်ပြသည့် သိုး ၉၉ ကောင်ပုံပြင်သည် သခင်ယေရှုအနေဖြင့်သူ၏ သိုးငယ်များအပေါ် မည်မျှဂရုမစိုက် ကြောင်းကို အလေးပေးဖော်ပြခြင်းဖြစ်ပြီး၊ ရှင်လုကာ ၁၅း၁၁-၁၇ တွင်မူ၊ နောင်တရရန်မလိုအပ်ဟူ၍ မိမိကိုယ်ကို

ထင်ထားကြသော ဖရိရှဲတို့အား ပြစ်တင်ရှုတ်ချခြင်းကို အလေးပေးဖော်ပြခြင်းဖြစ်သည်။

Gospel စာအုပ်များကိုတစ်အုပ်နှင့်တစ်အုပ် သဟဇာတလိုက်ဖက်တူညီဖြစ်အောင် ကြိုးပမ်း၍ စာအုပ်အဖြစ် ရေးသားသောသူတို့သည် ကျွန်ုပ်တို့အတွက်တော့ ပစ်မှတ် (ရည်ရွယ်ချက်) ကိုကြီးမားစွာ လွဲချော်သောသူများဟူ၍ ထင်ရပါသည်။ ထပ်တူညီခြင်းမဟုတ်ပဲ ကွဲပြားခြားနားခြင်းသည်သာလျှင် လိုရင်း (ဆိုလိုချက်) ကိုပေါက်စေသောအရာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မလိုအပ်ပဲပြောပြီးသား အရာကိုထပ်၍ မပြောတော့ပါ။

ယေရှု၏လူထုသာသနာကို ကဏ္ဍသုံးခုဖြင့်ခွဲခြားထားပါသည်။

- Judea သာသနာ - တစ်နှစ်ခန့် (ရှင်ယောဟန် ၁း၁၅ - ၄း၅၄)
- Galilee သာသနာ - တစ်နှစ်ကိုးလခန့် (မဿဲ ၄ း ၁၂ -၁၈ း ၃၅၊ မာကု ၁း၁၄ - ၉း၅၀ ၊ လုကာ ၃း၁၉ - ၉း၅၀၊ ယောဟန် ၅း၁-၁၀း၂၁)
- perea သာသနာ - ၄ လ (သို့) ၅ လ (ယောဟန် ၁၀း၂၂ - ၁၁း၅၇)

ပထမသတင်းကောင်းစာအုပ်သုံးအုပ်ကို Synoptics (ဂရိဘာသာအားဖြင့် အတူတကွရှုမြင်ခြင်း) ဟူ၍ခေါ်ဆိုပြီး ယေဘုယျအားဖြင့် ၎င်းတို့သည် တူညီသောအခြေအမြစ်ကို လွှမ်းခြုံထားသောကြောင့် ထိုသို့ ခေါ်ဆိုရခြင်းဖြစ်သည်။ ရှင်ယောယန်၏ သတင်းကောင်းကို outoptic ဟူ၍ခေါ်ဆိုသည်။ ၉၀%ကျော်သော သူအသုံးပြုသည့်အသုံးအနှုန်းမျာက သူ၏သတင်းကောင်းကိုထူးခြားစေသည်။ ရှင်ယောဟန်မှလွဲ၍ ကျန်သာ သတင်းကောင်းစာအုပ်များသည် ကယ်တင်ခြင်းရရှိနိုင်ရန်ပြုလုပ်ပေးသော ဖြစ်ရပ်များကို သမိုင်းဝင်မှတ်တမ်း တင်ထားသည့် စာအုပ်များဖြစ်သည့်အားလျော်စွာ ကယ်တင်ခြင်းလမ်းကြောင်းအများကြီးဖော်ပြပေးမထားပါ။ ဤသတင်းကောင်စာအုပ် (၄) အုပ်၌ခရစ်တော်ကို ယုံကြည်သောအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြောင်း ကျမ်းပိုဒ်များအသီးသီး ကိုယ်စီရှိကြသော်ငြားလည်း ကယ်တင်ခြင်းအကြောင်းတရား၏ အသေးစိတ်ရှင်းပြ သွန်သင်ခြင်းကို သိရှိနိုင်ရန်ရောမသြဝါဒ သို့ရောက်ရှိသည်အထိစောင့်ဆိုင်းဖို့ရန်လိုအပ်ပါသည်။

## (က) သံလွင်တောင်ဒေသနာကိုသဘောပေါက်နားလည်ခြင်း

အကယ်၍သင်သည် ရှင်မဿဲ ၂၄ နှင့် ၂၅ ကိုပထမဦးဆုံးအကြိမ်ဖတ်ရှုသည်ဆိုပါစို့။ ၎င်းကျမ်းပိုဒ် များတွင်ဖော်ပြထားသော ဇတ်လမ်းပမာဖြစ်ရပ်များအားဖြင့်သင်သည် လှုံ့ဆောင်နိုးဆွခြင်းကို ခံစားရပေမည်။ သို့သော် သင့်စိတ်ထဲတွင် မသိနားမလည်ခြင်း၊ တွေဝေခြင်းများလည်းရှိလာပေမည်။ ဘယ်သူလဲ၊ ဘယ်အချိန်လဲ၊ ဤကျမ်းပိုဒ်က ကျွန်ုပ်ကိုဘာပြောသလဲစသည်ဖြင့် အမျိုးမျိုးသောသောမေးခွန်းပေါင်းစုံသည် သင့်စိတ်ထဲတွင် ပေါ်လာပေမည်။

၎င်းဒေသနာကိုနားလည်သဘောပေါက်နိုင်ရန် အဓိကသော့ချက် (၄) ခုရှိပါသည်။

၁။ ဒေသနာသည် အသင့်တော်နှင့် မသက်ဆိုင်ပဲ ဣသရေလနှင့်သက်ဆိုင်ပါသည်။ သံလွင်ဒေသနာ တွင်အသင်းတော်အကြောင်းတစ်ကြိမ်တစ်ခါမှ ရည်ညွှန်းခြင်းမရှိပါ။ ဂျူးလူမျိုးများကို ရည်ညွှန်းသည့်အချက်မှာ သန့်ရှင်းသောနေရာ (၎င်းသည် ယေရုရှလင် ဗိမန်တော်ဖြစ်သည်) (၂၄း၁၅)၊ ယုဒပြည် (၂၄း၁၆) နှင့် ဥပုဒ်နေ့၌ ခရီးဝေးမသွားရခြင်း။

ရွေးချယ်သောသူတို့ဟူသော ရည်ညွှန်းခြင်းစကားလုံးကြောင့် တွေဝေခြင်းမရှိပါနှင့် (၂၄း၂၂-၂၄-၃၁) ၎င်းသည်ဒုက္ခဆင်းရဲခြင်းကာလ (Tribulation) တွင်ဘုရားသခင်၏ရွေးနှုတ်သော ဂျူးများကို ဆိုလိုပါသည်။ ထိုကာလတွင် အသင်းတော်၏ရွေးနှုတ်သောသူတို့သည် ကောင်းကင်စံအိမ်သို့ ချီဆောင်ပြီး (raptured) ကာလဖြစ်ပါလိမ့်မည်။ ထိုနည်းတူ ၂၅း၄၀ တွင်တွေ့ရသော “ငါ့ညီတို့တွင်” ဟူသော စကားလုံးသည်

ဂျူးလူမျိုးညီအစ်ကိုများကို ဆိုလိုခြင်းဖြစ်ပါသည်။

၂။ ၎င်းဒေသနာသည် အနာဂတ်တွင်ဖြစ်လာမည့် ပရောဖက်ပြုချက်နှင့်သက်ဆိုင်ပြီး မကြာခင်ရောက်လာမည့်ဖြစ်ရပ် (သို့) သမိုင်းနှင့်မသက်ဆိုင်ပါ။

က။ ဘေးဒဏ် (သို့) ဆင်းရဲဒုက္ခကာလ (၂၄း ၄ - ၂၈)

ခ။ ဒုတိယအကြိမ်ကြွလာခြင်း (၂၄း၃၀)

ဂ။ နိုင်ငံတကာတို့ကို တရားစီရင်ခြင်း (၂၅း၃၁-၄၆)

၃။ ၂၄း၁၄ တွင်ဖော်ပြသောသံလွင်တောင်ပေါ်ဒေသနာ သတင်းကောင်းသည် ဘုရားသခင်၏ကျေးဇူးတော်တရားနှင့် ဆိုင်သောသတင်းကောင်းမဟုတ်ပဲ၊ နိုင်ငံတော်နှင့်ဆိုင်သောသတင်းကောင်းဖြစ်ပါသည်။ ဤအချက်က သခင်ကိုယ်တော်၌ယုံကြည်သောအားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်ဟူသောတစ်ခုတည်းရှိသောသတင်းကောင်းနှင့် ဆန့်ကျင်ဘက်မပြုပါ။ သို့သော် သတင်းကောင်းသည် ကွဲပြားခြားနားသောနှစ်ကာလများကိုလိုက်၍ ခြားနားသောခွဲခန့်စီမံပေးခြင်းများနှင့်ကွဲပြားသော အလေးပေးခြင်း (အသာပေးခြင်း) များရှိတတ်ပါသည်။ ဓမ္မဟောင်းခေတ်တွင်လူတို့သည် ဘယ်အရာကိုမဆို ဘုရားသခင်ပေးသောအရာများကိုယုံကြည်သောအားဖြင့် ကယ်တင်ခြင်းရရှိခဲ့ကြသည်။ ယနေ့ကျွန်ုပ်တို့သည်၊ ဒုတိယအကြိမ်ပြန်ကြွလာသောအခါ ကျွန်ုပ်တို့အားကောင်းကင်နိုင်ငံတော်သို့ ဆောင်ယူသွားမည်ဟူသော ကတိတော်နှင့်အတူခရစ်တော်၌ယုံကြည်သောအားဖြင့် ကယ်တင်ခြင်းကိုရရှိကြခြင်းဖြစ်ပါသည်။ ဘေးဒဏ် (သို့) ဒုက္ခဆင်းရဲခြင်းရရှိပြီး ခရစ်တော်ယေရှု ဒုတိယအကြိမ်ပြန်ကြွလာသောအခါ သူနှင့်အတူ နိုင်ငံတော်သို့ဝင်ရောက်ရလိမ့်မည်ဟူသော သတင်းကောင်းကို ဦးစားပေး (အလေးပေး) ကြလာပါလိမ့်မည်။ ၎င်းသည်လည်းနိုင်ငံတော်နှင့်ဆိုင်သော သတင်းကောင်းဖြစ်ပါသည်။

၎င်းတရားဟောချက်သည် ချီဆောင်ခြင်း (rapture) နှင့်မသက်ဆိုင်ပဲ ခရစ်တော်၏ အုပ်ချုပ်ဖို့ရန်ကြွလာခြင်း (နှစ်တစ်ထောင်အုပ်ချုပ်ခြင်း) နှင့်သက်ဆိုင်ပါသည်။ ထိုသို့ မဖြစ်မီအာကာလ၌ စိုးရိမ်ထိတ်လန့်စရာများဖြစ်ပေါ်လာပြီး၊ ထိုနောက်တွင်ကြောက်မက်ဖွယ်ကောင်းသော တရားစီရင်ခြင်းများ လိုက်ပါလာမည်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ အလေးပေးပြောကြားခြင်းမရှိပေ။ ချီးဆောင်ခြင်းမတိုင်ခင်ကောင်းကင်ဝေယံ၌ နိမိတ်လက္ခဏာများဖြစ်ပျက်ခြင်းမရှိပါ။ ရှင်ပြန်ထမြောက်ခြင်းသည် ချီဆောင်ခြင်း၏အရေးကြီးသော ကြန်အင်လက္ခဏာ (ရုပ်သွင်) တစ်ခုဖြစ်ပါသည်။

၂၄း၄၀-၄၁ တွင်သိမ်းယူခြင်းခံရသောသူတို့သည် တရားစီရင်ခြင်းသို့ယူဆောင်ခြင်းခံရပြီး၊ နေရစ်သောသူတို့သည် နိုင်ငံတော်သို့ဝင်ရောက်သောသူများဖြစ်ကြသည်။ ဤဖြစ်ရပ်သည် အသင်းတော်ကို ချီးဆောင်ခြင်း၌ဖြစ်ပျက်သောဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ၂၅း၁၃ တွင် မိုက်သောသတို့သမီးတို့သည် စစ်မှန်သောအသက်တဖန်မွေးဖွားခြင်း (ပြောင်းလဲခြင်း) မရှိပဲ ဘေးဒဏ်ကာလ၌ မိမိကိုယ်ကို ဂျူးလူမျိုး၊ ပါးစပ်အားဖြင့်သာယုံသော ဟူ၍ထုတ်ဖော်ပြောကြားသော ဂျူးလူမျိုးများဖြစ်ကြပြီး၊ ပညာသတိရှိသော သတို့သမီးတို့သည်ဒုတိယအကြိမ် ပြန်ကြွလာသောအခါ ကိုယ်တော်၏မြင့်မြတ်သော မင်္ဂလာပွဲတော်သို့ဝင်ရောက်မည့် ယုံကြည်သူဂျူးလူမျိုးများဖြစ်သည်။

သံလွင်တောင်ပေါ်ဟောကြားချက် (သို့) ဒေသနာသည်ဣသရေလနှင့် ၎င်းနိုင်ငံတို့နှင့်သက်ဆိုင်သည်ဟူ၍ဘာသာပြန် (အနက်ဖွင့်) ရသော်လည်း၊ ၎င်းက ယနေ့ကျွန်ုပ်တို့အတွက် သွန်သင်သောအရာမရှိပါဟူ၍မဆိုလိုပေ။ ၎င်းကကျွန်ုပ်တို့သည် နောက်ဆုံးသော ကာလ၌နေရသည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့်ပညာသတိနှင့်ကြည့်ရှု၍စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့်ကျရောက်လာမည့် ပျက်ဆီးခြင်းအပြစ်ဒေါသထဲမှလူတကာတို့ကို ကယ်တင်လွတ်မြောက်စေနိုင်ရန် ဧဝံဂေလိ လုပ်ငန်းကိုအားတက်သရော် လုပ်ဆောင်ကြရန်

လိုအပ်ကြောင်း ၎င်းဟောကြားချက်က ပြောပြပါသည်။

## (စ) အနီရောင်စာသားပါဝင်သော ကျမ်းစာများ

နောက်ဆုံးအနေဖြင့်၊ သခင်ယေရှု၏ပြောစကားများကို အနီရောင်စာသားများဖြင့်ပုံနှိပ်ထားသော သမ္မာကျမ်းစာများသည်လည်း ပစ်မှတ်ကိုလွဲချော်သောသူများဖြစ်ကြသည်။ သူတို့အနေဖြင့် သခင်ယေရှု၏ ပြောစကားများသည်ပို၍အရေးကြီးပြီး၊ အခြားကျမ်းစာများထက်ပို၍ မှုတ်သွင်းခြင်းရသည်ဟူ၍ သွယ်ဝိုက်ပြီး ရည်ညွှန်းခြင်းဖြစ်ပုံပေါ်သည်။ သို့သော် ဝိညာဉ်တော်၏မှုတ်သွင်းခြင်း၌ အနဲနှင့် အများတိုင်းတာသည့် ဒီဂရီများမရှိပါ။ သမ္မာကျမ်းစာသည် အစမှအဆုံးအထိသန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းထားခြင်းဖြစ်သည်။ သို့သော်၊ အကယ်၍ ကျွန်ုပ်တို့သခင်၏ ပြောစကားများကို ဖတ်ရှုလေ့လာခြင်းပြုလုပ်နေလျှင် ၎င်းအနီရောင် စာသားများက ၎င်းပြောစကားများကို ရှာဖွေရာတွင်များစွာလွယ်ကူသက်သာစေသည်။

## ၂။ တမန်တော်ဝတ္ထု

ဤစာအုပ်ကို J.B. Phillips ကလှုပ်ရှားနေသောငယ်ရွယ် (ပျိုရွယ်) သည့်အသင်းတော်ဟူ၍ ခေါ်ဆိုခဲ့သည်။ ၎င်းသည်ကောင်းမွန်သောခေါင်းစဉ်ဖြစ်ပြီး “ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့ တွေးတောစဉ်းစားတတ်ရင်အကောင်းသား” ဟူ၍ ဆန္ဒပြုမိပါသည်။ ထိုစာအုပ်ကိုသန့်ရှင်းသော ဝိညာဉ်တော်၏ လှုပ်ရှားမှုဟူ၍လည်း ခေါ်ခဲ့ကြသည်။ ၎င်းခေါင်းစဉ်တပ်ခြင်းသည်လည်း ကောင်းမွန်သောဖော်ပြချက် ပင်ဖြစ်သည်။

၎င်းစာအုပ်ထဲရှိအကြောင်းအရာသည် ခရစ်တော်၏ ချီဆောင်သွားခြင်းမှရှင်ပေါလု၏ ပထမဆုံးအကြိမ် ထောင်ကျခြင်းအကြား၊ အေဒီ ၃၀-၃၆ အတွင်း၊ နှစ်ပေါင်း ၃၄ နှစ်ခန့်အတောအတွင်း အကြောင်းအရာများကို ခြုံငုံခြင်းဖြစ်ပါသည်။

ရှင်ပေတရုကအခန်း ၁ မှ ၁၂ အထိသော့ချက်ကျသောကဏ္ဍအပိုင်းကို နေရာယူထားပြီး၊ ရှင်ပေါလုက စင်မြင့်၏အလယ်ဗဟိုကို နေရာယူထားသည်။ ဤစာအုပ်သည်ပြည့်စုံသောသမိုင်းအကြောင်းကို ထုတ်ဖော်ပေးခြင်းမဟုတ်ပဲ ကနဦးအသင်းတော်၏ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားခြင်းကို ခြေရာခံရန် သီးခြားစီဖြစ်သော ဖြစ်ရပ်များကို သန့်ရှင်းသောဝိညာဉ်တော်က ရွေးချယ်၍ စုစည်းပေးခြင်းဖြစ်သည်။ ပို၍အရေးကြီးသည့်အချို့သောဂဏ္ဍများကို အောက်ပါအတိုင်းပိုင်းခြားထားပါသည်။

A.D ၃၀-၃၇ ခရစ်တော်ကိုချီဆောင်သွားခြင်းမှ သတေဖန်၏ မာသူရအဖြစ်အသေခံရခြင်းအထိ (အခန်း ၁-၈)

A.D ၃၇-၄၀ ရှောလုအသက်တာပြောင်လဲခြင်းမှ ပထမဦးဆုံးသူ၏ယေရုရှလင်မြို့သို့ လည်ပတ်ခြင်း အထိ (အခန်း ၉)

A.D ၄၀-၄၂ ကောနေလိ၏အသက်တာပြောင်းလဲခြင်းမှ ရှင်ပေါလု၏အန္တိအုတ်မြို့သို့ ရောက်ရှိခြင်း အထိ (အခန်း ၁၀-၁၁)

A.D ၄၄ ရှင်ယာကုပ်မာသူရအဖြစ်အသေခံခြင်းမှ ဟေရုဒ်မင်းသေဆုံးခြင်းအထိ (အခန်း ၁၂)

A.D ၄၅-၄၇ ရှင်ပေါလု၏ပထမသာသနာခရီးစဉ် (အခန်း ၁၃-၁၄)

A.D ၄၈ ယေရုရှလင်ကောင်စီအပါအဝင် သာသနာခရီးများအကြား၊ ကြားကာလ (အခန်း ၁၅)

A.D ၅၀-၅၄ ရှင်ပေါလု၏ဒုတိယသာသနာခရီးစဉ် (အခန်း ၁၆-၁၈)

A.D ၅၄-၅၈ ရှင်ပေါလု၏တတိယသာသနာခရီးစဉ် (အခန်း ၁၉-၂၁)

A.D ၅၈-၆၀ ရှင်ပေါလုကဲသရိမြို့၌ အကျဉ်းချခံရခြင်း (အခန်း ၂၂-၂၆)

A.D ၆၀-၆၃ ရှင်ပေါလု၏ရောမမြို့သို့ပင်လယ်ခရီးစဉ်နှင့် ထိုနေရာ၌အကျဉ်းချခံရခြင်း (အခန်း ၂၇-၂၈)

တမန်တော်ဝတ္ထုသည်သတင်းကောင်း (gospel) ကိုပထမဦးစွာ ဂျူးလူမျိုးများထံသို့ဟောပြောပြီး၊ နောက်တွင်တစ်ပါးအမျိုးသား လူမျိုးများထံသို့ဟောပြောသင့်ကြောင်း ခရစ်တော်မိန့်မှာသည့် အမိန့်၏သမိုင်းဝင်ပြည့်စုံခြင်းကိုရေးသားဖော်ပြသည့်စာအုပ်ဖြစ်ပါသည်။ (တမန်တော်ဝတ္ထု ၁း၈)။ အစပိုင်း အခန်းများ၏လူထုပရိသတ်များသည် ဂျူးလူမျိုးများဖြစ်ကြသည်။ သို့သော်ဘုရားသခင်၏ ရှေးဦးလူ ဂျူး အများစုတို့သည်ပြောင်းလဲခြင်းမရှိပဲ သွန်သင်ဟောပြောချက်များကို ငြင်းပယ်သဖြင့်တစ်ပါး အမျိုးသား (Gentiles) များအပေါ်တွင် သတင်းကောင်းပြန့်နှံ့ရောက်ရှိသွားပါသည်။ သတင်းကောင်းသည် ကမ္ဘာသရေလ လူမျိုးများနှင့် ပြတ်သားစွာဖျက်တောက်ခြင်းကိုတမန်တော် ၂၈း၂၈ တွင်ရေးသားထားပါသည်။ ဤစာအုပ်ကို အသွင်ကူးပြောင်းခြင်းဟူ၍ လည်းမကြာခဏခေါ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဂျူးဘာသာမှခရစ်ယန် ဘာသာသို့၄င်း၊ ပညတ်တော်ခေတ်မှ အသင်းတော်ခေတ်သို့၄င်း၊ ကူးပြောင်းခြင်းကိုဤစာအုပ်များ၌ ခြုံလွှမ်း၍ ဖော်ပြထားသောကြောင့်ဖြစ်သည်။

## (က) သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိခြင်း

တမန်တော်ဝတ္ထုတွင်ယုံကြည်သူအုပ်စု (၄) စုကိုတွေ့ရပြီး၊ ၎င်းတို့၏သန့်ရှင်းသောဝိညာဉ်တော်လက်ခံ ရရှိခြင်းနှင့်ဆက်စပ်၍ အစဉ်လိုက်ဖြစ်ရပ်များသည် အကြောင်းကိစ္စအသီးသီးကြောင့် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရသည်။

၁/ တမန်တော်ဝတ္ထု ၂း၃၈ တွင်ဂျူးလူမျိုးတို့သည် နောင်တရပြီး ရေနှစ်ခြင်းမင်္ဂလာခံယူသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိကြသည်။

၂/ တမန်တော်ဝတ္ထု ၈း၆-၁၂-၁၇ တို့တွင် ရှာမာရိလူတို့သည် ယုံကြည်၍ (အပိုဒ်ငယ် ၆) ရေနှစ်ခြင်း မင်္ဂလာခံပြီး (အပိုဒ်ငယ် ၁၂ - ၁၆)၊ တမန်တော်တို့၏လက်ကိုသူတို့၏ခေါင်းပေါ်သို့ တင်လိုက်သောအခါ သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိကြသည်။ (အပိုဒ်ငယ် ၇)

၃/ တမန်တော်ဝတ္ထု ၁၀း၄၄-၄၈ တွင်တစ်ပါးအမျိုးသား (Gentiles) လူမျိုးတို့သည်ခရစ်တော်ကို ယုံကြည်လက်ခံသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိပြီး၊ ဝိညာဉ်တော်လက်ခံရရှိပြီးသည့် နောက်တွင် ရေနှစ်ခြင်းမင်္ဂလာခံခဲ့ကြသည်။ အပိုဒ်ငယ် ၄၃-၄၄ (အပိုဒ်ငယ် ၄၇-၄၈)

၄/ တမန်တော်ဝတ္ထု ၁၉း ၁-၆ တွင်အချို့သောဗတ္တိဇံယောဟန်၏ နောက်လိုက်များသည် ယုံကြည်ပြီး (အပိုဒ်ငယ် ၉) ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။ (အပိုဒ်ငယ် ၅)။ ထို့နောက်ရှင်ပေါလုက သူတို့အပေါ်သို့ လက်တင်ပေးခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခဲ့ကြသည်။ (အပိုဒ်ငယ် ၆)

ယနေ့ (သို့) ယခုခေတ်အတွက် အသုံးပြုနိုင်သော အစဉ်လိုက်ဖြစ်ရပ်သည် နံပါတ် (၃) (သို့) တတိယ အချက်ဖြစ်သော ယုံကြည်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိခြင်းနှင့် ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း ဖြစ်ပါသည်။

## (ခ) တမန်တော်ဝတ္ထုနှင့် ယနေ့ကယ်တင်ခြင်း

ယနေ့ခေတ်တွင်အသုံးပြုသော (သို့) အကျုံးဝင်သော ဖြစ်စဉ်ကိုအခန်း (၁၀) တွင်တွေ့ရှိရကြောင်း ထပ်မံဖော်ပြလိုက်ပါသည်။ ၎င်းဖြစ်စဉ်မှာ (၁) ယုံကြည်ခြင်း (၂) သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခြင်း

(၃) ရေနှစ်ခြင်းခံခြင်းဖြစ်ပါသည်။ သို့ဖြစ်လျှင် ယနေ့ဂျူးလူမျိုးယုံကြည်သူများအတွက် ဘာဖြစ်မလဲ။ သူတို့အတွက် ဖြစ်စဉ်သည်လည်း (Gentiles) နှင့်အတူတူပင်ဖြစ်သည်။ ဣသရေလသည် ယာယီခေတ္တခဏ ဘေးသို့ ဖယ်ထားခြင်းခံရသော နိုင်ငံဖြစ်သော်လည်း ယခုတွင်မူ "ခြားနားခြင်းအလျှင်မရှိတော့ပါ"။ (ရောမ ၃း၂၂ ခ)။

## (ဂ)သန့်ရှင်းသောဝိညာဉ်တော်၏ဘုန်းတန်ခိုး

သန့်ရှင်းသောဝိညာဉ်တော်၏ ဘုန်းတန်းခိုးသည်တမန်တော်စာအုပ်၏ အဓိကသင်ခန်းစာဖြစ်သည်။ သူရွေးချယ်သည့်အတိုင်း လှုပ်ရှားတတ်ပြီး လူဇာတိအားဖြင့် သူ့ကိုမထားဆီးနိုင်ပါ သူသည် ကွဲပြားခြားနားသော နည်းလမ်းများသုံးသဖြင့်သူ့ကိုမတားဆီးနိုင်သည့်အားလျှော်စွာ တော်တော်များများသည် သူ့ကိုတားမြစ်ခြင်း ပုံသဏ္ဍာန်သွင်းရန် ကြိုးစားခြင်း အမှားများလုပ်တတ်ကြသည်။ သန့်ရှင်းသောဝိညာဉ်ကိုတင်စားသော သင်္ကေတများမှာ လေ၊ အသက်၊ ရေ၊ မီး၊ တိမ် တို့ဖြစ်ပြီး ၎င်းတို့သည် အရည်နှင့်ဟောကိန်းမထုတ်နိုင်သော အရာများဖြစ်သည်။ အထက်ပါအကြောင်းအရာများသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။

## (၃)ပေးပို့သောစာများ ( The Epistles )

ယုံကြည်သူတို့၏တည်နေရာအနေအထားနှင့် သူတို့၏လေ့ကျင့်လုပ်ဆောင်မှုများ ခွဲခြားဝေဖြာခြင်းသည် ပေးပို့စာများ (Epistles) များလေ့လာခြင်း၏ အဓိကကျသောအချက်ဖြစ်သည်။ အနည်းဆုံး (ရာမ၊ ဧဖက်၊ ကောလာ) ဤသုံးအုပ်များသည် ၎င်းအတိုင်းဖွဲ့စည်းထားသည်။ အစပိုင်းယုံကြည်သူ၏အနေအထား၊ အခြေအနေကိုဖော်ပြပြီးနောက်ပိုင်းသည် သူတို့၏အကျင်းတရား၊ လေ့ကျင့်လုပ်ဆောင်မှုများဖော်ပြထားသည်။

"သခင်ယေရှု၌" ဆိုသည့်စကားစုသည် ကျွန်ုပ်တို့၏ရပ်တည်သည့်နေရာကိုဖော်ပြပြီး၊ "ကိုယ်တော်၌" ဆိုသည့်စကားစုသည်ကျွန်ုပ်တို့၏အခြေအနေကိုဖော်ပြထားသည်။

အခြေခံကြသောအရာနှင့်အရေးမကြီးသောအရာ၌ကွဲပြားခြားနားမှုရှိပါသည်။ ရောမ ၁၄း၅ ၌ရှင်ပေါလု ပြောဆိုသည်မှာ "မိမိတို့မှန်ကန်သည်ဟု စိတ်ချယုံကြည်စိတ်ရှိကြရမည်၊ ဆိုလိုသည်မှာ ဤအရာသည်မိမိတို့၏ ရွေးချယ်မှုနှင့်သက်ဆိုင်သောအရာဖြစ်သည်။ ဤနေရာ၌ယုံကြည်ခြင်းနှင့် ပတ်သက်၍ဖော်ပြထားခြင်းမဟုတ်ပါ။ ရှင်ပေါလုသည်ကွဲပြားခြားနားသော ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ပြောဆိုခြင်းဖြစ်ပြီး၊ အရမ်းအရေးကြီးသော အရာမဟုတ်ပါ။ သိက္ခာပုဒ် နှင့်ပတ်သက်၍မိမိထင်မြင်ချက်တွေကို ကျမ်းစာ၌ထည့်လို့မရပါ။ သို့သော် အရေးမကြီးသောနေရာ၌အသုံးပြုနိုင်သည်။ "အချို့သောသူတို့ကို တစ်နည်းနည်းဖြင့်ကယ်တင်နိုင်ရန် ငါသည်လူ ၉း၂၂ အမျိုးမျိုးအထဲ၌ အမျိုးမျိုးနေထိုင်၏" ဟုရှင်ပေါလုက ၁ ကော၌ ရေးသားဖော်ပြထားပါသည်။ ပျောက်ဆုံး သောသူတို့ကို ကယ်တင်ဖို့အလို့ငှါ ကျမ်းစာအစဉ်အလာများ စွန့်လွှတ်ရမည်ဟုဆိုလိုခြင်းဖြစ်ပါသလော? မဟုတ်ပါဘူး၊ နှုတ်ကပတ်ဝက်ကိုချိုးဖောက်ရာမရောက်သော အခွင့်အရေးပေးလိုသည့်ဆန္ဒသာဖြစ်သည်။

တိတု ၁း၁၅ ၌ရှင်ပေါလုရေးသားထားသည်မှာ "မိမိတို့ကိုယ်တိုင်စိတ်နှလုံးစင်ကြယ်သန့်ရှင်းသူတို့အဖို့မှာ မည့်သည့်အရာမဆို စင်ကြယ်သန့်ရှင်း၏" အဆက်အစပ်မကြည့်ဘဲ ဒီအချက်လေးဘဲယူရင် အပြာစာအုပ်၊ ဓါတ်ပုံနှင့်ညစ်ပတ်သောကိုယ်ကျင့်တရားများသည် သန့်ရှင်းရာရောက်ပါသည်။ သို့သော် ဤအရာသည် လုံးလုံးမှားပါသည်။ ဤကျမ်းချက်သည် အပြစ်မဟုတ်သော၊ သန့်ရှင်းသောအရာများသာလျှင် ရည်ညွှန်း ထားခြင်းဖြစ်သည်။

ယုံကြည်သူတွေဟာပညတ်၏ ထိန်းချုပ်မှုအောက်၌အရှိသော်လည်း သိက္ခာပုဒ်များလိုက်နာပါဟု ဓမ္မသစ်ကျမ်း၌ရေးသားဖော်ပြထားပါသည်။ သိက္ခာပုဒ်များသည် ပြစ်ဒဏ်ပေးလိုသောငှါ ပေးထားခြင်းမဟုတ်ပါ။ သို့သော်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိသောသူအတွက် ညွှန်ကြားချက်သာလျှင်ဖြစ်သည်။

အထက်ပါထွက်ဆိုသည့်အတိုင်း၊ နာခံခြင်းသည် ဝိညာဉ်ရေးရာ၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သည်။ (ဟောရှေ ၆း၃ မဿဲ ၁၃း၁၂) ဤအရာသည် သိပ်အရာ/အလေးအနက်အရာ မရောက်နိုင်ပါ။ ဤအရာသည် လူ၏အသိညဏ်ရလဒ်မဟုတ်ပါ၊ သူ၏နာခံမှုရလဒ်သာလျှင်ဖြစ်သည်။တစ်ချို့မှန်ကန်သောအရာများသည် ယုံကြည်ခြင်းဖြစ်သာလျှင် လက်ခံနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူ၏အသိဉာဏ်ဖြင့် နားလည်သဘောပေါက်ရန်ခက်သောကြောင့်ဖြစ်သည်။ ဥပမာ သုံးပါးတစ်ဆူ၊ ရွေးနှုတ်ခြင်း၊ လူဇာတိအပိုင်း နှင့် သခင်ယေရှု၌ ဇာတိနှစ်မျိုးပေါင်းခြင်းတို့ဖြစ်သည်။

မူရင်းကိုသတိထားပြီးဖတ်ရှုပြီး လိုရင်း၏အဓိပ္ပါယ်သည် ဘယ်အရာနည်း။ ဖေက် ၂း ၁-၂ ထဲက "သင်" ဆိုသည့်စကားလုံးက ဟေလသနောက်ခံယုံကြည်သူတွေကိုညွှန်းပါသည်။ အခန်းငယ် ၃ သုံးမှာကြတော့ ပေါလုနှင့်အခြား ယုဒယုံကြည်သူများကိုညွှန်းပါသည်။ ၁ ယော ၂း ၂၈ ၏ရည်ရွယ်ချက်သည်သင် (စာဖတ်သူ) ခရစ်တော်၌တည်ကြလော့၊ သားတော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်အထံတော်သို့ ရောက်လျှင်၊ ရဲရင့်သောအခွင့်ရှိ၍ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သားတော်၌တည် နေကြလော့။ သန့်ရှင်းသောဝိညာဉ်တော်အခြားခြားသောအခါဝေါ်သုံးသည့်အခါ ယေဘုယျအားဖြင့် အမျိုးမျိုးသော အဓိပ္ပါယ်ကိုဆောင်စေပါသည်။ ဥပမာအားဖြင့်ပြောမည်ဆိုလျှင် ယုံကြည်သူများသည် ကလေးများ (သို့) သားဟုသုံးပါသည်။ သို့သော်လည်း ဤစကားလုံးသည်အဓိပ္ပါယ်ခြင်းတူသည့် ဝေါဟာရတွေ ဖြစ်ပါသည်။ ကလေးဆိုသည့်အခါ သူတို့သည် ဘုရားသခင်၏မိသားစုဟု အဓိပ္ပါယ်ရသည် သားများဆိုသည့် အခါ သူတို့သည်အခွင့်အာဏာနှင့် တာဝန်ဆောင်ရွက်သူဟုတင်ပြပါသည်။ ဓမ္မသစ်ကျမ်းထဲက ပေးစာများကို

လေ့လာသည့်အခါ တမန်တော်စာအုပ်များ၏ နောက်ခံသမိုင်းများကို တိုးပွားစေပါသည်။ ဥပမာအနေဖြင့်၊ ဂလာတိ ၂ း ၁-၁၀ ကိုလေ့လာသည့်အခါ၊ တမန်တော် ၁၅း ၁-၂၉ ကိုဖတ်ပါ။ ၁ နှင့် ၂ တိမောသေ၏ အရေးကြီးသည့်နောက်ခံသမိုင်းကို တမန်တော် ၁၆း၁ တွင်တွေ့ရှိနိုင်ပါသည်။

## (က) ရောမခန်း (၁၁) ကိုနားလည်သဘောပေါက်ခြင်း

ဤအခန်းကြီးကလူတွေ၏ နားလည်သဘောပေါက်မှုကို အဆုံးအဖြတ်ပေးပါသည်။ ထိုကြောင့် ဤကျမ်းပိုဒ်ကို အထူးအာရုံစိုက်ရပါသည်။ အဓိကအားဖြင့် ဤကျမ်းပိုဒ်ကဘုရားသခင် ဣလရေလ၏အနာဂတ် အတွက် အကြံစည်တော်ကြီးဖြစ်သည်။ ဤနေရာ၌ရိုးစင်းသော သော့ချက်ခြောက်ချက်ရှိပါသည်။

၁။ အခန်းငယ် ၁ နှင့် ၂ ထဲကဘုရားသခင်၏စကားအဆက်အစပ်တောင်းဆိုမှုကို သင့်၏ဦးနှောက် အတွေးအခေါ်ထဲ၌ လုံးဝထည့်သွင်းပါ။

၂။ အခန်းငယ် ၁၁ ထဲက "နောက်ဆုံး" ဆိုသည့်စကားလုံးကို သင်၏အတွေးအခေါ်များကိုပေးကမ်းပါ။ ရှင်ပေါလုက ဣသရေလတို့၏ ကျဆုံးမှုကိုမငြင်းပယ်ပါဘူး ဤသို့ပြောပါသည်။ သူတို့၌အငယ် ၁၂။ သို့သော်လည်း နောက်ဆုံးမဟုတ်ပါ။ ပေါလုကိုယ်တိုင်အားလည်းချွင်းချက်ဖြစ်ပါသည်။

၃။ အခန်းငယ် ၁၃-၂၄ တွင် တမန်တော်ပေါလုက အသင်းတော်ထံသို့မဟုတ်ဘဲ ဟေလသများထံသို့ စကားလှည်းခဲ့ပါသည်။ အငယ် ၂၂ ကိုအသင်းတော်ဟုထင်မြင်ခဲ့လျှင် ဖျက်တောက်ရပါမည်။ သို့သော်လည်း မဖြစ်နိုင်ပါ၊ အသင်းတော်၏ငယ်သားများသည် ဘုရားသခင်၏ရွေးနှုတ်တော်မူခြင်း တံဆိပ်ရိုက်ခြင်းခံသော သူများဖြစ်ကြသည် (ဖေက် ၄း၃၀)။

၄။ အငယ် ၁၇-၂၄ ထဲကသံလွင်ပင်စိုက်ပျိုးခြင်းကိုသတိရပါ။ ခေတ်ရေဆင်းလိုင်းအရ ဣသရေလ တွေက ပြန်လည်ပြီးအခွင့်ထူးရမည့်အကြောင်း မဟုတ်ပါ။ အင်မတန်အရေးကြီးပါသည်။ သဘာဝ အကိုင်းအခက်ကတော့ ဣသရေလဖြစ်သည်။ အကောင်အထည်မဖေါ်နိုင်သော အခက်တွေကတော့ ဟေလသဖြစ်ပါသည်။

ဣသရေလသည် ဘုရားသခင်၏အထူးရွေးချယ်မှုခံစားသူများဖြစ်ကြသည်။ သံလွင်ပင်၏ မူရင်းအကိုင်းအခက်ဖြစ်ပါသည်။ သို့သော်လည်း ဣသရေလသည်ယာရီဘေးဖယ်ခြင်းခံပြီး ဟေလသသည် အခွင့်ထူးရရှိခဲ့သည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် ဟေလသလူမျိုးကိုသူ၏နာမ၌ ခေါ်ထုတ်ရန်ဖြစ်သည်။ (တမန် ၁၅း၁၄)။သံလွင်ပင်ကိုဣသရေလဟုသင်သည်ခံယူလျှင် သင်သည်ဣသရေလတွေထက်အဝေးသို့ ရောက်နေပါသည်။ ဣသရေလသည် ဣသရေလနေရာမှနှုတ်ခြင်းခံပြီး၊ ဟေလသက ဣသရေလနေရာ ယူခဲ့သည်။ ဟေလသက ဣသရေလကိုလွှင့်နှုတ်ပစ်ပြီး သို့သော်လည်း ဣသရေလသူ့နေရာကို ပြန်ယူပါလိမ့်မည်။ Absurd

၅။ ဟေလသ၏ပြည့်စုံခြင်း (အငယ် ၂၅) ကတို့သားခရစ်တော်၏ ချေဆောင်ခြင်းကိုညွှန်းပြီး ဘုရားသခင်က ဣသရေလ လူမျိုးကိုသူ၏လူမျိုးကဲ့သို့ မိတ်သဟာရဖွဲ့ခြင်းဖြစ်ပါသည်။

ဟေလသများ၏အချိန် (လုကာ ၂၁း၂၄) မရောထွေးကြပါနှင့်။ ဣသရေလအပယ်ခံပြီး ဟေလသ အရွေးခံခြင်းသည် ယနေ့တိုင်အောင်ခရစ်တော်၏ ဒုတိယကြွရောက်မည့်အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

၆။ အငယ် ၂၆ ထဲက "ယုံကြည်မှု" ဆိုသည့်စကားလုံးအမြဲတမ်းစွဲလန်းပါ။ ယုံကြည်မှုရှိသော ဣသရေလအားလုံးကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။ ကျွန်ုပ်တို့သိသည့်အတိုင်း သမ္မာကျမ်းစာက မယုံကြည်သည့်မှန်သမျှ ခရစ်တော်ပြန်လည်ကြွရောက်သည့်အခါ ပျက်စီးခြင်းသို့ကြမည်ဟုဖေါ်ပြထားပါသည်။

## ၄။ ဗျာဒိတ်ကျမ်း

ဤဗျာဒိတ်ကျမ်းသည် သမ္မာကျမ်းစာထဲမှ အင်မတန်မခက်ခဲသည့်စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ အကြားအမြင်ဟုလည်းခေါ်ကြပါသည်။

ဤနေရာ၌ခက်ခဲသောစာအုပ်အတွက်ရိုးစင်းသော သော့ချက်များရှိပါသည်။

၁။ ဤစာအုပ်သည် တရားစီရင်ခြင်းအတွက်စုထားသောအုပ်ဖြစ်ပါသည်။ သို့ဖြစ်၍ဆန်းကျယ်သော ကိုးကွယ်ခြင်း ကျမ်းပိုဒ်များဖြစ်ပါသည်။ အခန်းကြီး ၄ နှင့် ၅ ကဲ့သို့ဖြစ်သည်။

၂။ ပထမအခန်းကြီးသုံးအထိသည် အသင်းတော်အတွက် ခရစ်တော်၏အသေးစိတ်တရားစီရင်မှုကို တွေ့နိုင်ပါသည်။ ဤတရားစီရင်ခြင်းသည် ဘုရားသခင်၏အိမ်တော်၌ စတင်လိမ့်မည်ဟု ဆိုရိုးရှိပါသည်။

- အသင်းတော်ခုနှစ်ပါးအတွက်ပေးပို့သောစာကို ဤကဲ့သို့နားလည်နိုင်ပါသည်။
- ယောဟန်၏ခေတ်၌ အသင်းတော်ခုနှစ်ပါးဖြစ်ခဲ့သည်။ ကျိန်းသေမှန်ပါသည်။
- အသင်းတော်၏သမိုင်းသည် ပင်တေကုတ်နေ့မှ ချီဆောင်ခြင်းသို့ ဦးဆောင်ပေးသည်။
  ခရစ်ယာန်တည်နေသရွေ့ ဤအရာသည်ရပ်တည်နေလိမ့်မည်။
- အသင်းတော်၏တည်ရှိမှုသည် ကမ္ဘာပေါ်၌သမိုင်းတရပ်ဖြစ်ပါသည်။ ဤအရာတွေက ကျွန်ုပ်တို့၏ အတွင်းရေးကျိန်းသေကူညီပံ့ပိုးပေးခဲ့ပါသည်။

  အခန်းကြီးသုံးနောက်ပိုင်း အသင်းတော်နှင့်ပတ်သက်၍ နောက်ထပ်မဖော်ပြတော့ပါ။

၃။ အဓိကအပိုင်းဗျာဒိတ်ကျမ်း (၄း၁ - ၁၉း၅)သည် ကမ္ဘာပေါ်၌ခုနှစ်နှစ်ဘေးဒဏ်ကာလ အတောအတွင်း ဘုရားသခင်၏တရားစီရင်ခြင်းကာလကို ပုံဖော်ပေးပါသည်။ ထိုတရားစီရင်ခြင်းသည် အောက်ကဖော်ပြထားသည့်လက္ခဏာများကိုသရုပ်ဖော်ပေးပါသည်။

- တံဆိပ် ခုနှစ်တုံး
- ခရာ ခုနှစ်လုံး
- ဖန်ပုလင်း ခုနှစ်လုံး

တံဆိပ်ခုနှစ်လုံး၊ ခရာနှင့်ဖလားများက ခုနှစ်နှစ်ဘေးဒဏ်ကာလကိုကုန်ဆုံးခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်အခန်းအနားဖြင့်ဖွင့်လှစ်ပုံဆောင်ပါသည်။

ဘုရားသခင်၏တရားစီရင်ခြင်းသည် ပွားသွားအောင်ကျယ်ပြန့်ပါသည်။

(က) ၁၄၄,၀၀၀ ဂျူးသူတော်စင်တံဆိပ်ခပ် (၇း၂၈)။

(ခ) ဟေလသယုံကြည်သူများ (၇း ၉-၁၇)။

(ဂ) ကောင်းကင်တမန်တော်နှင့် စာအုပ်ကလေး (၁၀)။

(ဃ) မျက်မြင်သက်သေနှစ်ခု (၁၁း ၃-၁၂)။

(င) ဣသရေလနှင့်နဂါး (၁၂)။

(စ) တိရိစ္ဆာန်နှစ်ကောင် (၁၃)။

(ဆ) ဇိအုန်တောင်ထက်ကခရစ်တော်နှင့် ၁၄၄,၀၀၀ (၁၄း၁၅)။

(ဇ) ကောင်းကင်တမန်နှင့်ထာဝရသတင်းကောင်း (၁၄း ၆-၇)။

(ဈ) ဗာဗုလုန်၏ကျေဆုံးခြင်း ကြေညာချက်ပမာဏ (၁၄း၈)။

(ည) တိရိစ္ဆာန်အကောင်ကိုးကွယ်သူများသတိပေးခြင်း (၁၄း ၉-၁၂)။

(ဋ) ရိတ်သိမ်းခြင်းနှင့် စပျစ်ခူးချိန် (၁၄း ၁၄-၂၀)

(ဌ) ဗာဗုလုန်ကြဆုံးခြင်း (၁၇း ၁၁-၉ း၆)

၄။ နောက်ဆုံးအခန်းကြီး (၁၉း၆-၂၂း၂၁)သည် ခုနှစ်နှစ်ဘေးဒဏ်ကာလ၌ ဖြစ်ပျက်မည့် အောက်က ဖော်ပြသည့်အရာကိုဆောင်ပါသည်။

(က) အရေးကြီးသည့်ခရစ်တော်၏ ဒုတိယကြွရောက်ခြင်း။

(ခ) ခရစ်တော်၏ နှစ်တစ်ထောင်အုပ်စိုးခြင်း။

(ဂ) ပလ္လင်ဖြူတရားစီရင်ခြင်း။

(ဃ) ထာဝရ နိုင်ငံတော်။

၅။ ယေဘုယျအားဖြင့် ဤကဲ့သို့ရှင်းလင်းချက်လုပ်ခြင်းသည် သမ္မာကျမ်းစာကိုအလွယ်ကူဆုံး နားလည်စေနိုင်ပါသည်။

အဓိပ္ပါယ်ကိုစာ၏အဆက်အစပ်နှင့်ပတ်သက်၍ ဖော်ထုပ်ရပါသည်။

(က) ကြယ်ခုနှစ်လုံး အသင်းတော်ခုနှစ်ပါးကောင်းကင်တမန်ဖြစ်သည် (၁း၂၀)။

(ခ) ရွှေမီးတိုင်ခုနှစ်တိုင်သည် အသင်းတော်ခုနှစ်ပါးဖြစ်သည် (၁း၂၀)။

(ဂ) ကြီးသောနဂါးသည် နတ်ဆိုး (သို့) စာတန်ဖြစ်သည် (၁၂း၉)။

အခြားသောအရာများသည်လွယ်ကူစွာသိရှိနိုင်ပါသည်။

(က) မြင်းနီစီးသူ စစ်ပွဲကိုပုံဆောင်သည်။ (၆း ၃-၄)။

(ခ) တံဆိပ်သုံးလုံးက အစာခေါင်းပါးခြင်းပုံဆောင်သည် (၆း ၅-၆)။

တစ်ချို့သည်သမ္မာကျမ်းစာထဲမှ ပင်ရှင်းလင်းချက်အဓိပ္ပါယ်ကိုတွေ့ရသည်။ ဥပမာ ကျားသစ်၊ ဝက်ဝံ နှင့် ခြင်္သေ့က (၁၃း၂)တို့က (ဒံယေလ ၂ နှင့် ၇) ဂရိ၊ ပီးရားရှားဟားနှင့် ဗာဗုလုန်တို့ကိုပုံဆောင်ပါသည်။ ရက်စက်သောနိုင်ငံများသည် တိရိစ္ဆာန်ပင်လယ်ထဲမှတွေ့ရမည်။

၆။ ကျမ်းစာထဲမှကျွန်ုပ်တို့အဖြေမတွေ့နိုင်သရွေ့ ဆုတောင်းခြင်းနှင့်ထားခဲ့ရပါမည်။ လုံးဝလူအနေဖြင့် နားမလည်နိုင်သည့်အရာများသည် ကျွန်ုပ်တို့အလွယ်တကူအဓိပ္ပါယ် သုံးသပ်ကောက်ချက်ချရန်မဟုတ်ပါ။

## ပြဿနာဇရိယာ

တစ်ခါတစ်ရံ လူ၏ကျင့်ဝတ် (သို့) ဖန်ဆင်းထားသည့်အရာအားလုံးသည် ဘုရားသခင်ထံသို့စွဲမြဲထင်မှတ်ပါသည်။ "ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကိုကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏" (ဆာ ၃၄း၁၅)။ "အတောင်တော်အမွေးနှင့် ဖုံးအုပ်တော်မူ၍၊ အတောင်တော်အောက်၌ သင်သည်လုံခြုံစွာနေရလိမ့်မည်" (ဆာ ၉၁း၄ က)။ ဘုရားသခင်၌ ဝိညာဉ်မျက်စိသို့နားနှင့် အတောင်ပန်များ မရှိပါ။ သို့သော်လည်း ဝိညာဉ်ပိုင်းဆိုင်ရာကဗျာများကို သင်ယူရန် အထောက်အကူဖြစ်ပါသည်။ ဤနာမည်နှင့် ပတ်သက်၍ anthropomorphisms (man-forms) နှင့် zoomorphisms (Living creature-forms) ဟုသိနိုင်ပါသည်။

အများသောအားဖြင့် ကျမ်းစာကလူစကားသုံးလေ့ရှိပါသည်။ ဘယ်အရာများကိုကျွန်ုပ်တို့အား မြင်စေလိုပါသလဲ။ နာမူနာအဖြင့် ဘုရားသခင်ကနောင်တရသည်။ သဘောကတော့အမှားကိုလုပ်မိပြီးသောကြောင့်မဟုတ်ပါ။ ဘုရားသခင်၏ နောင်တရခြင်း၏အဓိပ္ပါယ်သည် လူသည်အမိန့်တော်နာခံခြင်းမှ၊ နာမခံခြင်း၊ ဥပမာ ဘုရားသခင်၏အကျင့်စရိတ်သည်ကောင်းကြီးမင်္ဂလာမှ တရားစီရင်ခြင်း၊ တနည်းအားဖြင့် ဘုရားသခင်က လူ့အကျင့်စရိုက်မှ ဘုရားသခင့်စရိုက်သို့ပြောင်းစေလိုပါသည်။ လူသား၌ဘုရားသခင် နောင်တရသကဲ့သို့ ပေါ်လွင်ပါသည်။ ဤစကားလုံးနှင့် ပတ်သက်၍ nkjv, အကောင်းဆုံးဘာသာပြန်ဆိုထားပါသည်။

Atheophany မျက်စိအားဖြင့်ဘုရားသခင်၏ ထင်ရှားလှုပ်ရှားမှုကိုပြောပါသည်။ A Christopany ခရစ်တော်၏ထင်ပေါ်လှုပ်ရှားခြင်းကို ပြောပါသည်။ ကောင်းကင်တမန်ဘုရားဟု ဓမ္မဟောင်း၌ ဖော်ပြထားပါသည်။ ဤအရာက ခရစ်တော်ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ (ကမ္ဘာ ၁၆း ၁၁-၁၃ ; ၃၁း၁၁ ၁၃ ; ထွက် ၃း၂ ; ၁၁ ; ၂ ud ၆း၂၂ ; ၁၃း၁၈, ၂၂ ; စောရှေ ၁၂း ၄-၅ 9. ဇကမ္ဘာ ၃၂း၃၀)။

## ဘုရားသခင်၏ခွင့်ပြုချက်

ကျွန်ုပ်တို့အတွင်းပိုင်းဆိုင်ရာကူညီပေးနေသည့် အရာတစ်ခုကတော့ ဘုရားသခင်က သူခွင့်ပြုပေးသည့် အရာကိုသာလုပ်စေလိုပါသည်။ ၁ ဓမ္မရာဇဝင် ၁၆း၁၄ ကိုဖတ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အရှုပ်၊ မရှင်းသည့်အရာများကို နားလည်ရန်အထောက်အကူပေးပါသည်။ "ဘုရားသခင်ဝိညာဉ်တော်က နှောက်ယှက်၏" ဘုရားသခင်ထံတော်မှ မကောင်းသည့်အရာမလာတတ်ပါ။ သို့သော်လည်း ခံစားရန်ခွင့်ပြုတတ်သည်။ စာတန်ကယောဘ၏ဥစ္စာအားလုံးယူခဲ့သော်လည်း ယောဘက "ဘုရားသခင်ကရုပ်သိမ်းတော်မူ၏" (၁း၂၁b) ဟုဆိုပါသည်။ ဟေရှာယကလည်း "ငြိမ်သက်ခြင်းကိုငါဖြစ်စေ၏။ အမင်္ဂလာကိုလည်းဖန်ဆင်း၏" (၄၅း၇b) ဟုဆိုပါသည်။ ဘုရားသခင်က evil ကိုမဖန်ဆင်းပါဘူး သို့သော်လည်း သူ၏သားသမီးများသည် ကြီးကျယ်သောဘေးအန္တရယ် (သို့) အဖျက်အဆီးတို့ကို ခံစားရန်ခွင့်ပြုတတ်ပါသည်။

## ဒုတိယ ကိုယ်စားလှယ်

သူတို့အတွက် ကိုယ်စားလှယ်ကဘယ်သူလဲ ဟုမေးတတ်ကြပါသည်။ ယေရှုကတော့ကျိန်ခြင်း အမင်္ဂလာစကားနှင့်ကောင်းကြီးမင်္ဂလာတည်ဟူသော တရားစကားအလုံးစုံတို့ကို ဣသရေလများအတွက် ဖတ်ပြပါသည်။ (ယေရှု ၈း၂၅)။ သို့သော်လည်း လေဝိသားတို့က သူတို့၏ကိုယ်စားလှယ်အလုပ် ဘယ်ကဲ့သို့လုပ်ဆောင်ခဲ့ကြောင်း (တရားဟော ၂၇း၁၄) တွင်တွေ့နိုင်ပါသည်။

## ဘုရားသခင်–လူသား၏ ကိုယ်စားလှယ်

သင်သည်ကျမ်းစာကိုနှလုံးသွင်းလေ့လာပါက၊ ဘုရားသခင်နှင့် လူသားများ၏ရောစပ်မှုကို သိလိုသောစိတ်လာပါမည်။ ဘုရားသခင်သည် သူဖြစ်သည့်အတိုင်းသူဖြစ်ပါသည်။ လူသားမှသည်ကား အကောင်းဆုံးအတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော်လည်း နှစ်ဘက်လုံးအစီစဉ်နားလည်ဖို့ လိုအပ်ပါသည်။

ရွေးနှုတ်ခြင်းအကြောင်း (ဧဖက် ၁း ၄-၅) နှင့်လူသား၏တာဝန် (ယော ၃း၁၆) တို့ကိုတွေ့နိုင်ပါသည်။ ဘုရားသခင်က ရွေးနှုတ်ပြီး၊ လူသားကတော့အကောင်းဆုံးကို ရွေးချယ်ရမည်ဖြစ်ပါသည်။

သင်တို့သည် ကယ်တင်ခြင်းကိုတွေ့ခဲ့ပြီး။ ဤအရာသည်ဘုရားသခင်၏ကယ်တင်ခြင်းဖြစ်ပါသည်။ (ဧဖက် ၂း ၈-၉) သမ္မာကျမ်းစာနှင့် ကျွန်ုပ်တို့၏အတွေ့အကြုံက ယုံကြည်ခြင်းအားဖြင့် ခရစ်တော်လက်ခံရန် တိုက်တွန်းပေးပါသည်။

ကျွန်ုပ်တို့၏ စောင့်ရှောက်သူလည်းဖြစ်သည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏စောင့်ရှောက်တော်မူခြင်း ခံသောဖြစ်ကြသည်။ (၁ ပေ ၁း၅)၊ ဤအရာသည် ဘုရားအပိုင်းဖြစ်ပြီး၊ ယုံကြည်ခြင်းသည် လူသားအပိုင်း ဖြစ်သည်။

ဘုရားသခင်သာလျှင် ကျွန်ုပ်တို့အတွက်အမြတ်ထားနိုင်သည် (၁သက် ၅း၂၂)။ သို့သော်လည်း ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းသို့ ရှိရန်အမိန့်တော်ရှိသော သူများဖြစ်ကြသည်။ (၁ ပေ ၁း ၁၅-၁၆)။

“ဘုရားသခင်ကအိမ်ကိုမဆောက်တော်မမူလျှင် ဆောက်သောသူတို့သည် အချည်းအနှီးဖြစ်၏” (ဆာ ၁၂၇း၁)။ ဤနေရာ၌ ဘုရားနှင့်လူသားပါဝင်ကြောင်းလွယ်ကူစွာ မြင်တွေ့နိုင်ပါသည်။

ဤသင်ခန်းစာကိုကြည့်ခြင်းအားဖြင့်၊ သဟဇတ၊ တင်းမာခြင်းသဘောမဆောင်ပါနှင့် စေ့စေ့ တွေးတောပြီး အမှန်မှန်းသိပြီးမှလက်ခံပါ။

## မှန်ကန်သော သမ္မာတရား

အရာအားလုံးသည်မှန်ကန်နိုင်သော်လည်း ခွင်းချက်ရှိတတ်ပါသည်။ မိဘစကားနားထောင်သော ကလေးများအားလုံး ရင့်ကျက်သောအသက်တာရှိကြ၏ (ဧဖက် ၆း၁၃)။

## အနက်အဓိပ္ပါယ်ပြန်ဆိုခြင်းသော့ချက်

အနက်အဓိပ္ပါယ်ကတော့တစ်ခုတည်းဖြစ်သည်။ သို့သော်လည်းဖြစ်စေချင်သည်အရာများရှိနိုင်ပါသည်။ ဥပမာ ယောဘ ၂၃း၁၀b “စစ်တော်မူပြီးမှ၊ ရွှေကဲ့သို့ငါပေါ်လိမ့်မည်”။ ဘုရားသခင်ရှေ့တော်၌ စစ်စီခံလျှင်၊ အပြစ်မရှိတော့ပြီ။ သို့သော်လည်း အနောက်ယှက်ရှိနိုင်ပါသည်။ အသက်တာ၌စစ်ကြောခြင်းကို ခံသည့်အခါ ရွှေကဲ့သို့သူတပါးအား ရောင်ပြန်ဟပ်နိုင်ဖို့လိုအပ်ပါသည်။

## ပထဝီ ဆန့်ကျင်ဘက်

သမ္မာကျမ်းစာသည် အင်မတန်မှကျယ်ပြန့်လှသည့် ဣသရေလတို့၏မြေပထဝီအရ ရေးသားထားခြင်း ဖြစ်ပါသည်။ ကမ္ဘာကြီးသည်လည်း Mediterranean ကမ္ဘာဟုဆိုနိုင်ပါသည်။ ဆိုလိုရင်းကတော့ နှုတ်ကပတ်တော်နယ်မြေဖြစ်သည်။ ရှင်ပေါလုက “ထိုတရားသည်လောကီနိုင်ငံတရှောက်လုံးပြန့်နှံ့ပြားသည်။ (ကော ၁း၆) တွင်ဆိုထားပါသည်။

## နှုတ်ကပတ်တော်သည် ခရစ်တော်၌တည်၏

နှုတ်ကပတ်တော်၌ ခရစ်တော်တည်ရှိကြောင်းမြင်တတ်ဖို့လိုအပ်ပါသည်။ ယေရှုက ဂျူးလူများထံသို့ "ကျမ်းစာပင်လျှင်ငါ၏ အသက်ဖြစ်၏" (ယော ၅း၂၉) တွင်ဆုံးမထားပါသည်။ "ကျမ်းစာများ၌ ကိုယ်တော်ကို ရည်မှတ်၍ရေးသားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဖော်ပြတော်မူ၏" (လုကာ ၂၄း၂၇)။

## အခြားသောထင်မြင်တွေးတောချက်များ

Bishop Middleton ကဤကဲ့သို့ဆိုလိုပါသည် သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏ဆုကျေးဇူးနှင့် လွှမ်းမိုးခြင်းကိုကြည့်ခြင်းအားဖြင့် ကိုန်းသေပုဂ္ဂိုလ်ဖြစ်ကြောင်းအတည်ပြုခဲ့ပါသည်။ ယေရှုက သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူကြလော့ ဟု (ယော ၂ဝး၂၂) ရိုးစင်းစွာဖော်ပြထားပါသည်။ ဤနေရာမှာသူ၏မူလအစကို ဖော်ထုတ်ခြင်းမရှိပါ။ ဝိညာဉ်တော်သည်အမူမြတ်အတွက် ညွှန်ကြားခြင်းဖြစ်ပြီး၊ ပုဂ္ဂိုလ်ဖြစ်ရန်အတွက် ဘယ်ကျမ်းချက်ကမှ မတိုက်တွန်းပါ။ ပင်တေကုတ်နေ့မတိုင်ခင်တိုင်အောင် သန့်ရှင်းသောဝိညာဉ်တော် မခံယူနိုင်ကြပေ။

**မှတ်ချက်**။ ။နှုတ်ကပတ်ကျမ်းစာအားလုံးသည် မှန်ကန်စွာတစ်အုပ်နှင့် တစ်အုပ်ထောက်ခံပြီးပြန် လည်ရေးသည့်အရာများဖြစ်သည်။ ထင်မြင်ယူဆချက်များသည် အားလုံးမှန်ကန်သည်မဟုတ်။ ဘုရားသခင် ပြောသည့် မုတ်သွင်းခြင်းအသက်နှင့်ပတ်သက်၍ စာတန်သည်ဘာဖြစ်သလဲ (ကမ္ဘာ ၃း၁၅)။ လူသည်ပညာကို အမှီပြု၍ ပြောတတ်ကြ၏ (ယောဘ ၄း၂၇)။ ဘုရားသခင်မရှိဟုပြောသောသူသည် ရိုးမိုက်သောလူအဖြစ်သည်။

ဓမ္မဟောင်းကျမ်းထဲက ပုဂ္ဂိုလ်များကဲ့သို့ ကျွန်ုပ်တို့ခရစ်ယာန်မျက်စိဖွင့်ပြီး ဖျားယောင်းသွေးဆောင်ခြင်း၊ နှောက်ယှက်ခြင်း အမျိုးမျိုးတို့ကို ကျော်လွှားခံနိုင်ရည်ရှိရပါမည်။ ခရစ်ယာန်အားနည်းသူများ အကြောင်းကိုလည်း တွေ့ရပါလိမ့်မည်။ ဥပမာ ကာနန်ပြည်ကျဆုံးပြိုလဲခြင်းကိုလည်း တွေ့နိုင်ပါသည်။

ကျွန်ုပ်တို့ကျမ်းစာရှိသကဲ့သို့ ဓမ္မဟောင်းခေတ်တုန်းက ယုံကြည်သူများ၌ ကျမ်းစာအုပ်မရှိခဲ့ပါ။ အချိန်ပြည့်သန့်ရှင်းသောဝိညာဉ်တော်၏ ကိုန်ဝပ်ခြင်းကိုလည်းမခံကြပါ။ သို့သော်လည်း သူတို့သည် ကျွန်ုပ်တို့ထက်လမ်းမလွဲကြပါ။

ဘုရားသခင်ကကြီးမြတ်သောအရာ၊ သမိုင်းနှင့်ဆပ်ဆိုင်၍ကျွန်ုပ်တို့အားပေးခဲ့ပြီး ယခုခေတ် ကျွန်ုပ်တို့အတွေးအာရုံနှင့် အသိညာဏ်များကိုဘုရားသခင်အကုန်လုံး လက်မခံကြောင်းသဘောပေါက်ဖို့ လိုပါသည်။ လေးစားထိုက်သောပုဂ္ဂိုလ်များက မယားအများယူစနစ်ကိုကျင့်သုံးကြသည်။ အိမ်ထောင် ပြုခြင်းသည် ဘုရားသခင်ခွင့်ပြုသော်လည်း မယားအများယူစနစ်ကိုဘယ်တော့မှတိုက်တွန်းမရှိခဲ့ပါ။ အာဒံအတွက် ဘုရားသခင်က မယားတစ်ယောက်ကိုသာလျှင်ဖန်ဆင်းပေးပါသည်။ အင်မတန်မှ ထိန့်လန့်စရာကောင်းသည့် အရာများကိုလည်း တွေ့နေရပါသည်။ ရှုံစရာကောင်းသည့်အရာများ၌ တုံ့လှုပ်ခြင်းမရှိဘဲ မကောင်းသော အရာများမှ အမြဲတမ်းစိတ်အာရုံပြောင်းနိုင်ဖို့ လိုအပ်ပါသည်။

နောက်ဆုံးမှတ်သားရန်-အနာခံခြင်းသည် ဝိညာဉ်ပညာ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ဖြစ်သည်။ နှုတ်ကပတ်တော်ပို၍ နာခံလျှင်၊ မိမိကိုယ်မိမိရှုံပယ်စွာ ကောင်းကြီးတံခါးဖွင့်နေခြင်းဖြစ်သည်။

## အကူအညီများ

### Concordance အသုံးပြုခြင်း

ကျွန်ုပ်တို့သိကြသလို တစ်ကယ့်ကျမ်းတတ်ပုဂ္ဂိုလ်ကြီးတွေက ကျမ်းစာလေ့လာရာတွင် ပြောလျက်ရှိသည့်

အရာမှာ သင်၊ သင်၏ကျမ်းစာ၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် concordance ဖြစ်သည်။ ယုံကြည်သူတိုင်းက ပထမသုံးခုထိလက်ခံကြလိမ့်မည်။ အဘယ်ကြောင့် concordance အရေးကြီးခိုင်းရသနည်း?။ ကျွန်ုပ်တို့သိကြားပါသည်။ concordance သည်အက္ခရာအစဉ်လိုက်ရေးသားသည့် အရာဖြစ်သည်။ အင်္ဂလိပ်ဗားစင်ကျမ်းစာအုပ်ဖြစ်သည် kjv, nkjv, nasb, niv နှင့်အခြားကျမ်းစာများတွင်တွေ့ရပါသည်။

## အပိုဒ်ငယ်၊ အလက်ာများရှာဖွေခြင်း

အများစုက concordance သည်ကျမ်းပိုဒ်များရှာဖွေရန်လွယ်ကူသည့်စာအုပ်ဟု သိကြသည်။ အသုံးပြုဖို့လွယ်ကူပေမယ့်တည်ရှိမှု အကြိုးမရှိပါဘူး၊ sanday school နေ့၌သင်ခဲ့သည့် “ဘုရားသခင်တစ်ပါးတည်းသာရှိ၏” ဘုရားနှင့်လူကြားဖြန်ဖြေသူတစ်ပါးတည်းရှိ၏။ ကျမ်းပိုဒ်အသိသည့်အခါ concordance ကိုအသုံးပြုတတ်ကြသည်။

အဓိပ္ပါယ်ကိုတော့ concordance ၌မတွေ့နိုင်သော်လည်း ကျမ်းချက်ကိုတော့ တွေ့နိုင်ပါသည်။ ဖြန်ဖြေသူဟု သွယ်ဝိုက်ပြောသည့်ကျမ်းပိုဒ်တွေကို concordance စာအုပ်တွင်မတွေ့နိုင်ပါ။ ဤကဲ့သို့သွယ်ဝိုက်စကားလုံးဖြန်ဖြေသူသည် ဓမ္မသစ်ကျမ်းထဲတွင် ခုနှစ်ကြိမ်တွေ့နိုင်ပါသည်။ ဥပမာအားဖြင့် ၁ တိ ၂ း ၅ ကိုဖတ်ကြည့်ပါ။ ဂရိ Dictionary of The New Testament concordance စာအုပ်၏ အနောက်ပိုင်းတွင် ၃၃၁၆ နံပါတ်ကိုတွေ့ရပါလိမ့်မည်။ ပုံစံကတော့ ဤ concordance ကိုးကားထားသည့် နံပါတ် ၃၃၁၆ ကိုအသုံးပြုမည့်ဆု ပထမဆုံးဂရိစကား၏ ဖြန်ဖြေသူ၏အဓိပ္ပါယ်ကိုလေ့လာရမည်ဖြစ်သည်။

## စကားလုံးလေ့လာခြင်း

Concordance ကကျမ်းစာအထားအသိုအတွင်းရှိထင်ရှားသောစကားလုံးများ၏ အသုံးပြုခြင်းအားလုံးကို စာရင်းပြုစုရေးသားထားသည့်အချက်လည်း အလွန်အထောက်အကူပြုပါသည်။ ၎င်းကကျမ်းစာထဲ၌ရှိသော စကားလုံးသည်မည်မျှအရေးကြီးကြောင်းကိုပြသနေပါသည်။ ဥပမာ-ရှိခိုးခြင်း ရှိခိုးခဲ့သည်။ ရှိခိုးသူ (များ) နှင့်ရှိခိုးသည်ဟူသောစကားလုံးတို့သည် အကြိမ်ပေါင်း ၂၀၀ နီးပါးတွေ့ရပါသည်။ ဘုရားရှိခိုးခြင်းသည် သမ္မာကျမ်းစာကိုမှတ်သွင်းသောသူအတွက် အရေးကြီးသောအရာဖြစ်ကြောင်းထင်ရှား ပါသည်။

ကျမ်းစားအရစကားလုံးအဓိပ္ပါယ်ဖွင့်ခြင်း၌ အခြားသဲလွန်စတစ်ခုမှာ “ပထမကိုးကားချက်နိယာမ” ဟုခေါ်လေ့ရှိသောအရာဖြစ်ပါသည်။ စကားလုံးကိုပထမဦးဆုံးအဖြစ် မည်သည့်နေရာ၌အသုံးပြုသည်ကိုကြိမ်ဖန်များစွာမြင်တွေ့ခြင်းအားဖြင့် တရားထိုင်ခြင်းအစပြုရာတွင် အသုံးဝင်ခြင်းရှိပါသည်။

ဥပမာ-ဘုရားရှိခိုးခြင်းသည် ပထမဆုံးကမ္ဘာဦးကျမ်း ၂၂း၅ ၌တွေ့ရပါသည်။ “ငါသည်သားနှင့်အတူထိုအရပ်သို့သွား၍ ကိုးကွယ်ခြင်းကိုပြုအံ့” ကြည့်ပါ-အာဗြဟံနှင့်ဣဇာတ်သည် ခမည်းတော်ကသူ့သားတော်ကိုယဇ်ပူဇော်ဖို့ရန် စိတ်ပါလိုလားသောခမည်းတော်၏ ချစ်ခြင်းမေတ္တာကိုဖော်ပြနေပါသည်။ ၎င်းသည်ခရစ်ယာန်ကိုးကွယ်ခြင်း၏ အဓိကသောအရာဖြစ်သည့် - ခရစ်တော်၏လက်ဝါးကားတိုင် အထူးသဖြင့်ပွဲတော်မင်္ဂလာ၌အထိမ်းအမှတ်အဖြစ် ကျင်းပနေသကဲ့သို့ အာဗြဟံနှင့်ဣဇာတ်သည် ခမည်းတော်ဘုရားနှင့်သားတော်ယေရှုခရစ်ကို သရုပ်ဖော်သောသူများဖြစ်ပါသည်။

## မူရင်းစကားလုံးများ

အချို့သောသူတို့ကအင်္ဂလိပ်ကျမ်းစာ (အထူးသဖြင့် KJV )သည်လက်တွေ့ကျသော မူရင်းစာသားဖြစ်ပြီး၊ လွန်ခဲ့သောရာစုပေါင်းများစွာ၌ ဘုရားသခင်ကသူ၏နှုတ်ကပတ်တော်ဖြစ်သည့် ဓမ္မဟောင်းကျမ်းကို ဟေဗြဲစကားဖြင့် (အာရမိတ်စကားဖြင့်အနည်းငယ်) ၎င်းဓမ္မသစ်ကျမ်းကိုဂရိဘာသာဖြင့် ၎င်းရေးသား မှုတ်သွင်းထားပြီး ယုံကြည်သူများကိုပို၍ ကောင်းမွန်စွာသိမြင်စေသည်ဟု ယူဆကြပုံပေါ်ပါသည်။

ဓမ္မဟောင်းကျမ်းကိုမတူညီသော ဘာသာစကားများဖြင့်ရေးသားထားသည့်နည်းတူ၊ စကားလုံးနောက်၌ တည်ရှိသောအနက်အဓိပ္ပါယ်များသည် ဓမ္မကျမ်းစာနှစ်ခုစလုံးတွင်ကွဲပြားခြားနားကြပါလိမ့်မည်။ ဂရိဘာသာစကားနားမလည်သောသူများအတွက် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းများတွင်ရှိသည့် စကားများ၏အဓိပ္ပါယ်ကိုဖွင့်ဆိုထားသည့် Vine's Complete Expository အဘိဓာန်သည်အထောက် အကူဖြစ်ပြီး ညွှန်ကြားချက်ပေးသောအရာဖြစ်ပါသည်။ ဉပမာ-၎င်းသည်ကြားဝင်ဖျန်ဖြေသူစကားလုံး ရေးထုံးဖြစ်ပါသည်။

## The Englishman's Greek Concordance

၁၈၀၀ အစောပိုင်း၌ပြည်သူများအတွက် လေးနက်သောကျမ်းစာလေ့လာခြင်းနိုးကြားမှု၏ ဘေးအတွက် တစ်ခုသည် George V. Wigram က ၁၈၄၄ လုပ်ဆောင်ချက်ကိုထောက်ပံ့ပြီးညွှန်ကြားခဲ့ပါသည်။ ကျမ်းစာချစ်သူများဝမ်းမြောက်နိုင်သည့်အချက်မှာ George V. မိခင်က ကလေး ၁၉ ယောက်မွေးဖွားပြီးနောက် သူမခင်ပွန်းကို "အချစ်လေး၊ ယခုတွင်ကျွန်ုပ်တို့မိသားစုသည် လုံလောက်စွာကြီးမားနေပြီး" ဟုမပြောခဲ့သော အချက်ဖြစ်ပါသည်။

အဘယ်ကြောင့်နည်း။ အကြောင်းမူကား V သည် "နှစ်ဆယ်မြောက်"ဟုအဓိပ္ပါယ်ရသည့် လတင်ဘာသာစကား Vicesimus နေရာ၌ရပ်တည်သောကြောင့်ဖြစ်ပါသည်။ ရောမကလေးများကို ရေတွက်ရာတွင်၊ Primus, Secundas, Tertius, Sextus စသည့်တို့သည်ရှေးဟောင်း ရောမဓလေ့ ထုံးစံဖြစ်သော်လည်း Vicemus ကအဘယ်နည်း၊ ၎င်းသည်များလှပြီဟု အဓိပ္ပါယ်ရပါသည်။

အောက်ပါနမူနာသည် ဘုန်းကြီးခြင်းဟုပုံမှန်အားဖြင့် ဘာသာပြန်ဆိုခဲ့သော်လည်း စကားလုံးတစ်လုံး ကုထုံးကို ဖော်ပြသောအရာဖြစ်သည်။ Doxa သည် Strong Concordance စာအုပ်၌နံပါတ် ၁၃၉၁ မြောက်ဖြစ်ပါသည်။

ဒုတိယအကြိမ်ထုတ်ဝေခြင်း (၁၈၄၄ အပါအဝင်)၏ ပိုင်ရှင်အယ်ဒီတာသည် "Elizth Wilson" (အတိုကောက်နာမည်များ)ဟု မျက်နှာဖုံးတွင်တပ်ထားပါသည်။ ဤအရာသည် မစ်စတာ Wigram ကရုန်းကန်ကြိုးပမ်းနေသည့်အရာကို လှပစွာသရုပ်ပြပါသည်။ Oxford, Cambridge နှင့် Trinity, Dublin ၌သီအိုလိုဂျီကျောင်းသားများ (သို့) ခရစ်ယာန်ဘုန်းတော်ကြီးများအတွက်သာ မဟုတ်ဘဲ၊ ယုံကြည်သူတိုင်း - အမျိုးသား၊ အမျိုးသမီးနှင့် နှုတ်ကပတ်တော်သင်ကြားနေသော ကလေးကျောင်းသားများအတွက်လည်း ဖြစ်ပါသည်။ ဤအလုပ်-နှစ်ပေါင်း ၁၅၀ နောက်ပိုင်းတွင် ဆက်လက်ပုံနှိပ်ထုတ်ဝေပြီး၊ ဂရိဘာသာစကားများ (ဂရိစကားလုံးများနှင့် အင်္ဂလိပ်စကားဖြင့်ဘာသာပြန်ထားသောစကားလုံးများ) ကိုအက္ခရာအစဉ်လိုက်

ထားသော်လည်း၊ အချို့ကျမ်းပိုဒ်များကိုအင်္ဂလိပ်စကားဖြင့် ရေးထားပြီးဘာသာပြန်ဆိုထားသောစကားလုံး သို့မဟုတ် စကားလုံးများကိုစာလုံးအစောင်းဖြင့် ရေးထားပါသည်။ မည်သည့်နေရာ၌စကားလုံးရှိကြောင်းကို တွေ့ရှိဖို့ရန် နောက်ကျော၌ရှိသော အက္ခရာစဉ်အညွှန်းရှိ အင်္ဂလိပ်စကားလုံးများကိုကြည့်ရမည်။ ကျွန်ုပ်တို့ စကားလုံးဖြစ်သည့်ကိုးကွယ်ခြင်းကိုကြည့်လျှင်၊ ဤစကားလုံးကိုမတူညီသော ဂရိစကားငါးလုံးဖြင့် ဘာသာပြန်ထားပြီး ရေးသားထားသည့်စာမျက်နှာကိုလည်း စာရင်းပြုစုထားပါသည်။ ၎င်းတို့သည် အက္ခရာစဉ် အညွှန်း၌ဂရိအက္ခရာဖြင့် ရေးထားပြီး ပြုစုရေးသားထားသည့် စာမျက်နှာတွင် ဂရိဘာသာပြန်ထားပါသည်။ ဥပမာ Latreur သည်စာမျက်နှာ ၄၄၉ တွင်ရှိသည်။ ၎င်းကို ၂၁ ကြိမ်တွေ့ရပြီး "ကိုးကွယ်ခြင်း" ဟုသာလျှင် ဘာသာမပြန်ဘဲ "အစေခံခြင်း" နှင့် "ဝန်ဆောင်မှုပြုလုပ်ပေးခြင်း" ဟုသာလျှင် ဘာသာမပြန်ဘဲ "အစေခံခြင်း" နှင့် "ဝန်ဆောင်မှုပြုလုပ်ပေးခြင်း" ဟုလည်း ဘာသာပြန်ထားပါသည်။ ၎င်းကဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားရှိခိုးခြင်း၌ အလွတ်ရွတ်ပြခြင်းထက်ပို၍ လေးနက်ကြောင်း တိုက်တွန်းထားပါသည်။

ကျွန်ုပ်တို့သည် ကြိယာအစ၌ Latr- စကားကိုလည်းသတိပြုမိပါလိမ့်မည်။ ၎င်းကို အင်္ဂလိပ်က စကားလုံးအဆုံး၌ Mariolatry၊ "the adoration of Mary" စသည်ဖြင့် -Latry ပုံစံအသုံးပြုပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းကဲ့သို့ (KJV) ၌ ဘာသာပြန်ဆိုထားသည့်စကားလုံးများစွာတို့၏ပို၍လေးနက်သော အဓိပ္ပါယ်ကိုမြင်တွေ့နိုင်ဖို့ရန် Vine's Expository အဘိဓာန်သည် အကောင်းဆုံးအထောက်အကူနှင့် ညွှန်ကြားချက်ပေးသောအရာဖြစ်သည်။

Wigram ပုံနှိပ်စာအုပ်သည် Greek Textus Receptus နှင့် Authorized James Version ကိုအခြေခံထားကြောင်းသတိပြုသင့်ပါသည်။ ပုံနှိပ်စာအုပ်ထဲတွင် ရှေးဟောင်းဂရိစာအုပ်နှင့် ခေတ်သစ်ပုံနှိပ် ထုတ်ဝေခြင်းကြားမှ ကွဲပြားမှုများသည် အနိမ့်ဆုံး ၂% နှင့်အမြင့်ဆုံး ၈% ဖြစ်နိုင်ကြောင်းခန့်မှန်းထားပါသည်။

## ကျမ်းစာအဘိဓာန်

Jerusalem, Syria, Edom, Antioch သို့မဟုတ် Rome အစရှိသောကျမ်းစာအတွင်းရှိ နေရာများကို လေ့လာလိုပါက ထိုနေရာကိုဖော်ပြထားသော ကျမ်းပိုဒ်အားလုံးကိုကြည့်ပြီး ထိုနေရာနှင့် ပတ်သက်သည့်အရာများစွာတို့ကို သင်ယူနိုင်ပါသည်။ ၎င်းသည် (သစ်ပင်၊ တရိစ္ဆာန်၊ စိုက်ခင်း၊ ကိရိယာတန်ဆာပလာ စသည်တို့) နှင့်လူသားများအနေဖြင့် လူမျိုးစု၊ နိုင်ငံသား၊ သို့မဟုတ်တစ်ဦးချင်းနာမည် ပေးထားသည့်အရာ၌လည်း မှန်ကန်နေပါသည်။

သို့သော်၊ သင်၏ကျမ်းစာဆိုင်ရာ ဆက်စပ်နားလည်သဘောပေါက်ခြင်း ကြွယ်ဝစေဖို့ရန် နောက်ခံအသိပေးခြင်းကိုပို၍ သိချင်ပါလိမ့်မည်။ သင်သည် ရှေးဟောင်းပိုင်းပုံနှိပ်စက် သို့မဟုတ် နိနကာ၊ သို့မဟုတ်ရှောလမုန်ဗိမာန်အကြောင်းတို့ကို သိချင်စိတ်ရှိပါလိမ့်မည်။

အင်္ဂလိပ်အဘိဓာန်ဟောင်းကဲ့သို့သော ပို၍ဟောင်းသောကျမ်းစာအဘိဓာန်တွင် ဖော်ပြရန်ထက် စိတ်ကူးပုံဖော်ရန်ပို၍လွယ်ကူသည့်အဖြူနှင့်အမဲဖြင့် ပုံဖော်ရေးဆွဲထားသောအရာများရှိသည်။ (ဥပမာ) ရှေးခေတ်ဂရိအဝတ်အစား၊ ပိုးစာပင်၊ တောခွေး။)

ပို၍အသစ်ဖြစ်သောကျမ်းစာအဘိဓာတ်တွင် ကျမ်းစာကုန်းမြေများ၊ မြေပုံများနှင့် Herod ဗိမာန်တော် ကဲ့သို့သော ပျော်ဆုံးပျက်စီးသွားသည့်အရာများကို ရောင်စုံနှင့် သို့မဟုတ် အဖြူနှင့်အမဲရောင်ဖြင့်ပုံပြခြယ်လှယ် ခြင်းများရှိပါသည်။

ကံဆိုးစွာဖြင့် ကျွမ်းကျင်မှုဖြင့်ပြုလုပ်ထားသောကျမ်းစာအဘိဓာန်အချို့တွင် လစ်ဘရယ်၊ အခြေခံကျသော

ကျား၊ မ တန်းတူအခွင့်အရေးဝါဒီ သို့မဟုတ် ကျမ်းစာနှင့်မကိုက်ညီသောအခြားဘာသာပြန်ဆိုခြင်းများဖြန့်ဖြူးနေပါသည်။ ဤကဲ့သို့ယေဘုယျပြောင်းလဲမှုကို နားလည်သဘောပေါက်ခြင်းသည် "ပညာရှိစကား" ဖြစ်ပါသည်။

ဤအရာသည် Unger's ကျမ်းစာအဘိဓာန်တွင်မြင်တွေ့ခဲ့သည့် Demetrius ၏ကုထုံးဖြစ်ပါသည်။

ကျမ်းစာအဘိဓာန်အားလုံး၏ အဘိုးသည် International Standard ကျမ်းစာအဘိဓာန်များဖြစ်ပါသည်။ အထောက်အကူမည်မျှပြုကြောင်းကိုပြသသည့် သဘောဖြင့်၊ သင်္ဘောသဖန်ပင်များ အသီးမသီးသည့်အချိန်တွင် သခင်ယေရှုက သင်္ဘောသဖန်ပင်ကို ကျိန်ဆဲသည့်အကြောင်းရှင်းပြချက်ရှိပါသည်။ (မာဿဲ ၂၁း၁၈-၂၀၊ မာကု ၁၁း၁၂၊ ၁၃၊ ၂၀၊ ၂၁)။

## ကျမ်းစာမြေပုံစာအုပ်

၁၉ ရာစုတွင်အမေရိကန်ပြည်ထောင်စု၌ လုပ်ဆောင်ခဲ့သောဘာသာရေးတစ်မျိုးဖြစ်သည့် Mormon ကသမ္မာကျမ်းစာနှင့်ညီမျှသော အာဏာရှိသည်ဟု ထုတ်ဝေခဲ့သည့်စာအုပ်ရှိသည်။ ၎င်းသည်သွေးထွက်သံယိုမှုများသောတိုက်ပွဲများ၊ လူမျိုးစုများ၊ တစ်ဦးဆိုင်နာမည်များနှင့် ထင်ကြေးပေးသည့်နေရာများဖြင့် ပြည့်စုံနေပါသည်။ ဤဖြစ်ရပ်များထဲက တစ်ခုမဟုတ်၊ လူသားများ၊ လူမျိုးစုများ သို့မဟုတ် နေရာများ (King James ကျမ်းစာမှကောက်ယူထားသည့်အရာမဟုတ်သော) တွင်လောကီသမိုင်း၊ ပထဝီဝင်အနေအထား သို့မဟုတ် ဓလေ့ထုံးစံကိုလည်း သမိုင်းဆိုင်ရာအတည်ပြုခြင်းရှိပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်းမဟုတ်ပါ။ ကျမ်းစာ၏မြင့်မြတ်သောစာမျက်နှာ အခြားတစ်ဘက်မှ သိရှိခဲ့ရသောရာပေါင်းများစွာသော မြို့တော်များ၊ မြစ်များ၊ တောင်တန်းများ၊ လောကီခေါင်းဆောင်များတို့သည်လည်း ဘုရားသခင်နှုတ်ကပတ်တော်၌ ထွက်ပေါ်ကြပါသည်။

ကွယ်လွန်သွားခဲ့သောဒေါက်တာ H.Chester Woodring ကသန့်ရှင်းမြင့်မြတ်သောနေရာကိုသွားပြီး ဤနေရာများကို ဦးစွာမြင်တွေ့ဖို့ရန် "ကျမ်းစာကိုကောင်းကင်မချိတ်နှင့် ၎င်း၏ကုန်းမြေပေါ်၌ဆွဲချပါ" ဟုပြောလေ့ရှိပါသည်။ ထို့ပြင် ဣသရေလကိုသွားသည့်ခရီးတွင် ကောင်းသောကျမ်းစာမြေပုံစာအုပ်က ကျမ်းစာအတွင်းရှိကုန်းမြေများကို အကောင်းဆုံးပြသထားပါသည်။ ကျမ်းစာအများစုကနောက်ကျော၌ မြေပုံရှိကြပြီ အချို့တွင်သေးငယ်လှပသည့် အဖြူနှင့်အမဲ မြေပုံများ၊ ဖြစ်ရပ်များဖော်ပြရာတွင် အသုံးပြုပါသည်။ (ဥပမာ၊ သခင်ယေရှုအမှုတော်ဆောင်ခြင်း၊ ရှင်ပေါလုသာသနာခရီးစဉ်)။

ဣသရေလ လူမျိုးများလှည့်လည်ခြင်း၊ နိုင်ငံတော်ခွဲခြားခြင်း၊ သခင်ယေရှုခေတ်နှင့် ပါလက်စတိုင်းပြည်နှင့်ဗျာဒိတ်ကျမ်း၏အသင်းတော်ခုနှစ်ပါး တည်နေရာစသည်တို့ကိုပြသထားသည့် ကြီးမားသောရှေးဟောင်းကမ္ဘာမြေပုံသည် ဤအရာများကိုရှင်သန်စေဖို့ရန် အထောက်အကူပြုပါသည်။

အကယ်၍ကျမ်းစာသင်ပေးခဲ့လျှင် စာပွဲပေါ်၌ခင်းထားသည့်ကြီးမားသော မြေပုံသည်သင်၏နှုတ်ဖြင့် ဖော်ပြထားခြင်းကို အမှန်တကယ်စိတ်ဝင်စားစေနိုင်ပါသည်။

## ကျမ်းစာအနက်ဖွင့်စာအုပ် (Bible Commentaries)

ကျော်ကြားသောမည်သည့်စာအုပ်၌မဆို ဤအရာကိုမှတ်ချက်ပေးကြပါသည်။ ဥပမာ John Calvin ကစကားမပြောခင် (လက်တင်ဘာသာဖြင့်) Roman Seneca ဆောင်းပါးထဲ၌ရှင်းလင်းချက်ရေးခဲ့ပါသည်။

ကျမ်းစာနှင့်ပတ်သက်ပြီးရှင်းလင်းချက်အလွန်များပြားစွာရှိပြီး အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့်

ရေးထားရာတွင် ကောင်းသော၊ မကောင်းသော၊ ခြားနားခြင်းမရှိသောစာအုပ်များရှိကြပါသည်။

ကျမ်းစာရှင်းလင်းချက်နှင့်ပတ်သက်ပြီး အလွန်အစွန်းရောက်နေသည့် အရာနှစ်ခုကိုရှောင်ရှားရပါမည်။ ပထမမှာကျမ်းစာရှင်းလင်းချက်ကိုအရင်ကြည့်ပြီး ကျမ်းစာသင်ပေးသည့်အရာကို ထိုအဆင့်အတိုင်းပြုလုပ်ခြင်း ဖြစ်သည်။ ၎င်းသည်ဖာရဲရှိသို့မဟုတ် ခေတ်လယ်ခရစ်ယာန်လောက၏ ဓလေ့ထုံးစံနှင့်ခြားနားခြင်းမရှိပါ။

ကျမ်းစာရှင်းလင်းချက်ကိုအပြန်အလှန်အားဖြင့်မဟုတ်ဘဲ၊ အထွေထွေစာသင်ပြချက်အားဖြင့်စီရင်ပါ။

အခြားအရာတစ်ခုမှာကျမ်းစာရှင်းလင်းချက်ကို လုံးလုံးလျားလျားငြင်းပယ်ခြင်းဖြစ်သည်။ ၎င်းသည် ဟောပြောခဲ့သောနှုတ်ကပတ်တော်ကို ကျိုးကြောင်းဆီလျော်ခြင်းမရှိဘဲ ငြင်ပယ်ခြင်းကဲ့သို့ဖြစ်ပါသည်။ ဥပမာ ကောင်းမွန်ကျော်ကြားနေဆဲဖြစ်သည့် Harry A.Ironside ၏ကျမ်းစာရှင်းလင်းချက်များသည် Moody အသင်းတော်က ဓမ္မသစ်ကျမ်းအားလုံးနှင့်ဓမ္မဟောင်းကျမ်းအချို့ကိုအပိုဒ်ငယ်ချင်း ဟောပြောချက်သည် ပြန်လည်ပြင်ဆင်ခဲ့သော မူရင်းနှင့်အနည်းငယ်ကွဲလွဲခဲ့သည့်အရာမျှသာဖြစ်ပါသည်။ ဥပမာအားဖြင့် J.N.Darby ၏ဝိညာဉ်နှင့်ပြည့်ဝသောထိုးသွင်းသိမြင်ခြင်း အလုပ်များသည်စာအုပ်ဖြင့်ရေးသားထားခြင်းမရှိဘဲ၊ "ကျမ်းစာဖတ်ခြင်း" ၌တက်ရောက်ခဲ့သောသူများကမှတ်စု ရေးသားထားပါသည်။ (ဤ "ကျမ်းစာဖတ်ခြင်း" သည်ကျမ်းစာအုပ်ကို တစ်ပိုဒ်ချင်းအားဖြင့် ဆွေးနွေးခြင်းဖြစ်သည်။)

## မျဉ်းသားထားသည့်သော့ချက်

ဤကျမ်းစာကိုသတိရှိစွာသင်ကြားနေသော ကျောင်းသားများသည် ကျမ်းစာကိုမတူညီသောအင်္ဂလိပ် ဘာသာ၊ အမျိုးမျိုးဖြင့်ဘာသာပြန်ဆိုထားသော အရာအပေါ်၌ ဇဝေဇဝါဖြစ်ကြပါသည်။ ဘာသာစကားသည် ခေတ်နှင့်အညီပြောင်းလဲနေသကဲ့သို့ အကြောင်းရင်းကိုမြင်တွေ့ရန်မခက်မခဲပါသည်။ ဥပမာ nkjv သည်မူလ kjv (၁၆၁၁ သို့သော် ၁၇၆၉ ၌ထုတ်ဝေခဲ့သည် ကျမ်းစာကိုယေဘုယျအားဖြင့်သုံးကြသည်) ထက်ပို၍ခေတ်မီပါသည်။ သို့သော် ၁၉၇၀ နှင့် ၁၉၉၀ ကြား၌ဘာသာပြန်ဆိုထားသောအရာများက အဘယ်ကြောင့်စကားလုံး၊ စကားလုံးအသုံးပြုခြင်း ပါဝင်သည့်အရာနှင့်ချန်ထားသည့်အရာများ ကွာခြားကြသနည်း။

မျဉ်းတားထားသည့်အရာသည် ဘာသာပြန်ဆိုထားသည့်အရာကို မူရင်းနှင့်မည်မျှနီးစပ်ကြောင်း သို့မဟုတ် မည်မျှဝေးကွာစွာဖယ်ရှားကြောင်း စစ်ဆေးဖို့ရန် အထောက်အကူပြုပါသည်။ ၎င်းတွင် ယေဘုယျအားဖြင့် စာမျက်နှာဘေး၌စာလုံးသေးဖြင့်ရေးသားထားသည့် ဘာသာပြန်ခြင်းအဆင့်လည်းရှိပါသည်။

မျဉ်းတားထားခြင်းသည် kjv, rsviniv, nasb နှင့် nkjv တို့၌အသုံးပြု၍ရပါသည်။

အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းမျဉ်းကြောင်းသည် ဂရိမျဉ်းကြောင်းများကြား၌ စကားလုံးတစ်လုံးချင်း ပေးထားပြီး၊ ၎င်းကို "ကြားညှက်မျဉ်းတားခြင်း" ဟုသုံးနှုန်းထားပါသည်။

နောက်ဆုံးပေါ်မျဉ်းတားခြင်းသည် ဂရိမှအင်္ဂလိပ်ကြားညှက်မျဉ်းတားထားသည့် ဓမ္မသစ်ကျမ်းဖြစ်သည်။ ဤအရာသည် ၁ တိမောတိ ၅း၁-၇ ကိုဖုံးလွှမ်းထားသည့် အစိတ်အပိုင်းဖြစ်သည်။

စကားလုံးတစ်လုံးချင်းအတွက် ဘာသာပြန်ခြင်းသည်တစ်ခါတစ်ရံ နားလည်ရခက်သောကြောင့် လိုအပ်သောနေရာတွင် စာသားအလိုက်ဘာသာပြန်ခြင်းကို ပုံမှန်အင်္ဂလိပ်စကားပုံအနေအထားနှင့် တူညီစွာ ထားရှိရေးအတွက်၊ အကူအညီပေးရန် ဤထုတ်ဝေခြင်းတွင်နံပါတ်များ တတ်ဆင်ထားပါသည်။ အခြားမျဉ်းတားထားသည့်အချို့သည် ပို၍နည်းသောအတိုင်းအတာဖြင့် ဤကဲ့သို့ဆောင်ရွက်ပါသည်။

နံပါတ်ပေးထားသောစကားလုံးများသည်လည်း အမြဲတမ်းလုံလောက်လျက်မရှိပါ။ ဥပမာ ဂရိဘာသာ၌

သဒ္ဒါအရတည်ဆောက်ထားပြီး၊ အင်္ဂလိပ်သဒ္ဒါ၌မရှိသော အရာသည်ပို၍ အီဒီယမ်ကျသော ဒုတိယမျဉ်းကြောင်းအားဖြင့်ပို၍ရှင်းလင်းစေပါသည်။

ဤနံပါတ်များနှင့်ဒုတိယအင်္ဂလိပ်မျဉ်းကြောင်းကို အသုံးပြုခြင်းအားဖြင့်သော်၎င်း အဆက်မပြတ်အသုံးပြုခြင်းအားဖြင့်သော၎င်း နှုတ်ကပတ်တော်ကိုစိတ်ဝင်စားသော ကျောင်းသားသည် ဂရိစကားလုံးတည်ဆောက်ပုံအတွေးအခေါ် တိုးတက်ကြီးထွားနိုင်ပါသည်။

မျဉ်းကြောင်းတားခြင်းအသုံးပြုဖို့ရန် ဂရိအက္ခရာများသိဖို့မလိုပါ။ သို့သော်လည်းဆက်လက်လုပ်ဆောင်ဖို့ရန်ပို၍ လွယ်ကူစေသည့်အကြောင်းသေချာပါသည်။ ကံကောင်းထောက်မစွာဖြင့် ဂရိစာသားသည်စကားလုံးသင်ကြားသည့်အသံထွက်အတိုင်း ပုံမှန်ဖြစ်ပြီး၊ အသံထွက်ကြည့်ဖို့ရန်အဘိဓာန်ကြည့်ဖို့မလိုအပ်ပါ။

အင်္ဂလိပ်ဝေါဟာရ၏ ၁၅%သည် မူရင်း၌ဂရိဖြစ်ကြသည်။ (ဥပမာ-ကျောက်ဆူး၊ တမန်တော်၊ ရေနှစ်ခြင်း၊ အစီအစဉ်၊ တယ်လီဖုန်း၊ ရာဇပလ္လင်)။ ထို့ပြင်ကျွန်ုပ်တို့၏စကားလုံးများစွာတို့သည် ဂရိမှဆင်းသက်လာပါသည်။

## အင်္ဂလိပ်အဘိဓာန်

ပုံမှန်အင်္ဂလိပ်အဘိဓာန်သည် ကျမ်းစာကိုဘာသာပြန်ခြင်းရှင်းလင်းချက်ပေးရာ၌ မည်မျှအထောက်အကူဖြစ်ကြောင်းကို များစွာသောသူတို့ကမသိကြပါ။

ပညာရှိကျမ်းတတ်ပုဂ္ဂိုလ်များသည် သာမန်အဘိဓာန်ကိုကောင်းသောအကျိုးအဖြစ် အသုံးပြုကြပါသည်။ ဓမ္မဟောင်းကျမ်းတတ်ပုဂ္ဂိုလ်ဒေါက်တာ Merrill F.Unger သည် အဘိဓာန်စကားလုံးများရှာဖွေရန်အတွက်သာမဟုတ်ဘဲ စာအုပ်အဖြစ်သဘောထားပြီးဖတ်ရှုလေ့ရှိပါသည်။ လူအချို့က၊ “ဒါပေမယ့်သူကကျမ်းတတ်ပုဂ္ဂိုလ်မဟုတ်လား” ဟုပြောကောင်းပြောနိုင်သည်။ မှန်ပါသည် သို့သော်ကျမ်းတတ်ပုဂ္ဂိုလ်ဘယ်သူမဆိုတိကျမှန်ကန်သောစကားလုံးအဓိပ္ပါယ်မှ ကြီးကြီးမားမား အမြတ်ရနိုင်ခြင်းမရှိကြပါ။

Norway တောင်ပိုင်းကျွန်းစုရှိ Lower farstad မှရွှေ့ပြောင်းလာသော ဆယ်ကျော်သက်အရွယ်ယောကျာ်းလေးတစ်ယောက်သည် “th” အသံထွက်လေ့ကျင့်ဖို့ရန်မှန်ရှေ့၌ရပ်ပြီး နေ့စဉ် “3333” ဟုလေ့ကျင့်ပြီးထို့ပြင်ဒေါက်တာ Merrill F.Unger ကဲ့သို့အဘိဓာန်ဖတ်လေ့ရှိပြီး စကားလုံးများကို ရှာဖွေခဲ့ပါသည်။ ထိုကဲ့သို့လေ့ကျင့်ခြင်းအားဖြင့် သူသည်ဒေသခံပြည်သူများထက် ပို၍ဝေါဟာရကြွယ်ဝခဲ့ပါသည်။

သင်သည်မည်ကဲ့သို့သော အဘိဓာန်မျိုးကိုသုံးသင့်သနည်း။ များသောအားဖြင့်ကောင်းကြပါသည်။ သို့သော်လည်း ဘာသာစကားအားဖြင့် အဆင့်နိမ့်သောအဘိဓာန်ကို ရှောင်ရှားရမည်။ သမ္မတ Eiserlower နှင့် Billy Graham အခြားသူထဲက တို့သည် nu-cle-ar ကိုမှားပြီး nu-cu-lar ဟုအသံထွက်သောကြောင့် ထိုကဲ့သို့အသံထွက်ကိုမှားယွင်းစွာ ပြုစုထားသောအဘိဓာန်တို့ကို ရှောင်ရှားရမည်။

အမေရိကန်အရိုက်အရာဖြစ်သည့် Oxford အဘိဓာန် (၎င်းတွင် အင်္ဂလိပ်နှင့် အမေရိကန် ထုတ်ရှိသည်) နှင့် Webster's ထုတ်ဝေသောအချို့သည်ကောင်းကြပါသည်။

Noah Webster (၁၇၅၈-၁၈၄၃)သည် Yale မှာ Sankrit ဘာသာနှင့်အခြားရှေးဟောင်းဘာသာများဖြစ်သည့်ဂရိ၊ ဟေဗြဲနှင့်လက်တင်တို့ကိုသင်ကြားခဲ့ပြီး၊ ယုံကြည်သက်ဝင်သူ အမေရိကန်သားပညာရှိခရစ်ယာန်တစ်ယောက်ဖြစ်ပါသည်။ ထိုကဲ့သို့သင်ကြားရသည့် အကြောင်းရင်းမှာ ပထမဆုံးအင်္ဂလိပ်အဘိဓာန်ကိုစကားလုံး၏ မူလဇစ်မြစ် (အသေးစိတ်အားဖြင့် ဝေါဟာရများ၏ ဇစ်မြစ်နှင့်နောက်ခံသမိုင်းဟုခေါ်သည်) ကိုထုတ်လုပ်ဖို့ရန်ဖြစ်ပါသည်။ သူသည်အင်္ဂလိပ်စကားလုံးအဓိပ္ပါယ်နှင့် အသုံးအနှုန်းကို ရှင်းပြရာတွင်သမ္မာကျမ်းစာကိုလည်း တစ်ခါတစ်ရံအသုံးပြုခဲ့ပါသည်။

၁၈၂၄ ခု၌ထုတ်ဝေခဲ့သည့် Webster အဘိဓာန်တွင် ကျမ်းစာနှင့်ပတ်သက်သည့်ပုံဖော်ရှင်းလင်း ပြချက်နှင့် အသုံးအနှုန်းများစွာပါဝင်ပါသည်။ သီအိုလိုဂျီစကားလုံးများဖြစ်သည့် ဖြောင့်မတ်ခြင်းနှင့် ပဋိညာဉ်တရားတို့ကိုလည်း မှန်ကန်စွာအဓိပ္ပါယ်ရှင်းလင်းခဲ့ပါသည်။ ကဒ် "ပို၍များသောခရစ်ယာန်" ထုတ်ဝေခြင်းသည် မကြာသေးမီနှစ်များတွင်ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့သောကြောင့် ယခု၌လည်းရရှိပိုင်ဆိုင်နိုင်ပါသေးသည်။

ထုတ်ဝေခြင်းသည် မကြာသေးမီနှစ်များတွင်ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့သောကြောင့် ယခု၌လည်းရရှိပိုင်ဆိုင်နိုင်ပါသေးသည်။

## အထူးတလဲ လေ့လာခြင်း
## ကျမ်းစာအထူပွတ္တိများ

အမေရိကန်အမျိုးသမီးတစ်ယောက်ကပြောခဲ့သောစကားထက်ပို၍ ဆန်းကြယ်သောအရာမရှိပါ။သူမသည် မှန်လှပါသည်။ထို့ပြင်စကားလုံးများကို ဆန်းကြယ်သည့်စကားလုံးနေရာ၌ပို၍ စိတ်ဝင်စားဖွယ်ကောင်းစွာထားနိုင်ပါသည်။

သမ္မာကျမ်းစာသည် အရောင်စုံလင်တောက်ပသော၊ ရက်စက်ကြမ်းကြုတ်သော၊ယုံကြည်သက်ဝင်သော၊ စွာသော၊ နှိမ့်ချသော၊ လှပသောအရာများနှင့်ကြောက်ရွံ့ဖွယ်ကောင်းသော လူများနှင့်ပြည့်စုံသော အထုပ္ပတ္တိများ ပြည့်စုံလျက်ရှိပါသည်။ အထုပ္ပတ္တိဟူသောစကားလုံးသည် ဂရိဘာသာမှဆင်းသက်လာပြီး အဓိပ္ပါယ်မှာ "ဘဝပေးဆပ်ခြင်း"ဖြစ်ပါသည်။

အထုပ္ပတ္တိများနှင့်သင့်လျော်သည့် အခြားအမှန်တရားတစ်ခုမှာ ရှေးဟောင်းအဆိုဖြစ်သည့်အမှန်တရားသည် စိတ်ကူးတီထွင်ထားသောအရာထက်ပို၍ဆန်းကြယ်သည်ဟူသောအရာဖြစ်သည်၊ ယောသပ်၊ ဧသတာ၊ ဒါဝိတ် စသည်တို့၏သမိုင်းသည်ပို၍များစွာ အလွန်အံ့အားသင့်ပြီး ယုံကြည်နိုင်လောက်သောအရာများဖြစ်သည်။

Dicken စာအုပ်များကဲ့သို့"အထုပ္ပတ္တိများ"များစွာပါဝင်သည့် ဝတ္ထုရှည်များတွင်မှန်ကန်သောအရာများလည်းပါဝင်ပါသည်။ အကြောင်းမူကား ၎င်းတို့သည်မျက်မြင်သက်သေများ မှတ်ချက်ပေးထားသည့်အရာအပေါ်၌ အခြေခံထားသောကြောင့်ဖြစ်သည်။ ကျမ်းစာထဲ၌ရှိသော အထုပ္ပတ္တိအားလုံးသည် မှန်ကန်ကြပါသည်။ သို့သော်လည်း၎င်းတို့သည် သမ္မာတရားအကြောင်းကိုသင်ကြားပေးရန် ဘာသာပြန် ရှင်းလင်းထားခြင်းဖြစ်သည်။ မြောက်များစွာချန်ထားခဲ့ပြီး တစ်ခုမှမပြည့်စုံပါ။

အချို့သောကျမ်းစာအထုပ္ပတ္တိများသည် တိုတောင်းပြီးချိုသာလှပါသည်။ ဥပမာ-

**ဧနောက်**

ဧနောက်သည်အသက်ခြောက်ဆယ်ငါးနှစ်ရှိသော်၊သားမသုရှလကိုမြင်လေ၏ မသုရှလဘွားမြင်သောနောက် ဧနောက်သည်အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူ သွားလာ၍သားသမီးများကို မြင်လေ၏ ဧနောက်အသက် နှစ်ပေါင်းသုံးရာခြောက်ဆယ်ငါးနှစ်တည်း။ဧနောက်သည်ဘုရားသခင် နှင့်အတူသွားလာ၏။ နောက်တဖန်သူသည်မရှိ။အကြောင်းမူကား ဘုရားသခင်သိမ်းယူတော်မူသော ကြောင့်တည်း။(ကမ္ဘာဦးကျမ်း ၅း၂၁-၂၄)

**ယာဗက်**

ထိုအဆွေမျိုး၌ ယာဗက်သည်ထူးဆန်းသောသူဖြစ်၏။ သူ၏မိခင်က ငါသည်ပြင်းစွာသောဝေဒနာကိုခံ၍ ဤသားကိုမြင်ရပြီဟုဆိုလျက် ယာဗက်အမည်ဖြင့်မှည့်၏။ ယာဗက်ကလည်းကိုယ်တော် သည် အကျွန်ုပ်ကို အစဉ်ကောင်းကြီးပေး၍ကျွန်ုပ်သည်ဘေးဥပဒ်အန္တရာယ်နှင့်ကင်းလွတ်ပါ မည့်အကြောင်း လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍ ကျယ်ကာစောင့်မတော်မူပါဟု ဣသရေလ အမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍ တောင်းသောဆုကိုဘုရားသခင်ပေးသနားတော်မူ၏။ (၁ ရာဇဝင်ချုပ် ၄း၉-၁၀)။

အလင်းရောင်စဉ်၏ အခြားတစ်ဘက်အဆုံး၌ သတင်းကောင်းလေးမျိုးရှိပါသည်၊ ၎င်းတို့သည်လည်း

ကျွန်ုပ်တို့အရှင်သခင်၏ နောက်ဆုံးရက်သတ္တပတ် ဘဝအသက်တာ၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ရှင်ပြန်ထမြောက်ပြီးနောက် ရက်ပေါင်း ၄၀ အမှုတော်ဆောင်ခြင်းအကြောင်းတို့ကိုရွေးချယ်ပြီး လေးနက်စွာဖော်ပြထားခြင်းဖြစ်သည်။

ဘုရားသခင်နှုတ်ကပတ်တော်၌ရှိသော ဘဝသမိုင်းအများစုသည် ဧနောက်နှင့်သခင်ယေရှု ကြား၌နေရာ ယူကြပါသည်။

နောဧ၊ အာဗြဟံ၊ စာရာ၊ ယာကုတ်၊ ယောသပ်၊ ရုသ၊ ဟေဇကိ၊ ဧသတာ၊ မာရိ၊ ပေတရု၊ ပေါလုအစရှိသောလူတို့သည် သူတို့၏အထုပ္ပတ္တိအနည်းငယ်ကို ကောင်းမွန်စွာ တည်ဆောက်ပို့ရန် ကျမ်းပိုဒ်ထဲ၌ လုံလောက်သောအရာများရှိကြပါသည်။

ဤသည်အသေးစား အထုပ္ပတ္တိကို ကျမ်းပိုဒ်ထဲမှ မည်ကဲ့သို့တည်ဆောက်မည့်အကြောင်းဖော်ပြချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့က စာရာကိုရွေးချယ်ခဲ့သည်။

**အဆင့်(၁)**။ နာမည်ကို Concordance ထဲ၌ရှာကြည့်ပါ။

စာရာသည်ကျမ်းစာထဲ၌ အကြိမ်ပေါင်းများစွာ တွေ့ခဲ့ရပြီး အထူးသဖြင့် ကမ္ဘာဦးကျမ်း ၁၇မှ၄၉၌ တွေ့ရသော်လည်း ဟေရှာယ၌ တစ်ခါ၊ ဓမ္မသစ်ကျမ်း၌သုံးခါတွေ့ရပါသည်။ ပိုင်ဆိုင်ခြင်းသဘောဖြင့် စာရာသည် ကမ္ဘာဦးကျမ်း၌နှစ်ခါ၊ ရောမ၌တစ်ခါတွေ့ရပါသည်။

အောက်ပါအကြောင်းအရာများတွင် စာရဲအမည်နှင့်စာရာ၏ဟူ၍တွေ့ရပါသည်။ ၎င်းသည်စာရာ ၏ မူရင်းနာမည်ဖြစ်ကြောင်းမသိရသော်လည်း ကမ္ဘာဦးကျမ်း ၁၇း၁၅ ကိုဖတ်သောအခါ ၎င်းကိုတွေ့ရပါသည်။ ကမ္ဘာဦးကျမ်း ၁၁း၂၉ မှ ၁၇း၁၅ အထိ၊ စာရဲဟုအသုံးပြုသောကြောင့် ၎င်းကသူမဘဝသမိုင်း၌ အထူးပြုသော အရာတစ်ခုဖြစ်ကြောင်းအကြံပြုချင်ပါသည်။

အဆင့်(၂)။ ဖတ်ကြည့်ပြီး သူမ၏ဘဝ၌ ဖြစ်ပျက်ခဲ့သည့်အရာများကိုပြုစုရေးသားပါ။

မထမကျမ်းချက်(ကမ္ဘာ ၁၁း၂၉-၃၀)-စာရဲအာဗြဟံကို လက်ထပ်ခဲ့သော်လည်း ကလေးမရနိုင်ပါ။

ဒုတိယကျမ်းချက်(ကအား ၁၂း၅)-စာရဲသည် အာဗြဟံနှင့်မိသားစုဝင်များနှင့်အတူ ခါရန်ပြည်သို့ ထွက်သွားလေသည်။

တတိယကျမ်းချက်(ကမ္ဘာ ၁၂း၁၀-၁၂)-အာဗြဟံက လှပသောစာရဲကို နှမဖြစ်သည်ဟု ပြောပြီးသည့်နောက်တွင် (တစ်စိတ်တစ်ပိုင်းအမှန်တရား)စာရဲကို ဖါရောနန်းတော်သို့ ခေါ်ဆောင်ကြသည်။ ဘုရားသခင်က ဖါရောကို ဒါဏ်ပေးပြီး အာဗြဟံနှင့်စာရဲကို ပြန်လည်ပို့ဆောင်ခဲ့သည်။

စတုတ္ထကျမ်းချက်(ကမ္ဘာ ၁၆း၁-၁၉)-စာရဲကသူမ၏ခင်ပွန်းအာဗြဟံကိုသူမအတွက် အဲဂုတ္တုပြည်သူဟာဂရ အမည်ရှိသော သူမ၏ကျွန်မနှင့်ကလေးမွေးဖို့ရန် စည်းရုံးသိမ်းသွင်းလေသည်။ ၎င်းသည် ထိုခေတ်ထိုကာလ၌လက်ခံနိုင်သည့် ထုံးတမ်းစဉ်လာဖြစ်ကြောင်းကို ကျမ်းစာအဘိဓါန်နှင့်မှတ်စုများက ပြောကြပါသည်။ စာရဲကိုဘာဂရက အမိန်းမဟုအထင်သေးသောကြောင့် သူမကိုရက်စက်ကြမ်းတမ်းစွာ ဆက်ဆံကာ အဲဂုတ္တုပြည် ကျွန်မသည် ထွက်ပြေးသွားလေသည်။ သူမကိုဘုရားသခင်ကောင်းကင်တမန်က စာရဲလက်အောက်သို့ ပြန်သွားဖို့ရန် စည်းရုံးသိမ်းသွင်းခဲ့သည်။

ပဥ္စမကျမ်းချက် (ကမ္ဘာ ၁၇း၁၅-၁၉)-စာရဲနာမည်ကို ဘုရားသခင်က စာရာ(ဘုရင်မ)ဟုပြောင်းလဲခဲ့သည်။ အကြောင်းမှုကား သူမသည်သက်ကြီးရွယ်အိုဖြစ်သည့်အချိန်၌ ကတိတော်တိုင်းပြည်၏ မိခင်ဖြစ်ဖို့ အလို့ငှါ ရွေးချယ်ခဲ့သောကြောင့်ဖြစ်သည်။

ဆဋ္ဌမကျမ်းချက်(ကမ္ဘာ ၁၈း၆-၁၅)-စာရာသည် ကောင်းကင်တမန်ဧည့်သည်သုံးယောက်ကိုတဲထဲ၌ ပြုစုလေသည်။ သူမသည် အရွယ်ကြီးရင့်သည့်အချိန်၌ သားဖွားမြင်သည့်အကြောင်း ကြားရသည့်အချိန်တွင်

ရယ်လျက်နေ၏ စာရာကလည်း ကျွန်မ မရယ်ပါဟု ကြောက်၍ငြင်းလေ၏။

သတ္တမကျမ်းချက်(ကမ္ဘာ ၂၀း၁-၁၈)-အာဗြဟံ၏ လိမ်လည်လှည့်ဖျားမှုကြောင့် စာရာသည်သူမ၏ လှပမှုကြောင့် ဂေရာမင်းကြီး အဘိမလက်ထံသို့ ခေါ်ဆောင်သွားကြသည်။ နောက် တဖန် မယုံကြည်သူမိသားစု တစ်ခုလုံးသည် ဘုရားသခင်၏ ကျွန်ဖြစ်သော အာဗြဟံအပြစ်ကြောင့် အဆုံးအမခံရ၏။(အခန်း၄ယ်-၁၆)

အဋ္ဌမကျမ်းချက်(ကမ္ဘာ ၂၁း၁-၈)-စာရာသည် သားဣဇာက်ကိုဘွားလေ၏ (ဣဇာက် အဓိပ္ပါယ်မှာ "သူရယ်လေသည်"ဟူ၍ဖြစ်သည်။

နဝမကျမ်းချက်(ကမ္ဘာ ၂၁း၉, ၁၂)-ဣရှမေလက ဣဇာက်ကို ဆဲရေးသောကြောင့် စာရာကဟာဂ ရနှင့် သူ့သားကိုနှင်ထုတ်ခဲ့သည်။ ဣဇာက်သည်က ကတိတော်အမွေခံဖြစ်သည့်အားလျော်စွာ ဘုရား သခင်က အာဗြဟံကို စာရာပြောလေရာရာကို နားထောင်ရန်ပြောလေသည်။

ဒသမကျမ်းချက်(ကမ္ဘာ ၂၃း၁-၁၉)-စာရာသည် အသက် ၁၂၇ နှစ်အရွယ်တွင် ဟေဗြုန်မြို့ တည်းဟူသော ကိရယသာဘမြို့၌သေလေ၏။ စာရာသည် ဇေရန်ထံမှ ဝယ်ယူခဲ့သည့် မပွေလမြေတွင်း ၌ သင်္ဂြိုလ်ခဲ့လေသည်။ အာဗြဟံနှင့် စာရာသင်္ချိုင်းသည် ယခုအချိန်တိုင်အောင် ဣသရေလ၌ရှိနေဆဲ ဖြစ်ကြောင်းကို ကျမ်းစာအဘိဓါန်နှင့်ကျမ်းစာများမှတ်စုများကပြောပြပါလိမ့်မည်။ စာရာကို သူမခင်ပွန်း သည် (၂၃း၂)နှင့် မိမိအမိစာရာ၏တဲသို့ မိန်းမယူသောသူမ၏သား (၂၄း၆၇)က ညည်းတွား ငိုကြွေး ခဲ့သည်။ (ကမ္ဘာဦးကျမ်း ၂၅း၁၂ ကို တရားသမိုင်း၌ တိုက်ရိုက်ကိုးကားခြင်းမရှိပါ)တရား၏သင်္ချိုင်း ရှိသောမြေ၌ အာဗြဟံ၊ ဣဇာက်နှင့်ရေဗက္က၊ လေအာ(၄၉း၃၁)နှင့် နောက်ဆုံး၌ ယာကုတ်(၅၀း၁၃) သည်လည်း သင်္ဂြိုလ်ခဲ့ကြပါသည်။

တစ်ဆယ်တစ်မြောက်ကျမ်းချက်(ဟေရှာ ၅၁း၁-၂)-ဟေရှာယသည် သူတို့၏ဘိုးဘွားရင်းမြစ်ဖြစ် သည့် အာဗြဟံနှင့်စာရာ၌ ဖြောင့်မတ်ခြင်းတရားကြည့်ရှုဖို့ အလို့ငှာခေါ်ကြလေသည်။

## စာရာနှင့်ပတ်သက်ပြီး ဓမ္မသစ်ကျမ်းကိုးကားချက်များ

တစ်ဆယ်နှစ်မြောက်ကျမ်းချက်(ရောမ ၄း၁၉)-ဘုရားသခင်၏ ကတိတော်အပေါ် အာဗြဟံ၏ ယုံကြည်ခြင်း၌ စာရာ၏ဝမ်းကြောင်းကို မအောက်မေ့။

တစ်ဆယ့်သုံးမြောက်ကျမ်းချက်(ရောမ ၉း၁၉)-စာရာသည် ကတိတော်ဖြစ်သည့်မေရှိယမွေးဖွား ရာ မျိုးဆက်၏ မိခင်ဖြစ်ကြောင်း ဖော်ပြဖို့ရန် ကမ္ဘာဦးကျမ်း ၁၈း၁၀ ကိုကူးထားပါသည်။

တစ်ဆယ့်လေးမြောက်ကျမ်းချက်(ဂလာတိ ၄း၂၁-၃၁)-(မှတ်ချက်-အရေးကြီးသော၌ကျမ်းချက် ၌ စာရာနာမည် အသုံးမပြုခြင်းကြောင့် ကျမ်းစာရှင်းလင်းချက်တွင်တွေ့မည်မဟုတ်ပါ။ ကန့်လန့်ကူး ကားချက်၊ ယခင်အသိတရားရှင်းလင်းကူးကားချက်၊ (သို့မဟုတ်) ကျမ်းစာအဘိဓါန်တို့က ၎င်းတည်ရှိ ကြောင်းကို သတိပြုစေပါလိမ့်မည်)။

ရှင်ပေါလုသည် စာရာနှင့်ဟာဂရကို ပညတ်တရားနှင့်ကျေးဇူးတော်ချည်နှောင်ခြင်းနှင့်လွတ် မြောက်ခြင်း၊ သွေးသားနှင့်ဝိညာဉ်စသည်တို့ကို ပုံဆောင်ပြသရာ၌ အသုံးပြုပါသည်။ ထိုအရာနှင့်ပတ်သက်၍ စာရာ၌ ကောင်းသောရှုထောင့်ပြသခြင်းဂုဏ်သတင်းရှိသည်။

တစ်ဆယ့်ငါးမြောက်ကျမ်းချက်(ဟေဗြဲ ၁၁း၁၁)-စာရာကိုယ်တိုင်သည် အသက်ကြီးရင့်သည့်အ ချိန်၌ ကိုယ်ဝန်ဆောင်ဖို့ရန် ယုံကြည်ခြင်းကို အသုံးပြုသောသူအဖြစ်တွေ့ခဲ့ရပါသည်။ (အချို့ကျမ်း စာများတွင် ဂုဏ်ယူစရာအားလုံးကို အာဗြဟံအား ပေးပို့ရန် ပြန်ရေးထားကြသော်လည်း ကျွန်ုပ်တို့သည် KJV နှင့် nkjv ကိုပိုစွာနှစ်သက်ကြပါသည်။

တစ်ဆယ်ခြောက်မြောက်ကျမ်းချက်(၁ ပေ ၃း၅-၆)-စာရာသည် ဘုရားသခင်ကိုယုံကြည်အားကိုး သည့်

သန့်ရှင်းသော အမျိုးသမီးများစာရင်း၌ထည့်ပြီး သူမခင်ပွန်း၏ဦးဆောင်မှုကိုလိုက်နာ နာခံသောသူအဖြစ် ရေးသားထားခဲ့ပါသည်။ သူမ၏လုပခြင်း၌ နူးညံ့ငြိမ်သက်းခြင်းသဘောရှိသည်။ (အခန်း၄ယ်၄)။

ပေတရုက ယနေ့တွင်ထိုကဲ့သို့သောအမျိုးသမီးကို"စာရာ၏သမီး"ဟု ခေါ်နိုင်ကြောင်း ပြောပြထားပါသည်။

**အဆင့်သုံး** ။ ဤအဖြစ်အပျက်များကို အကျဉ်းဖော်ပြပြီး သမိုင်းအကြောင်းကို အသေးစိတ်ရှင်းပြပါ။ ကျမ်းပိုဒ်နှင့်နီးစပ်အောင် ကြပ်မတ်ပြီးတရားဝင်အသုံးပြုနိုင်သည့်နေရာတွင်သမိုင်းအကြောင်း (သို့မဟုတ် ရှေးဟောင်းသုတေသနဆိုင်ရာ နားလည်ခြင်းကိုသုံးနိုင်ပါသည်။

စာရာသမိုင်း(ကမ္ဘာ ၁၁း-၁၉)နှင့် စာရာ၏ ဝိညာဉ်ဆိုင်ရာအတိတ်အကြောင်းသည်အဓိကအရေးပါသောအချက်များဖြစ်နိုင်ပါသည်။

သူမ၏ဘဝသမိုင်းသည် စာရံမှစာရာသို့ နာမည်ပြောင်းလဲခဲ့သည့်နေရာ ၁၇း၁၅ မှ ပိုင်းခြားနိုင်ပါသည်။

ဥပုဒ်စာဖြေသင်ခန်းစာ အမျိုးသမီးကျမ်းစာအခန်းက တရားဟောချက်(သို့မဟုတ်)သင်ကြား လေ့လာခြင်း(သို့မဟုတ်)အထုပ္ပတ္တိဆိုင်ရာ တရားဟောခြင်းအားလုံးသည် ဤမှတ်စုကလေးမှဆင်းသက်နိုင်ပါသည်။

## ပြန္စုသိမ်းဆည်းထားခြင်း

ကျွန်ုပ်တို့လူသားအများစုသည် တစ်စုံတစ်ခုကိုရေးသားထားခြင်းမရှိပါ။ လူသားပီပီမေ့ပျောက်ကြပါသည်။ အသက်ကြီးလာသည်နှင့်အမျှ ကျွန်ုပ်တို့၏ "မေ့ညာဉ်"သည် ကျွန်ုပ်တို့၏ မှတ်ညာဉ်ထက် ပို၍ သွက်လက်လှုပ်ရှားသကဲ့သို့ဖြစ်သည်။

၎င်းအတွက်ဖြေရှင်းချက်တစ်ခုမှာ ကျွန်ုတို့၏လေ့လာချက်၊ မေးခွန်းအတွေးစသည်တို့အတွက် မှတ်စုစာအုပ်၌ရေးပြီးသိမ်းဆည်းထားခြင်းဖြစ်သည်။ နှုတ်ကပတ်တော်ကို လေးနက်စွာသဘောထားသည့် ကျောင်းသားသည် ကိုးကားချက်ကျမ်းပိုဒ် ရှင်းပြခြင်း၌ အကူအညီမဂ္ဂဇင်းစာမူများ တရားဟောခြင်း နှင့် သင်တန်းပို့ချခြင်း၌ အထောက်အကူဖြစ်မည့် အခြားသတင်းများကိုဖိုင်ထဲ၌သိမ်းဆည်းထားဖို့ရန် စဉ်းစားနိုင်ပါသည်။

ဖိုင်သိမ်းဆည်းထားခြင်းစနစ်ကို ပုံမှန်အားဖြင့် နှစ်ပိုင်းခွဲခြားနိုင်ပြီး တစ်ခုမှာကျမ်းစာထဲရှိ စာအုပ်အလိုက်ဖြစ်ပြီး အခြားတစ်ခုမှာ အကြောင်းအရာအလိုက်ထားရှိခြင်းဖြစ်သည်။ ပထမတစ်ခု၌ သင်သည် အထောက်အကူဖြစ်သည့် ကျမ်းပိုဒ်ရှင်းပြချက်နှင့်ကျမ်းစာအုပ်သရုပ်ပြချက်များကို စုစည်းထားပါလိမ့်မည်။ အခြားတစ်ခုတွင်ရေးသားထားသည့်အကြောင်းအရာနှင့် ပတ်သက်ပြီး တစ်နေ့နေ့၌ အသုံးလိုမည့်သတင်းများ ပါဝင်ပါလိမ့်မည်။

အများစုက သာမန်ဖိုင်တွဲကိုပို၍နှစ်သက်ကြသည်။ အချို့သည်စာအိတ်အကြီးစားမျိုးကိုသုံးကြသည်။ (၎င်းသည်နှစ်ရှည်ကြာမခံပါ)

သင်ဖတ်သွားခဲ့သောစာအုပ်ထဲမှလိုချင်သောကိုးကားပြောဆိုချက်ကို မိတ္တူကူးပြီးထိုစာရွက်စာတမ်းများကိုစာရေးသူအမည်၊ စာအုပ်အမည်၊ ပုံနှိပ်ထုတ်ဝေသည့် မြို့နှင့်နေရာ၊ ပုံနှိပ်ထုတ်ဝေသည့် ရက်စွဲနှင့် စာမျက်နှာတပ်ဆင်ထားကြပါ။

ဥပမာ

Ironside, Harry A.Expastory Message on Epistle to the Galatians. Loizeauk Brothers, 1941,P.3.

စာရွက်စာတမ်းကို "ညှက်ခြင်း"ဟု တံဆိပ်တပ်ဆင်ထားသောဖိုင်ကြီးအတွင်း စုဆောင်းပြီး တစ်နှစ်တွင်

နှစ်ကြိမ်ခန့်စနစ်တကျစုစည်းပါ။

ဤအကြောင်းအရာများကို နမူနာပြုစုထားသောအရာဖြစ်သည်။ ဤအရာကိုဤသည်မလွဲလိုက်လုပ်ရန်မဟုတ်ဘဲ သရုပ်ဖော်ခြင်းသက်သက်သာဖြစ်သည်။ အချို့သောသူကများစွာအသုံးမလိုသည့် အကြောင်းအရာ၌ ခရေပွင့်သင်္ကေတ(*)ကို တပ်ဆင်ထားပါသည်။ လူတိုင်းသည် ကိုယ်လိုချင်သော အကြောင်းအရာကို ရွေးချယ်ချင်ကြပါလိမ့်မည်-

ကိုယ်ဝန်ပျက်ကျခြင်း
ကောင်းကင်တမန်တော်
ဝန်ချတောင်းပန်ခြင်း
ရှေးဟောင်းသုတေသန
* Arminian အယူဝါဒ
ယုံကြည်စိတ်ချမှု(အာမခံချက်)
ဘုရားမဲ့ဝါဒ
ဘုရားသခင်၏အရည်အသွေး
နှစ်ခြင်းခံယူခြင်း
သမ္မာကျမ်းစာသင်ကြားလေ့လာခြင်း
သမ္မာကျမ်းစာအမျိုးမျိုး
အထုပ္ပတ္တိများ
မွေးဖွားနှုန်းထိန်းချုပ်ခြင်း
* ကယ်ဗင်အယူဝါဒ
သေဒဏ်ပေးခြင်း
ကလေးသူငယ်များ
ခရစ်တော်
ခရစ်ယာန်ဘာသာနှင့်ပတ်သက်သောပညာ
ခရစ်ယာန်အိမ်ထောင်မိသားစု
ခရစ်ယာန်အသက်တာ
ခရစ်ယာန်အမှုတော်ဆောင်ခြင်း
ခရစ္စမတ်
အသင်းတော်
* အသင်းတော်သမိုင်း
နှစ်သိမ့်ခြင်း
ဝန်ခံချက်
စစ်မှုထမ်းရန်ငြင်းဆိုခြင်း
* အကြံပေးခြင်း
* ပဋိညာဉ်
ဖန်ဆင်းခြင်း Vs တိုးတက်ပြောင်းလဲခြင်း
လက်ဝါးကားတိုင်

ယုံမှားကိုးကွယ်ခြင်း
ခရစ်ယာန်ဝတ်ပြုဆရာ
* ဘာသာရေးအုပ်စုများ
မကောင်းဆိုးဝါးပြုစားခြင်း
ဝေငှပေးကမ်းခြင်း ခေတ်ကာလ
ကွာရှင်းခြင်းနှင့်ပြန်လည်အိမ်ထောင်ပြုခြင်း
Ewmanical Movement
အသင်းလူကြီး
ထာဝရအပြည့်ပေးခြင်း
ထာဝရတည်မြဲခြင်း
ကိုယ်ကျင့်သိက္ခာဥပဒေများ
ယုံကြည်ခြင်း
မှားယွင်းသင်ကြားခြင်း
အစာရှောင်ခြင်း
ငွေရေးကြေးရေး
ခွင့်လွှတ်ခြင်းတရား
အသုဘ(မသာချခြင်း)
ဝိညာဉ်ဆုကျေးဇူးများ
ပေးကမ်းခြင်း
ဘုရားသခင်
ကယ်တင်ခြင်းသတင်းကောင်း
ကျေးဇူးတော်
လမ်းပြပို့ဆောင်ခြင်း
အနာရောဂါပျောက်ကင်းစေခြင်း
ဣသရေလအမျိုးတို့၏သမိုင်း
သန့်ရှင်းခြင်းပါရမီ
သန့်ရှင်းသောဝိညာဉ်တော်
လိင်တူဆက်ဆံခြင်း
မှုတ်သွင်းခြင်း
ယုဒလူမျိုး ဧဝံဂေလိဝေငှခြင်း
ခရစ်တော်၏တရားစီရင်ခြင်း ပလ္လင်တော်
ပညတ်တရားနှင့်ကျေးဇူးတော်
လီဘရယ်ဝါဒ/မိုဒီဝါဒ
ခရစ်တော်၏ဘဝအသက်တာ
ဘုရားသခင်ကိုးကွယ်ရာနေ့ထူးနေ့မြတ်
ဘုရားသခင်အုပ်စိုးသောကယ်တင်ခြင်း

ပွဲတော်မင်္ဂလာ
လူသား
⁕ မြေပုံနှင့်ဇယားများ
လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ
အာဇာနည်
နိမိတ်လက္ခဏာများ
အရောရောအနှောနှော
သာသနာပြုခြင်း
မိခင်
ရုပ်ရှင်
တေးဂီတ
⁕ Neo-Orthodoxy
Pentecostal / Charismatics
ဒဿနိကဗေဒ **(Phylosophy)**
ကဗျာ
နိုင်ငံရေး/ဆန္ဒမဲပေးခြင်း
ဆုတောင်းခြင်း
တရားဟောခြင်း
ပရောဖက်ပြုခြင်း
စိတ်ပညာ
ပြည်သူလူထု/ကြော်ငြာ
မေးခွန်းများ
တိတ်ဆိတ်ငြိမ်သက်ချိန်
ချီဆောင်ခြင်း
⁕ ပြန်လည်ပြုပြင်ခြင်း
ရှင်ပြန်ထမြောက်ခြင်း
ဆု
ရောမင်ကေသောလစ်ဝါဒ
စာတန်
သိပ္ပံပညာ
ကျမ်းစာမှတ်ယူခြင်း
ဒုတိယကြွလာခြင်း
ကိုယ့်သိက္ခာနှင့်ကိုယ်ပျော်ရွှင်ခြင်း
လောကနှင့်ကင်းဝေးခြင်း
လိင်(ကာမဆက်ဆံခြင်း)
လက္ခဏာနှင့်အံ့သြဖွယ်ရာများ
အပြစ်

ဝိညာဉ်ဆိုင်ရာအသက်တာ
* အချိန်ကိုထိန်းသိမ်းထားခြင်း
ဝေဒနာခံစားခြင်း
ဥပုဒ်စာဖြေ
တဲတော်
သင်ကြားပေးခြင်း
ရုပ်မြင်သံကြား/အင်တာနက်
စုံစမ်းခြင်း
ကျေးဇူးတော်ချီးမွမ်းခြင်း
အခြားသောဘာသာစကားပြောခြင်း
* ပုံနှိပ်စာတမ်းလေးများ
သုံးပါးတစ်ဆူ
ပုံနှိပ်စက်ရိုက်ပညာ
* အပျိုစင်မှမွေးဖွားခြင်း
လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ
အမျိုးသမီးဆိုင်ရာအမှုတော်
ဘုရားသခင်၏ အံ့ဩဖွယ်လက္ခဏာများ
ကမ္ဘာလောကအခြေအနေ
လောက၌ကိုးကွယ်သည့်ဘာသာများ
ဝတ်ပြုကိုးကွယ်ခြင်း
လူငယ်

## ကျမ်းစာအုပ်၌အမှတ်အသားပြုလုပ်ခြင်း

ကျွန်ုပ်တို့၏ ကျမ်းစာဆိုင်ရာထင်မြင်ချက်အားလုံးကို စနစ်တကျထိန်သိမ်းဖို့ရန် ခေတ်စားနေ သည့် အခြားနည်းလမ်းတစ်ခုမှာ ၎င်းတို့ကိုကျွန်ုပ်တို့ကျမ်းစာအုပ်၏ စာမျက်နှာဘေးကွက်လပ်၌ရေးသားထားခြင်းဖြစ်သည်။

အချို့က ဘုရားသခင်နှုတ်ကပတ်တော်အပြင် မိမိထင်မြင်ချက်ပေးဖို့ရန်ခက်ခဲသည့်ဟု ခံစားနိုင်ပါသည်။ သို့သော် Scofield နှင့် Ryrie ကဲ့သို့သော ကျမ်းစာများ၌နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ကြပြီး ထောင်ပေါင်းမြောက်များစွာသော သူတို့ကအကျိုးခံစားခဲ့ပါသည်။ ခြားနားချက်မှာ ဤသည် သင်ကိုယ်တိုင်ကျမ်းစာအုပ်ဖြစ်ပြီး၊ ဘယ်သောအခါမှ ပုံနှိပ်ထုတ်ဝေမည်မဟုတ်ပါ။

ကျမ်းစာအုပ်ထဲ၌ အမှတ်အသားပြုလုပ်ခြင်းနှင့် ပတ်သက်ပြီးကောင်းသောလုပ်ပုံလုပ်နည်းနှစ်မျိုးရှိသည်။ တစ်မျိုးမှာ-ကျယ်ပြန့်သောဘေးကွက်လပ်ရှိသည့် ကျမ်းစာကိုရရှိပြီး၊ ကျမ်းပိုဒ်ရှင်းပြခြင်းတရားဟောချက်များ(သို့မဟုတ်)ကျမ်းစာသင်တန်းကြားနာရသောအရာများ၊ ထို့ပြင်ကိုယ်တိုင်လေ့လာရသောအရာများကို စာမျက်နှာအောက်ခြေမှာသော်၎င်း၊ စာလုံးသေးသေးဖြင့် သန့်ရှင်းသပ်ရပ်စွာရေးသားထားခြင်းဖြစ်သည်။

အခြားနည်းလမ်းတစ်ခုမှာ-အမှတ်အသားလုံးဝပြုလုပ်မထားသော ကျမ်းစာကိုရရှိပြီး"လတ်ဆတ် သော

မာနာမုန့်”ကို ရရှိဖို့ရန် သင်၏နေ့စဉ်ဝတ်ပြုဆုတောင်းခြင်း၌ အသုံးပြုခြင်းဖြစ်သည်။အမှတ်အသားလုပ်ထားသောကျမ်းစာကို အခြားရည်ရွယ်ချက်များအတွက်အသုံးပြုနိုင်သည်။

## ရောင်စုံဖြင့်အမှတ်အသားပြုလုပ်ခြင်း

သင်၏မှတ်စုစာအုပ်ကို တန်ဖိုးကြီးမားလှသည့် အရောင်လေးရောင်ဖြင့် ပုံနှိပ်ဖို့ရန် အစီအစဉ်မရှိသော်လည်း ရောင်စုံအမျိုးမျိုးကို မိမိရည်ရွယ်ချက်အတွက်အသုံးပြုနိုင်ပါသည်။

ဥပမာ ကောင်းကင်နိုင်ငံအကြောင်းရေးထားသော ကျမ်းချက်များ မှတ်သားဖို့ရန် အပြာရောင်ရွေးနှုတ်ခြင်းအတွက် အနီရောင်၊ လာလတ္တံ့သောနိုင်ငံတော်အတွက် ခရမ်းရောင်၊ ထာဝရအသက် အတွက်အစိမ်းရောင်၊ စသည်ဖြင့် ရွေးချယ်အသုံးပြုနိုင်ပါသည်။ ဖြစ်နိုင်စွမ်းကအဆုံးမဲ့ဖြစ်၏။

## မှတ်စုအမျိုးအစားများ

မိမိကိုယ်တိုင်ခေါင်းစဉ်တတ်ထားသော စာပိုဒ်၊ ကျမ်းစာထဲ၌မရှိသောအရာများသည် ကျမ်းပိုဒ်များနှင့်ကန့်လန့်ကိုးကားချက်များ ရှာဖွေတွေ့ရှိဖို့ရန်များစွာအထောက်အကူပြုပါလိမ့်မည်။ဥပမာ-သတင်းကောင်းစာအုပ် လေးအုပ်ထဲ၌ရှိသော ဆင်တူနိမိတ်လက္ခာများနှင့်အဖြစ်အပျက်များကို အမှတ်အသားပြုလုပ်ဖို့ရန်လွယ်ကူပါသည်။

အသက်ကလုံးဝနားမလည်နိုင်သည့် ခက်ခဲသောစာသားကိုတွေ့သောအခါ စာမျက်နှာဘေးကွက် လပ်၌မေးခွန်းလေးမှတ်သားထားသည့် သတိရစေသောအရာရှိပါလိမ့်မည်၊ အချို့ကျမ်းပိုဒ်များသည် ကျေကျေနပ်နပ်နားလည်ဖို့ရန်နှစ်နှင့်ချည်ပြီးကြာပါလိမ့်မည်။ သို့သော်လည်း ဖတ်ရှုခြင်း၊ လေ့လာခြင်း၊ ကြားနာခြင်း၊ ဆုတောင်းခြင်းများနှင့် စဉ်းစားသကဲ့သို့ကျမ်းစာသည် တစ်ဖြည်းဖြည်းချင်းတိုးပွါးပြီး သူ့ကိုယ်သူဘာသာပြန်အနက် ဖွင့်ပါလိမ့်မည်။ နောက်ဆုံးတွင် ကျမ်းစာ၏အကောင်းဆုံးသော အနက်ဖွင့်ဆိုချက်သည် ကျမ်းစာကိုယ်တိုင်ဖြစ်လာပါသည်။ ထိုအရာအားလုံးသည် အတူတကွ တွဲတွဲနေပါသည်။ အကြောင်းမူကား ပြည့်စုံသောဘုရားသခင်၏ နှလုံးသားမှ ဆက်လက်လုပ်ဆောင်ထားသောအရာဖြစ်ပါသည်။

## အောက်မှမျဉ်းတားထားခြင်း

အဓိကစကားလုံးများ(သို့မဟုတ်)ပြန်ပြောလေ့ရှိသောစကားများကို သာမန်မျဉ်းတားထားခြင်းသည်နောက်တစ်ခါပြန်ကြည့်သောအခါ စာမျက်နှာကို လွယ်ကူစွာ ပြန်တွေ့စေပါသည်။ တစ်ခါတစ်ရံကျမ်းစာကော်လံနှစ်ခု၌ စကားလုံး(သို့မဟုတ်)အကျိုးအကြောင်းဆက်စပ်ကြပါသည်။ ဥပမာ-ပျောက် သောသူ၊ ပျောက်သောသားနှင့် ပျောက်သောဒင်္ဂါးပြား(လုကာ ၁၅)။ ၎င်းတွေးထင်သည့်အရာက စာပိုဒ်ခေါင်းစဉ်ကျမ်းစာသင်ခန်းစာ[(သို့မဟုတ်)တရားဟောချက်၊ အကယ်၍တရားဟောလျှင်]အတွက်ပျောက်ဆုံးခြင်း ဟူ၍တပ်ဆင်ထားပါရန် အကြံပေးနေပါသည်။

## ကိုးကားချက်များစုစည်းခြင်း

တရားဟောဆရာများထံမှကြားရသောအရာများနှင့် ပတ်သက်သည့်အရာများကိုစာအုပ်များ၌ မမေ့ခင်ရေးထားဖို့ရန်အဓိပ္ပါယ်ရှိပြီး သင့်လျော်သောအရာများရှိတတ်ပါသည်။ ၎င်းတို့ကို ၃×၅ ကဒ်ပြားပေါ်မှာရေးပြီးဘူးထဲ၌ထည့်ထားနိုင်ပါသည်။ အခြားခေတ်စားနေသည့် စုစည်းခြင်းမျိုးမှာ ကျမ်းစာ၏အရှေ့ ဖုံးအတွင်းပိုင်းနှင့်အနောက်ဖုံးအတွင်းရှိ စာရွက်ပေါ်၌ စုစည်းရေးထားခြင်းဖြစ်သည်။(စာရွက်အဖြူ ဖြစ်ခဲ့လျှင်)။

Author"s ကျမ်းစာအုပ်၏အဖုံးအတွင်းပိုင်းမှ ဥပမာအနည်းငယ်-

"ကျေးဇူးတင်ရှိခြင်းသည် ဘဝ၌ အချိုသာဆုံးသော ပျော်ရွှင်ခြင်းဖြစ်သည်" Luther

"နှိမ့်ချခြင်း-မိမိကိုယ်မိမိ နားလည်ခြင်းနှင့်ဘုရားသခင်ကိုနားလည်ခြင်း"

"မကောင်းသောလူသားဆက်ဆံခြင်းသည် ဘုရားသခင်အမှုတော်မြတ်ကို အကျိုးယုတ်စေသည်။"

"ဘုရားသခင်၏ အကြံအစည်သည် လူသား၏အကြံအစည်မဟုတ်ပါ"

"နိုးထခြင်း-ပထမပေတရုက ဒုတိယပေတရုံဖြစ်လာသောအခါ"

"သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြင်းထန်စွာရယူခြင်း"။

"မိမိကိုယ်မိမိအာဏာကုန်ရှိခြင်းသည် အပြစ်၏အခြေခံဖြစ်သည်။"

"ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖခင်ဖြစ်ကြောင်းမှန်ကန်ပါသည်၊ သို့သော်လည်းကျွန်ုပ်တို့၏ ဖခင်သည် ဘုရားသခင်ဖြစ်ကြောင်းသည်လည်း မှန်ကန်နေပါသည်။" Williano Kelly.

အကယ်၍မူလအစကိုသိနေခဲ့လျှင် (Luther ESifhKellyကဲ့သို့)ယုံကြည်မှုထားသင့် ပါသည်၊ များစွာသောအကောင်းဆုံးအပြောအဆိုသည် အမည်မသိဖြစ်ကြပါသည်။

## ကျမ်းစာတည်းဖြတ်ခြင်း

ကျွန်ုပ်တို့ကျမ်းစာအဖြစ် ဘာသာပြန်ဆိုထားသည့်ရှေးဟောင်းလက်ရေးစာမူ၌ အပိုဒ်များခွဲခြင်း၊ တပ်ဆင်ခြင်းမရှိခဲ့ပါ။ ဤကဲ့သို့တပ်ဆင်ခြင်းသည် နောက်ပိုင်း၌ရေးကူးခြင်း၊ ဘာသာပြန်ခြင်းနှင့်တည်းဖြတ်ခြင်း အားဖြင့် မှတ်သားထားခြင်းဖြစ်သည်။ ထို့ကြောင့် ၂ ကောရိန္သု ၅း၁၉နှင့်ပတ်သက်ပြီးမေးခွန်း မေးရမည်မှာ"ဘုရားသခင်သည်ခရစ်တော်အထဲ၌ရှိနေလျက်လောကီလူသားတို့၏အပြစ်များကိုမှတ် တော်မမူ" ဟု ဖတ် ရမှာလား''ဘု ရား သ ခင် သည် ခ ရစ် တော် အ ထဲ ၌ ရှိ နေ လျက် လော ကီ သား တို့ ၏ အ ပြစ် များကိုမှတ်တော်မမူ"မှတ်တော်မမူဟုဖတ်ရမှာလား"ပထမစာကြောင်းအရဘုရားသခင်သည်ပြန်လည် သင့်မြတ်ခြင်းအမှုပြီးမြောက်သည့်အချိန်တွင် သူသည် ဒုတိယ(နှင့်ပို၍နှစ်သက်သော)အဓိပ္ပါယ်မှာ ဘုရားသခင်သည် လောကီသားတို့ကို သူ့၌ပြန်လည်သင့်တော်စေပြီး သို့သော်လည်းထိုအမှုကိုသခင်ယေရှု၏ လူသားဖြစ်ခြင်းနှင့်အလုပ်အားဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

## စာလုံးအကြီးဖြင့်ရေးသားခြင်း

အဦးဆုံးဖြစ်သည့် လက်ရေးစာမူ၌ စာလုံးအကြီးနှင့်စာလုံးအသေးဖြင့် ရေးသားခွဲခြားခြင်း မရှိပါ။ တစ်ခါတစ်ရံစကားအဆက်အစပ်ကို ကြည့်ပြီး Spirit (သို့မဟုတ်)သန့်ရှင်းသော ဝိညာဉ် တော်ကိုဆိုလိုသည့် Spirit ဖြစ်ရမလားဟူ၍စီရင်ရပါမည်။

## အခန်းကြီးနှင့်အခန်းငယ်ခွဲခြားခြင်း

ကျမ်းပိုဒ်တစ်ခုကို မည်သည့်နေရာ၌ရှိသည့် အကြောင်းလွယ်ကူစွာသိရှိနိုင်ရန်ရှေးကျမ်း တတ်ပုဂ္ဂိုလ်များက ကျမ်းစာကို အခန်းကြီးအခန်းငယ်ခွဲခြားတပ်ဆင်ပေးထားသောကြောင့် ကျွန်ုပ် တို့သည် ကျေးဇူးတင်လျှက်ရှိပါသည်။ သို့သော်လည်း အခန်းကြီးခွဲခြားခြင်းသည် အတွေးရေစီး ကြောင်းကို တစ်ခါတစ်ရံ ကြားဖြတ်တတ်ပါသည်။ ဥပမာ-မာသဲ ၉း၃၈၊ ၁၀း၁၀း၁၊မာသဲ၁၆း ၂၈၊ ၁၇း၁၊ မဿဲ ၁၉း၃၀၊ ၂၀း၁၊ ရောမ ၁၄း၂၃၊ ၁၅း၁၊ ၁ ကော ၁၀း၃၃၊ ၁၁း၁၊ ၁ ကော ၁၂း၃၀၊ ၁၃း၁၊ ၂ ကော ၄း၁၈၊ ၅း၁၊ ၂ ကော ၆း၁၈၊ ၇း၁။

## တစ်ဦးအတွက်နှင့်အများအတွက်အသုံးပြုခြင်း

King James ကျမ်းစာတွင် Thee, thy, thine စသည့်စကားလုံးတို့သည် တစ်ဦးအတွက်အ သုံးပြုပြီး You,Yours တို့ကို အများအတွက် အသုံးပြုထားပါသည်။ကျမ်းစာအားလုံး၌ဤစကားလုံး များကို အမြဲတမ်းဖော်ပြမထားကြသော်လည်း ကြိယာကိုအသုံးပြုသောအခါ အဓိပ္ပါယ်ပေါက်စေပါ သည်။ ဥပမာအားဖြင့် ၁ကောရိန္သု၁၂း၃၁တွင်ရှင်ပေါလုက"သင်တို့သည်အမြတ်ဆုံးသောဆုကျေးဇူး တော်တို့ကိုအလွန်အလိုရှိကြသည်"ဟုပြောပါသည်။ဤနေရာတွင်သင်တို့ဟူသောစကားလုံးကိုအများ အတွက်အသုံးပြုခဲ့ကြောင်း အဓိပ္ပါယ်ပေါက်စေပါသည်။ ဂရိဘာသာ၌အလိုရှိသည်ဟူသော ကြိယာ သည်အများနှင့်ဆိုင်သော စကားလုံးဖြစ်သည်။ ထို့ကြောင့် ၎င်းသည်တစ်ဦးအတွက်မဟုတ်ဘဲ အား လုံးကို ရည်ညွှန်းနေပါသည်။ တစ်ဦးအတွက်ဆုကျေးဇူးကိုအလိုရှိခြင်းသည် အသုံးမဝင်သောအရာ ဖြစ်သည်။ အကြောင်းမူကား ကယ်တင်ခြင်းရရှိသည့်အချိန်တွင် တစ်ခု(သို့မဟုတ်)ပို၍များစွာရရှိခဲ့ ကြပါသည်။ ဝိညာဉ်တော်က ၎င်းတို့ကိုအလိုတော်ရှိသည့်အတိုင်းဝေငှ၍ပေးသော်မူ၏။ (၁ ကော ၁၂း၁၁)။ သို့သော်လူထုက သင်ကြားပေးခြင်းဆုကျေးဇူးရှိသောသူကို လိုအပ်သည်ဟုခံစားနေပါက ထိုကဲ့သို့သောသူကို ဘုရားသခင်က ပေးပို့ဖို့အလို့ငှါ ဆုတောင်းနိုင်ပါသည်။

## အရိပ်အမျိုးမျိုးနှင့်အဓိပ္ပါယ်

များစွာသောစကားလုံးတို့သည် အဓိပ္ပါယ်အမျိုးမျိုးကွဲပြားကြပါသည်။ ဥပမာ-"ပြည့်စုံသော" စကားလုံးသည် အဓိပ္ပါယ်အမျိုးမျိုးဖြင့် သုံးကြပါသည်။ ရှင်(စာသဲ ၅း၄၈)တွင် ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့ဖခင်သည် ပြည့်စုံသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ပြည့်စုံဖို့ရန်ပြောပါသည်။ ၎င်းအဓိပ္ပါယ်မှာ ဘုရားသခင်ကဲ့သို့ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်သည့် အကူအညီများကို မျှတစွာဝေငှသင့်ပါသည်။ ၎င်းအဓိပ္ပါယ်မှာ ဝိညာဉ်ဆိုင်ရာ ရင့်ကျက်ခြင်းဖြစ်လေ့ရှိပါသည်။ ယေဘူယျအားဖြင့်အကြောင်းအရာက အဓိပ္ပါယ်ဆုံးဖြတ်ပါသည်။ ဤလောက၌ရှိသော ယုံကြည်သူများအတွက် အသုံးပြုသည့်အချိန်တွင် အပြစ်ကင်းရှင်းခြင်းကို ဘယ်သောအခါမှမဆိုလိုပါ။

## အရေးကြီးသော သော့ချက်သုံးချက်
## ဣသရေလနှင့်အသင်းတော်

နောက်ဆုံးအခန်းမှာ ကျမ်းစာကိုသင့်လျော်စွာ နားလည်ဖို့ရန်အတွက် အရေးကြီးဆုံးဖြစ်သည့် အချက်သုံးချက်ဟု ကျွန်တော်ထင်ထားသောအရာကို ဖော်ပြလိုပါသည်။ ၎င်းတို့မှာ-ဣသရေလနှင့် အသင်း တော်ခြားနားချက် ကာလပိုင်းခြားမှုကိုပြသခြင်းနှင့်ကျမ်းစာကို စာသားအရ ဘာသာပြန်ဆိုခြင်းစသည်တို့ဖြစ် ပါသည်။

ကျမ်းစာကိုသင့်လျော်စွာ နားလည်ဖို့ရန် အရေးကြီးဆုံးသော့ချက်များအနက် တစ်ခုသောအချက် မှာ ဣသရေလနှင့်အသင်းတော်ခြားနားချက်ရှင်းလင်းခြင်းဖြစ်သည်။ ဤခြားနားချက်ကိုနားမလည်ခြင်းက ဆန့်ကျင် ခြင်းနှင့်ရှုပ်ထွေးခြင်းမျိုးစုံဖြစ်စေပါသည်။

၁ ကောရိန္သု ၁၀း၃၂ တွင် ရှင်ပေါလုက လူသားအားလုံးကို ယုဒလူ၊ ဟေလသလူနှင့်ဘုရား သခင်၏အသင်းတော်ဟူ၍ ခွဲခြားထားပါသည်။ ဤနေရာတွင်ယုဒလူ(မယုံကြည်သူ)နှင့် အသင်းတော် ဟူ၍ ရှင်းလင်းစွာ ခွဲခြားထားပါသည်။ ရှင်ယာကုပ်ကလည်းတမန်တော်ဝတ္ထု ၁၇ ထဲ၌ အသင်းတော် နှင့် ဣသရေလ ကြားမှာလိုင်းကြောင်းဆွဲထားပါသည်။ (အသင်းတော်-မိမိနာမတော်အဘို့ အခန်းငယ် ၁၄၊ ဣသရေလ-

ပြန်လည်တည်ဆောက်ထားသော ဒါဝိဒ်၏တဲတော်၊ အခန်းငယ် ၁၆။

ဣသရေလလူမျိုးတို့သည် ဘုရားသခင်ရွေးချယ်ထားသောသူများဖြစ်ပါသည်။ အာဗြဟံမှ စတင်သော လူမျိုး(ကမ္ဘာ-၁၂) နှင့်ဇာတိမွေးဖွားခြင်းအားဖြင့် ဝင်ရောက်သောသူများဖြစ်ပါသည်။မယုံကြည်ခြင်းကြောင့် ဣသရေလအမျိုးမျိုးတို့သည် ယခုတွင်ဘုရာသခင်၏ခဏတာပစ်ပယ်ခြင်းခံရပါသည်။(ရောမ ၁၁း၁၅)။

အသင်းတော်သည် ဘုရားသခင်ရွေးချယ်တော်မူသော ကောင်းကင်နိုင်ငံသားများဖြစ်သည်။(၁ ပေ ၂း၉) ၎င်းသည် Pentecost နေ့မှစပြီး အသစ်မွေးဖွားခြင်းအားဖြင့် ဝင်ရောက်သောသူများဖြစ်သည်။ ၎င်းသည် ဣသရေလအမျိုး၏ နောက်ဆက်တွဲမဟုတ်ဘဲ လုံးဝအသစ်ဖြစ်သောအဖွဲ့အစည်း၊ အသက်ရှင်နေထိုင်ခြင်း မရှိခဲ့ဖူးသောသူများဖြစ်သည်။ဤလောက၌ခရစ်တော်ရှိနေစဉ်တွင် သူ၏အသင်းတော်အကြောင်းကို အနာဂတ်သဘောဖြင့်ပြောထားခဲ့ပါသည်။(“ငါ့အသင်းတော်ကို ငါတည်ဆောက်မည်” မဿဲ ၁၆း၁၈)ကောရိန္တုများထံသို့ ရှင်ပေါလုက ပထမအကြိမ်စာရေးသည့်အချိန်တွင် အသင်းတော်သည် တည်ထောင်ခဲ့ပြီးသားဖြစ်ပါသည်။ (၁ ကော ၁၂း၁၃)။

ဣသရေလအမျိုး၌ ယစ်ပုရောဟိတ်အမျိုးကို လေဝိသားအမျိုးနွယ်(တရား ၁၈း၁၅)နှင့်မိသားစုတစ်ခု (ထွက် ၂၈း၁)ဟူ၍ သတ်မှတ်ထားပါသည်။ အသင်းတော်၌မူ ယုံကြည်သူအားလုံးသည် ယစ်ပုရောဟိတ်နှစ်မျိုး စလုံးဖြစ်ကြပါသည်။(၁ ပေ ၂း၉၊ ဟေဗြဲ ၁၀း၁၉-၂၂)။

ဣသရေလအမျိုးသည် ဘုရားသခင်ဖွင့်ပြခြင်းမှအပ လူသားအားဖြင့်မသိနိုင်သော “လျှို့ဝှက်သဲဖို” မဟုတ်ဘဲ၊ ယခုတွင် လူ့ဇာတိသားများအဖြစ် သိမှတ်ခဲ့ကြသောသူများဖြစ်ပါသည်။ အသင်းတော်သည်သာလျှင် လျှို့ဝှက်အကြံအစည်ဖြစ်ပြီး ယခုတွင်ဓမ္မသစ်ကျမ်းခေတ်၏ တမန်တော်များနှင့် ပရောဖက်များအားဖြင့် သိမြင်ခဲ့ သောသူများဖြစ်ပါသည်။ (ဧဖက် ၃း၅ ၊ ၉၊ကော ၁း၂၅-၂၆၊ရောမ ၁၆း၂၀-၂၆)။

ပညတ်တရားအောက်တွင် ယုဒလူမျိုးနှင့်ဟေလသလူမျိုးအကြားတင်းကျပ်စွာ ခွဲခြားခြင်းလိုအပ်ပါ သည်။ ဟေလသလူမျိုးတို့သည် ခရစ်တော်မသိ ဣသရေလ အပေါင်းအသင်း၌မဝင်၊ ဂတိတော်ပါသော ပဋိညာဉ်တရားတို့နှင့်မဆိုင်၊ မျှော်လင့်ခြင်းမရှိ ဘုရားမဲ့နေသောသူများဖြစ်ပါသည်။(ဧဖက် ၂း၁၂)။ အသင်းတော်၌မူ ယုံကြည်သောယုဒလူမျိုးနှင့်ဟေလသလူမျိုးတို့ကို ခရစ်တော်၌ရှိသောဘုရားသခင်၏ ကတိတော်ကို ကယ်တင်ခြင်းသတင်းကောင်းအားဖြင့် အတူတကွခံစားသူများဖြစ်ကြပါသည်။(ဧဖက် ၃း၆)။ ထိုကဲ့သို့သောစည်းလုံးခြင်းသည် ဓမ္မဟောင်းကျမ်းထဲ၌ စဉ်းစား၍မရသောအရာဖြစ်သည်။

ကတိတော်ဟောင်းအောက်မှ ယုံကြည်သူ ယုဒလူမျိုးတို့သည်ကောင်းကင်နိုင်ငံဆိုင်ရာ မျှော်လင့် ခြင်းရှိသော်လည်း ကတိတော်ပေးထားသည့် ကောင်းကြီးမင်္ဂလာများသည် လောက၌ခံစားရသောကြီးမားသည့် ဥစ္စာဓန ကောင်းကြီးများဖြစ်ကြပါသည်။(ဥပမာအဖြစ် တရား ၇း၁၂-၁၆ ၊ ၈း၇၉ ၊ ၂၈း၁-၁၄ ကိုကြည့်ပါ)။ အသင်းတော်၌ပါဝင်သောသူတို့သည် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောဝိညာဉ်ဆိုင်ရာ ကောင်းချီးမင်္ဂလာတို့ကို ပေးတော်မူ၏(ဧဖက် ၁း၃)။

ဣသရေလတို့သည် အသစ်သောကောင်းကင်နှင့်မြေကြီးတည်ထောင်သည့်အချိန်တွင် ဤလောက၌ ခရစ်တော်၏နိုင်ငံတော်၊ ဆုံးသည့်တိုင်အောင် ဆက်လက်နေထိုင်ကြမည်။ အသင်းတော် သည် ဤလောက၌ ခရစ်တော်က သူ၏သားသမီးများကို ခမည်းတော်အိမ်တော်၌ ယူဆောင်သွားဖို့ အလို့ငှာ ကြွရောက်လာသည့် ချီဆောင်ခြင်းအချိန်ထိသာ နေထိုင်ရမည်။(ယော ၁၄း၁၃၊ ၁သက်သေ ၄း၁၃-၁၈)။

ဣသရေလနှင့် အသင်းတော်နှိုင်းယှဉ်ချက်မြောက်များစွာရှိသော်လည်း ဤနှစ်ခုအကြောင်းကို မရော ယှက်ဖို့ရန် ဤဖော်ပြချက်များသည် လုံလောက်သင့်ပါသည်။

ဣသရေလနှင့် အသင်းတော်ထပ်တူဖြစ်သည့်သဘောကို ဖော်ပြထားသောကျမ်းချက်တစ်ခုနှစ်ခု ရှိသောကြောင့် “အောက်ပါမှတ်ချက်များကို ပေါင်းထည့်ထားပါသည်။

ဂလာတိဩဝါဒစာ ၆း၁၆ တွင် ရှင်ပေါလုပြောသည်မှာ-

ဤနည်းဥပဒေသ(၎င်းသည် အခန်းငယ် ၁၅ ရှိ အသစ်သောဖန်ဆင်းခြင်းနည်းဥပဒေဖြစ်သည်)၊

အတိုင်းကျင့်သောသူရှိသမျှတို့အပေါ်၌၎င်း၊ ဘုရားသခင်၏ ဣသရေလ အမျိုးအပေါ်၌၎င်း၊

ငြိမ်သက် ခြင်းနှင့်သနားတော်မူခြင်းသက်ရောက်ပါစေသော။

ဤနေရာတွင် ယုံကြည်သူ ယုဒလူမျိုးတို့ကို ဖြောင့်မတ်ခြင်းအတွက် ပညတ်တရားနှင့်ကျေးဇူးတော်ကို ရောနှောဖို့ကြိုးစားထားသော မှားယွင်းစွာ သွန်သင်ပေးသောသူသည် စစ်မှန်သော ဣသရေလ ဖြစ်ကြောင်းပြောကြားကြသော်လည်း တမန်တော်က“မဟုတ်ပါစစ်မှန်သော ဣသရေလတို့သည် ပညတ်တရားအားဖြင့်မဟုတ်ဘဲ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိခဲ့သောယုဒ လူမျိုးများ ဖြစ်ကြသည်”ဟုပြောပါသည်။

သတေဖန်က ဣသရေလအမျိုးကို အသင်းတော်ကဲ့သို့(KJV)သို့မဟုတ် လူထု(u KIV)ကဲ့သို့တောထဲ၌ရှိကြောင်းပြောခဲ့ပါသည်။(တမန်တော်၇း၃၈)။အသင်းတော်(ekklesia) အဓိပ္ပါယ်မှာ ရွေးနှုတ်တော်မူသော လူစု(သို့မဟုတ်)စုဝေးသောလူဖြစ်ပါသည်။တမန်တော်ဝတ္ထု၁၉း၃၂ တွင် ဘာသာမဲ့ ပရမ်းပတာလူစုဟူ၍ပင် ဖော်ပြထားပါသည်။ ၎င်းကဘုရားသခင်အသင်းတော်ကိုရည်
ညွှန်းသည့်အချိန်တွင် စကားအဆက်အစပ်ကို ဆုံးဖြတ်ပါသည်။

ဓမ္မဟောင်းကျမ်းတွင် အသင်းတော်သည် သင်္ကေတ(သို့မဟုတ်)လက္ခဏာအဖြစ်မှလွဲ၍ မတွေ့ ရပါ။ ၎င်းကို“သံလွင်အကြောင်းဟောပြောခြင်းသော့ချက်”၌လည်းမတွေ့ရပါ။ ထို့ပြင် ဗျာဒိတ်ကျမ်း အခန်းကြီး-၃ နောက်ပိုင်းတွင် ဤလောက၌အသင်းတော်မတွေ့ရတော့ပါ။

၁ ကောရိန္သု ၁၅း၅၂ ရှိနောက်ဆုံးတံပိုးမှုတ်သံသည် အသင်းတော်အတွက်ဖြစ်သည်။ ၎င်းသည် အသင်းတော်ချီဆောင်ခြင်းအကြောင်း ကြေညာနေသည့်တံပိုးမှုတ်သံဖြစ်သည်၊ ဗျာဒိတ်ကျမ်း၁၁း၁၅ ရှိ ခုနစ်ကြိမ်မြောက်တံပိုးမှုတ်သံသည် ဘေးဒဏ်ကြီးကာလပြီးဆုံးကြောင်းနှင့် ခရစ်တော်၏နိုင်ငံတော် ကို လောက၌ပွင့်လှစ်ကြောင်း အချက်ပေးသောအသံဖြစ်သည်။

ရှင်မာသဲ ၂၄း၂၈ ရှိ ရွေးကောက်သောသူများသည် ဘေးဒဏ်ကြီးကာလအတွင်း၌ ဘုရားသခင် ရွေးချယ်ထားသော ယုဒလူမျိုးများဖြစ်သည်။ထိုသူတို့သည် အသင်းတော်၌ပါဝင်သော ရွေးကောက်တော် မူသည့် သူများနှင့်မတူကြပါ။( ၁ ပေ ၁း၂ ၊ ၂း၉ )။

## ကာလပိုင်းခြားခြင်း

ကာလပိုင်းခြားကွဲပြားခြင်းကိုလည်း ခွဲခြားသိမြင်နိုင်ပါသည်၊ ဘုရားသခင်က မပြောင်းလဲသော် လည်း လူသားနှင့်ပတ်သက်သည့် သူ၏နည်းဗျူဟာသည် ပြောင်းလဲတတ်ပါသည်။ ကျွန်ုပ်တို့ကို တိရိစ္ဆာန် ယဇ်ပူဇော်ခြင်းမပြုစေလိုသော အချက်သည် ကာလပိုင်းခြား ကွဲပြားခြင်းရှိကြောင်းကို ပြသနေပါသည်။ကျွန်ုပ်တို့သည် ကျမ်းစာထဲမှ ကောင်းသောအရာဟူသမျှကို ရရှိနိုင်သော်လည်း ကျွန်ုပ်တို့အတွက် အရာအားလုံးသည် ရေးထားခြင်းမရှိပါ၊ “စာအုပ်ထဲ၌ရှိသောကတိတော်အားလုံးသည် ကျွန်ုပ်အတွက် အခန်းကြီးအားလုံး၊အခန်းငယ် အားလုံး၊ စာကြောင်းအားလုံး”ဟု သီဆိုရသောသီချင်းဟောင်းတစ်ပုဒ်သည် ဘာသာတရားကိုင်းရှိုင်းခြင်းနှင့် စည်းချက်မညီသည့်အသံထွက်နေပါသည်။ ၎င်း၌ အပြစ်အနာအဆာ တစ်ခုရှိပါသည်-၎င်းသည်မမှန်ကန်ပါ။ ကတိတော်အားလုံးသည် ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသောအရာမဟုတ်ပါ။ ဥပမာ-ဘုရားသခင်က ဟာဗြဟံကို မြေထဲပင်လယ်မှ ယူဖရိတီး(စ်)မြစ်အထိ ကတိပေးထားပါသည်။ ၎င်းသည်ဣသရေလအမျိုး အတွက်ဖြစ်ပြီး အသင်းတော်အတွက်မဟုတ်ပါ။

မတူညီသောခေတ်ကာလများ၌ ဘုရားသခင်သည် လူသားကိုမတူညီသောအခြေအနေအောက် မှာ စမ်းသပ်ခဲ့ကြပါသည်။ မတူညီသည့်၎င်းအုပ်ချုပ်ရေးကို ကျွန်ုပ်တို့က အမျိုးမျိုးကွဲပြားခြင်းဟုခေါ်ပါ သည်။ (ကာလပိုင်းခြားကွဲပြားခြင်းကို ဘာသာပြန်ထားသည့် စကားလုံးသည် ကျွန်ုပ်တို့စကားလုံးဖြစ် သည့် စီးပွါးရေး၏ဇစ်မြစ်ဖြစ်သည်)။

၎င်းသည် ပျမ်းမျှမိသားစု၌ ဖြစ်ပျက်နေသည့်အရာနှင့်ဆင်တူဖြစ်ပါသည်။ အကြင်လင်မယား နှစ်ယောက်သည် ပထမလက်ထပ်သည့်အချိန်တွင် အချိန်ဇယားတစ်စုံတစ်ခုရေးဆွဲထားပါသည်။ ကလေးမွေးဖွားလာသည့်နောက်ပိုင်းတွင် အစီအစဉ်သစ်ဖြစ်ပေါ်လာပါသည်။ သို့သော်လည်း ကလေးသည် ငါးနှစ်၊ ခြောက်နှစ်ဖြစ်လာသည့်အချိန်တွင်ပြန်၍ ပြောင်းလဲနေပါသည်။ ကျွန်ုပ်တို့အားလုံးသိသကဲ့သို့ ကလေးများသည် ဆယ်ကျော်သက်အရွယ်ဖြစ်လာသည့်အချိန်တွင် အခြေခံပြောင်းလဲခြင်းရှိပါသည်။

ကျယ်ပြန့်စွာ သင်ကြားပေးခဲ့သော ကာလပိုင်းခြားခြင်း ခုနှစ်ခုတို့မှာ-

### ၁။ အပြစ်ကင်းစင်ခြင်း

ပထမလူသား အာဒံက အပြစ်မကျူးလွန်ခင်မှာ ရှုပ်ယှက်ခတ်ခြင်းမရှိဘဲ ဘုရားသခင်နှင့် မိတ်သဟာယ ဖွဲ့ပြီး အတူတကွသွားလာနေပါသည်။ အပြစ်ကင်းစင်နေသရွေ့ ဥယျာဉ်တော်ထဲ၌ ဆက်လက်ရှင်သန်ရပါမည်။ သို့သော် အာဒံနှင့်ဧဝတို့၏ ပုန်ကန်မှုက ဤကဲ့သို့ငြိမ်းချမ်းလှပသော အထူးခွင့်ပြု ချက်ကိုအဆုံးသတ်ခဲ့ပါသည်။

### ၂။ အသိတရား(အကောင်းအဆိုးခွဲခြားသိသည့်စိတ်)

အပြစ်ဝင်ရောက်ခြင်းနှင့်အတူ အခြေအနေသစ်ဖြစ်ပေါ်ခဲ့ပါသည်။ မိတ်သဟာယဖွဲ့ခြင်း ပျက်စီးသွားပြီး အာဒံနှင့်ဧဝကို ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခဲ့ပါသည်။ သူတို့ကအပြစ်ရှိသောသူသည် သန့်ရှင်းသောဘုရားကို အစားထိုးယဇ်ပူဇော်ခြင်းအခြေခံမှစတင်လျှင် ချဉ်းကပ်နိုင်ကြောင်းနားလည်ခဲ့ပါသည်။

### ၃။ လူ့သားအစိုးရ

တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေသော ကြီးမားသည့်ရေလွှမ်းမိုးခြင်းဖြစ်ပြီးနောက် ဘုရားသခင်က လူ့အသက်ကို သတ်သောသူကို သေဒဏ်ပေးနေသည့်အချိန်တွင် သူကလူသားအစိုးရကို သက်သွင်းခဲ့ပါသည်။ ကျမ်းစာက ကွက်ကွက်ကွင်းကွင်းဖော်ပြမထားသော်လည်း ဤဒဏ်ပေးခြင်းသည် မိသားစု သွေးသား၊ ရန်ငြိုးဟောင်းကို အပြစ်မပေးနိုင်သော်လည်း အပြစ်ကိုမှန်ကန်ကြောင်းသက်သေပြနိုင်သည့် နေရာ၌ သင့်လျော်သော အစိုးရစမ်းသပ်ချက်သဘော၏ အဖြေအားဖြင့်အပြစ်ပေးနိုင်ပါသည်။

### ၄။ ကတိတော်

အာဗြဟံမှစ၍ ဘုရားသခင်က ဘာသာရေးခေါင်းဆောင်များနှင့် ဣသရေလအမျိုးတို့ဆီမှာ များပြား သော ကတိတော်ပေးခဲ့သည့်အချိန်တွင် ခမ်းနားကြီးကျယ်စွာဖွင့်လှစ်ခဲ့ပါသည်။

### ၅။ ပညတ်တရား

ထို့နောက် ထွက်မြောက်ရာကျမ်း ၂၀ မှစ၍ ဓမ္မဟောင်းကျမ်းအဆုံးအထိ ဘုရားသခင်၏ လောက လူသားများသည် ပညတ်တရားအောက်မှာ စမ်းသပ်ခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးသည် လူသားသည် မိမိကြိုးစားအားထုတ်မှုကြောင့် ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို မရရှိနိုင်ကြောင်းကို၎င်း၊

သူ၏ပြစ်ဒဏ်ချခြင်းအတွက်သော်၎င်း၊ ကယ်တင်ခြင်းရရှိဖို့ရန်အတွက် သူသည်ဘုရားသခင်ထံသွားရမည့်အကြောင်းကို ၎င်းပြသဖို့ရန် စီစဉ်ထားခြင်းဖြစ်ပါသည်။သူတို့အပြစ်အတွက်အဓိကပေးခြင်းဖြစ်သည်။

### ၆။ **အသင်းတော်**

"အကြောင်းမူကား ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်တော်အားဖြင့်ဖြစ်သနည်း"(ယော ၁း၁၇) ယခုအချိန်တွင် အသင်းတော် သည် ဘုရားသခင်၏ အသစ်သောအဖွဲ့အစည်းဖြစ်ပြီး ဒဏ်ပေးခြင်းနှင့်တွဲကပ်နေသည့် ပညတ်တရား အောက်၌မရှိဘဲ အစ၏အသစ်သောစည်းကမ်းဥပဒေအောက်၌ ခရစ်တော်နှင့်အတူရှိနေပါသည်။

အသင်းတော်ချီဆောင်ခြင်းကိုလိုက်၍ ဘုရားသခင်က သူ့သားတော်ကို ကွပ်မျက်ခဲ့သော လောက၌ သူ၏တရားစီရင်ခြင်းကို သွန်းလောင်းပါလိမ့်မည် ဘေးဒဏ်ကြီးကာလဟု ကြားသိရသော ၎င်းအုပ်ချုပ်ရေးသည် ခုနှစ်နှစ်ကာလကြာမြင့်ပါလိမ့်မည်။ နောက်ဆုံးကာလတစ်ဝက်သည် လောကလူသားတို့က ကြုံခဲ့ဖူးသော (သို့မဟုတ်)ကြုံရလိမ့်မည်။ အဆိုးဆုံးသောခက်ခဲခြင်း ပြဿနာဖြစ်သည့် ဘေးဘက်ကြီးကာလဖြစ်လိမ့်မည်။

### ၇။ **အနှစ်တစ်ထောင်ကာလ**

အနှစ်တစ်ထောင်ကာလ(သို့မဟုတ်)ခရစ်တော်၏ အနှစ်တစ်ထောင်အုပ်စိုးခြင်းသည် ငြိမ်သက်ခြင်းနှင့် အောင်မြင်ခြင်းအားဖြင့်ထူးခြားမှုကိုဖော်ပြရမည့် ကာလအပိုင်းအခြားဖြစ်ပါသည်၊၎င်းသည်အမြဲတမ်း ရွှေခေတ် ဖြစ်ပါသည်။အချို့သောသူကထာဝရတည်မြဲသောဘုရားသခင်၏ နောက်ဆုံးကာလ အပိုင်းအခြား ဖြစ်သည် ဟုယူဆကြသည်။အပြစ်၊ ဝမ်းနည်းခြင်း၊ နာကြင်ခြင်းနှင့်သေဆုံးခြင်းတို့သည် ဖျက်သိမ်းကြမည်ဖြစ်ပြီး ယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူကောင်းကင်ဘုံ၌ ထာဝရဝင်စားကြမည်ဖြစ်ပါသည်။

လူကြိုက်များသောစွပ်စွဲချက်ကို ဆန့်ကျင်သောအားဖြင့်ကာလပိုင်းခြားသောသူတို့က ခြားနားသော ခေတ်၌ ခြားနားသောသတင်းကောင်းရှိသည်ဟု မယုံကြည်ကြပါ၊ကယ်တင်ခြင်းသည် ကာရနိတောင်ကုန်းပေါ်ရှိ လက်ဝါးကားတိုင်လုပ်ဆောင်ချက်အပေါ်၌အခြေခံပြီး ကိုယ်တော်ရှင်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခဲ့ ကြသည်။ ကျွန်ုပ်တို့ လက်လှမ်းမှီသလောက် ပြောရမည်ဆိုပါက အစားထိုးလျက်အသေခံခဲ့သော ကယ်တင်ရှင် အကြောင်းကို သူတို့ကနားမလည်ကြပါ။ ၎င်းသည် အနာဂတ်အချိန်၌သာရှိပါသည်၊ သို့သော်လည်း ဘုရား သခင်က ၎င်းကို နားလည်ပြီး သူတို့ကယုံကြည်သည့် အချိန်၌ ခရစ်တော်၏လုပ်ဆောင်ချက်ကို သူတို့စာရင်း ထဲ၌ထည့်ပေးထားပါသည်ယနေ့တွင်ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်၌ သေဆုံး ခံခဲ့သော ကယ်တင်ရှင်အပေါ်၌ ထားကြပါသည်။

ဥပမာအားဖြင့် စစ်မှန်သောကာလပိုင်းခြားခြင်းကို အသုံးပြုခြင်းသည်။ အဘယ်ကြောင့် ကျွန်ုပ် တို့သည် ယနေ့တွင် တိရိစ္ဆာန်ယဇ်ပူဇော်ခြင်းကို မပေးရသောအကြောင်းနှင့်အဘယ်ကြောင့် ဓမ္မဟောင်းကျမ်း ပညတ် တရားတော်ရှိ သန့်ရှင်းသောအစားအစာနှင့်မသန့်ရှင်းသော အစားအစာနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အတွက် အသုံးမဝင်သောအကြောင်းကို ရှင်းပြဖို့ရန်ကူညီပေးပါသည်၊ သို့သော်အစွန်းရောက် ကာလပိုင်းခြားခြင်းသည်။ ဝိညာဉ်ဆိုင်ရာ သင်ကြားပေးခြင်းနှင့် ပြည့်စုံသော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ထံမှ ခိုးယူနိုင်ပါသည်။

## နိဂုံး

ကျွန်ုပ်တို့သည်မြောက်များစွာသော သော့ချက်များကိုတွေ့ခဲ့ပြီးဖြစ်ပါသည်။အချို့သည်ယေဘူယျ အားဖြင့် အချို့သည်တိကျစွာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖွင့်ပြရာတွင်ကူညီကြပါသည်၊ ကံကောင်း

စွာဖြင့် ကျမ်းပိုဒ်တိုင်း၌အားလုံးမလိုအပ်ကြပါ။

## သော့ချက်များကိုအသုံးပြုရာတွင် ယုတ္တိဗေဒနည်းခြေလှမ်းများ

ကျော်ကြားထင်ရှားသော အနာဂတ်ဖြစ်ရပ်များတွေးခေါ်ထားသည့်ခရစ်ယာန်အဖွဲ့သည်ကျမ်းစာ ကိုသင်ယူလေ့လာသောသူများဖြစ်သည်။ ထုံးစံအားဖြင့် ဘာသာပြန်ဆိုသူ စကားပြေပြန်ဆိုသူများရှိပါသည်။ တစ်ခါတစ်ရံ စာမူကိုအဝိုင်းဖြင့်ဖတ်ပြီး သူတို့၏ထင်မြင်ချက်များပေးကြပါ သည်။"ဤအရာသည် ကျွန်ုပ်အတွက်--------------နှင့်ပတ်သက်ပြီး ကျွန်တော်သည်ပို၍သတိထားသင့်ပါသည်။

၎င်းသည်စစ်မှန်သော ကျမ်းစာသင်ကြားပေးခြင်းကို ရရှိစေသောနည်းဗျူဟာမဟုတ်ပါ။ ၎င်းအဖွဲ့တို့သည် ပထမ ခြေလှမ်းဖြစ်သည့် လေ့လာခြင်း(မကြာခဏပြုလုပ်ခြင်းမရှိဘဲ)မှ နောက်ဆုံးခြေလှမ်းဖြစ်သည့်"ကျွန်ုပ်အတွက်မည်ကဲ့သို့အဓိပ္ပါယ်ရှိသနည်း"(သို့မဟုတ်)လက်တွေ့အသုံးချရမည်၊ သို့သော်လည်း ဆက်စပ်စဉ်းစားရမည့်အကြောင်းဆိုလိုရင်းကို မှန်ကန်စွာတွေ့ရှိပြီးမှသာလျှင် အသုံး ပြုရပါမည်။

ထိုအံ့ဖွယ်ရာ၊ ဘုရားသခင်၏ အံ့သြဖွယ်နှုတ်ကပတ်တော်။
သူ့စာမျက်နှာက စစ်မှန်သောပညာကိုဖြန့်ကာ။
ကျွန်ုပ်တို့သည် ထောင်နှင့်ချည်ပြီး ဖတ်ကြသော်လည်း
ဘယ်သောအခါမှ မနှောင်းနိုင်သောအရာ။
စာကြောင်းတိုင်း၌ တန်ဖိုးရတနာရှိပြီး ပုလဲအလားကတိတော်ရှိကြပါသည်။
အကယ်၍ ၎င်းတို့သည် လုံခြုံစိတ်ချရမည်ဆိုလျှင်
ထို့ပြင်အချိန်နှင့်လောကပျက်စီးသွားသည့်အချိန်၌ပင်
ဘုရားသခင်၏ နှုတ်ကပတ်တော် တည်မြဲလျက်ရှိကြောင်း ကျွန်ုပ်တို့သိကြ၏။